International IDEA — Institute for Democracy and Electoral Assistance

The University of Edinburgh

PeaceRep — Peace and Conflict Resolution Evidence Platform

Edinburgh Centre for Constitutional Law

# ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းလုပ်ငန်းများ ကျရှုံးရခြင်းနှင့် လေ့လာစရာ သင်ခန်းစာများ

ဆွေးနွေးပွဲ စာတမ်း ၂/၂၀၂၃

# ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းလုပ်ငန်းများ ကျရှုံးရခြင်းနှင့် လေ့လာစရာ သင်ခန်းစာများ

## ဆွေးနွေးပွဲ စာတမ်း ၂/၂၀၂၃

*Kimana Zulueta-Fülscher*

**International IDEA**
စတွန်းစ်ဘော့ဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်- +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ်   - www.idea.int

© ၂၀၂၃ ခုနှစ် ၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့
© ၂၀၂၃ ခုနှစ်၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည်။

International IDEA (ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေးနိုင်ငံတကာအဖွဲ့) မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံအလိုက် အကျိုးစီးပွားများ သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားများ မစွက်ဘဲ သီးခြားလွတ်လပ်မှုရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများသည် International IDEA ၏ ရှုမြင်ပုံများ သို့မဟုတ် ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ ရှုမြင်ပုံများ ဖြစ်သည်ဟု ယတိပြတ် မဆိုနိုင်ပါ။

တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ ပိုင်ဆိုင်သော ရုပ်ပုံများနှင့် ဓာတ်ပုံများမှတပါး ဤစာအုပ် အီလက်ထရောနစ် ထုတ်ဝေမှုကို Creative Commons Attribution-NonCommercial-ShareAlike 3.0 (CC BY-NC-SA 3.0) လိုင်စင်ဖြင့် ရရှိနိုင်ပါသည်။ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ပေးပို့ခြင်း၊ ရှေ့နောက်ပြန်လည် စီစဉ်ခြင်း၊ လိုက်လျောညီထွေ ပြုပြင်ခြင်းများကို စီးပွားဖြစ်ရောင်းချရန် မဟုတ်ပါက သင့်တော်သော အရင်းအမြစ်ဖော်ပြချက်များ ထည့်သွင်းလျက် တူညီသောလိုင်စင် (ခွင့်ပြုချက်) ထပ်ဆင့်ပေးအပ်လျက် လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါသည်။ နောက်ထပ် သိရှိလိုပါက Creative Commons ဝက်ဘ်ဆိုက် <http://creativecommons.org/licenses/by-nc-sa/3.0/> တွင် လေ့လာနိုင်ပါသည်။

**International IDEA**
စတွန်းစ်ဘော့ဂ်
SE - ၁၀၃၊ ၃၄ စတော့ဟုမ်း
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - <http://www.idea.int>

စာအုပ်ဒီဇိုင်းနှင့် စာမျက်နှာခင်းကျင်းစီစဉ်ပုံ - International IDEA

ISBN: 978-91-7671-670-0 (PDF)
DOI: <https://doi.org/10.31752/idea.2023.56>

# ကျေးဇူးတင်လွှာ

ဤစာတမ်းကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလက ကျင်းပခဲ့သော " ပဋိပက္ခလွန်ကာလ အခြေခံဥပဒေရေးဆွဲခြင်းဆိုင်ရာ နဝမအကြိမ် အီဒင်ဘာ့ဂ်ျ ဆွေးနွေးပွဲ (Ninth Edinburgh Dialogue on Post-Conflict Constitution- Building) ပေါ်အခြေခံ၍ ရေးသားပြုစုထားပါသည်။ ထိုဆွေးနွေးပွဲကို အီဒင်ဘာ့ဂ်ျတက္ကသိုလ်(University of Edinburgh)၏ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းရေး အထောက်အကူပြုစကြီး(Peace and Conflict Resolution Evidence Platform(Peace REP))၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် Edinburgh Center for Constitutional Law နှင့် International IDEA တို့က ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် နဝမအကြိမ် အီဒင်ဘာ့ဂ်ျဆွေးနွေးပွဲ (Ninth Edinburgh Dialogue)တွင် ပါဝင်တက်ရောက်ပြီး အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များ တစ်လျှောက် အသိဉာဏ်၊ ပညာများဆွေးနွေးမှုဝေပေးခဲ့ကြသူများကို ကျေးဇူးအထူးတင်ရှိပါသည်။ ထို့အပြင် ဤစာတမ်းအတွက် မူကြမ်းရေးသားသည့် လုပ်ငန်းစဉ်တလျှောက် အချက်အလက်များ ပါဝင်ဖြည့်စွက် ထည့်သွင်းပေးခဲ့ကြသည့် Christine Bell၊ Sumit Bisarya၊ Jason Gluck နှင့် Christina Murray တို့ကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# မာတိကာ

**ကျေးဇူးတင်လွှာ** ........ IV

**အကျဉ်းချုပ်ခြုံငုံဖော်ပြချက်** ........ ၃

**မိတ်ဆက်** ........ ၈

**အခန်း(၁)**

**ကျရှုံးမှုအပေါ် ထားရှိရမည့် သဘောထား** ........ ၁၁

**အခန်း (၂)**

**ကျရှုံးမှုဆီ ဦးတည်သွားစေနိုင်သော အကြောင်းရင်းများ** ........ ၁၆

(၂-၁) အဓိကပါဝင်ပတ်သက်သူများ သဘောထားကွဲခြင်းနှင့် အကျိုးစီးပွားများ ပဋိပက္ခဖြစ်ခြင်း ........ ၁၇

(၂-၂) ထိပ်ပိုင်းနိုင်ငံရေးသမား၊ သို့မဟုတ် အဖွဲ့များ လုံလုံလောက်လောက်မပါဝင်မှု .... ၂၀

(၂-၃) မရေရာမှု၊မယုံကြည်မှုနှင့် 'စာချုပ်အသွင်ဆောင်သော' မူကြမ်းရေးဆွဲခြင်း........ ၂၂

(၂-၄) အချိန်၊ နှောင့်နှေးခြင်းနှင့် အလျင်လိုခြင်း........ ၂၃

(၂-၅) အခြေခံဥပဒေဒီဇိုင်းတွင် သဘောထားကွဲစေနိုင်သည့် ပြဿနာဖြစ်စေသောအချက်များ ၂၆

(၂-၆) လုံလောက်မှုမရှိသော လုပ်ငန်းစဉ်ဒီဇိုင်း........ ၂၆

(၂-၇) ထိပ်ပိုင်းနိုင်ငံရေးသမားများကြား သဘောတူညီမှု မရရှိခြင်း........ ၂၈

(၂-၈) နိုင်ငံတကာအသိုင်းအဝိုင်း၏ လွှမ်းမိုးမှု၊ သို့မဟုတ် ဝင်ရောက်စွက်ဖက်မှု ........ ၃၀

**အခန်း(၃)**

**ကျရှုံးမှုပေါ်မှ တည်ဆောက်ခြင်းနှင့် ကျရှုံးမှုအတွက် ပြင်ဆင်ခြင်း - မှတ်သားစရာ သင်ခန်းစာများ** ........ ၃၂

**ကိုးကားစာရင်း** ........ ၄၃

**စာရေးသူအကြောင်း** ........ ၄၉

**မိတ်ဖက်အဖွဲ့အစည်းများအကြောင်း** ........ ၅၀

International IDEA ........ ၅၀

PeaceRep ........ ၅၁

The Edinburgh Center for Constitutional Law ........ ၅၂

# အကျဉ်းချုပ်ဖော်ပြချက်

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းသည် ထိလွယ်ရှလွယ် အခြေအနေများအတွင်းနှင့် ပဋိပက္ခအပြီး နိုင်ငံရေးဖြေရှင်းချက်အသစ်တစ်ခုရရှိရေးတွင် အဓိကကျသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ သို့သော် လုပ်ငန်းစဉ်၌ ပါဝင်သူများက အခြေခံဥပဒေအသစ်တစ်ခုနှင့် ပတ်သက်၍ သဘောမတူနိုင်ခြင်း သို့မဟုတ် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ခွင့်မပြု သို့မဟုတ် အတည်မပြုခြင်းတို့ကြောင့် အခါအားလျော်စွာ မအောင်မမြင် ဖြစ်တတ်သည်။ မအောင်မြင်ခြင်းက ယာယီသာဖြစ်နိုင်ပြီး လုပ်ငန်းစဉ်ကို ကာလတစ်ခုပြီးသည့်နောက် ပြန်လည်စတင်နိုင်စေကာမူ ကုန်ကျစရိတ်မှာ ကြီးမားနိုင်ပါသည်။ အဓိကကျသော ပြုပြင်ပြောင်းလဲမှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် သို့မဟုတ် ပြင်ဆင်တည်းဖြတ်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုအား လက်ခံအတည်ပြုခြင်းအပေါ်၌ မူတည်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိပါက စေ့စပ်ဆွေးနွေးမှုများပြုရာတွင် ကြန့်ကြာမှုဖြစ်စေနိုင်ပြီး ပဋိပက္ခကို ပြန်လည်ပေါ်ပေါက်စေနိုင်ပါသည်။ ဤစာတမ်းတွင် ကျရှုံးခြင်းအတွက် ဖြစ်နိုင်ခြေရှိသော အကြောင်းတရားများနှင့် ကျရှုံးခြင်းကို တားဆီးရန် သို့မဟုတ် ၎င်းအားအခြေခံ၍ ဆက်လက်အကောင်အထည်ဖော်ရန် နည်းလမ်းများအကြောင်းကို ဆွေးနွေးထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းသည် ထိလွယ်ရှလွယ် အခြေအနေများအတွင်းနှင့် ပဋိပက္ခအပြီး နိုင်ငံရေးဖြေရှင်းချက် အသစ်တစ်ခု ရရှိရေးတွင် အဓိက ကျသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။

မအောင်မြင်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အမျိုးအစား ခွဲခြားနိုင်သည်။ (က) စာသား (အခြေခံဥပဒေ) တစ်ခုကို ရေးဆွဲလိုက်နိုင်သော်လည်း ယင်းအခြေခံဥပဒေကို မပြဋ္ဌာန်းဖြစ်ဘဲ အချိန်အကန့်အသတ်မရှိ ရပ်စဲသွားသောလုပ်ငန်းစဉ်များ။ ဥပမာ- ယီမင်နိုင်ငံနှင့် ၂၀၁၄ Minsk သဘောတူညီချက် နောက်ပိုင်း ယူကရိန်းနိုင်ငံ ဖြစ်စဉ်များ။ (ခ) ယာယီမအောင်မြင်သော လုပ်ငန်းစဉ်များ - မူလလုပ်ငန်းစဉ်မှာ မအောင်မမြင်ဖြစ်သွားခဲ့သော်လည်း အချိန်အပိုင်းအခြားတစ်ခု ကြာမြင့်ပြီးနောက်တွင် လုပ်ငန်းစဉ်အသစ်တစ်ခု စတင်နိုင်ခြင်း။ ဖီဂျီ၊ ကင်ညာနှင့် နီပေါနိုင်ငံတို့၌ ဖြစ်ပွားခဲ့သကဲ့သို့ပင် ပြီးခဲ့သော မအောင်မြင်သည့်လုပ်ငန်းစဉ်အပေါ်အခြေခံ၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမျိုး ရှိနိုင်ပါသည်။ (ဂ) ရပ်စဲထားသော်လည်း သို့မဟုတ် တရားဝင် ဆိုင်းငံ့ထားသော်လည်း နောက်ပိုင်းတွင် ပြန်စတင်ဖြစ်သော လုပ်ငန်းစဉ်များ။ ဥပမာ -၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွက်စေခဲ့သော လုပ်ငန်းစဉ် သို့မဟုတ် ဆိုမာလီယာနိုင်ငံ၏ ၂၀၁၂ ယာယီ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တွေ့ရသော

အခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်များ။ (ဃ) တစ်စိတ်တစ်ပိုင်း မအောင်မြင်မှုများ - ယခင် သဘောတူညီချက်တစ်ရပ်တွင်ပါရှိသည့် အကြောင်းအရာအစိတ်အပိုင်းအချို့ကိုသာ အခြေခံဥပဒေ အသစ် သို့မဟုတ် ပြင်ဆင်တည်းဖြတ်ထားသော အခြေခံဥပဒေတွင် ထည့်သွင်းစဉ်းစားပြဋ္ဌာန်းခြင်း။ (င) ရရှိရမည့် ထောက်ခံမဲရာခိုင်နှုန်းကို အလွန်မြင့်မားစွာ သတ်မှတ်ထားသောကြောင့် ရရှိရန် ခက်ခဲပြီး ကျရှုံးရန်ဖြစ်လာသော ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များတို့ ဖြစ်ပါသည်။

ပြင်ဆင်တည်းဖြတ်ထားသော အခြေခံဥပဒေ သို့မဟုတ် အခြေခံဥပဒေအသစ်တစ်ခုကို သတ်မှတ်ထားသည့်အချိန်၌ အတည်ပြုပြီးသွားလျှင်ပင် သေချာပေါက် လုပ်ငန်းစဉ်အောင်မြင်ပြီဟု မဆိုနိုင်ပေ။ အခြေခံဥပဒေအသစ် သို့မဟုတ် ပြင်ဆင်တည်းဖြတ်ထားသော အခြေခံဥပဒေသည် ၎င်းအားအကောင်အထည်ဖော်ဆောင်ရာတွင် အကြောင်းကြောင်းတို့ကြောင့် စိန်ခေါ်မှုများကြုံရ နိုင်ပါသည်။ သို့မဟုတ်ပါကလည်း အတည်ပြုလက်ခံပြီးနောက် မကြာမီပင် ရပ်ဆိုင်းခံရနိုင်ပါသေး သည်။

ကျရှုံးရခြင်း အကြောင်းရင်းများစွာရှိပါသည်။ ၎င်းတို့ကိုဖော်ပြရလျှင် - ပထမဆုံးအကြောင်း ရင်းမှာ ထိလွယ်ရှလွယ်ပြီး ပဋိပက္ခများသောနေရာများမှ ညှိနှိုင်းမှုယူနေသော အဖွဲ့အစည်းများ သည် အတိတ်ကငင်းတို့ကြား သဘောထားကွဲလွဲခဲ့သော အရေးကိစ္စများနှင့်ပတ်သက်၍ သဘော တူညီမှုရရှိရန် ခက်ခဲတတ်ခြင်းဖြစ်သည်။ ဒုတိယအကြောင်းရင်းမှာ အစုအဖွဲ့များကြားတွင် သဘော ထားကွဲခြင်း၊ အုပ်စုပြိုကွဲခြင်းများအဖြစ်များရာမှ လုပ်ငန်းစဉ်၌ပါဝင်သည့် အစုအဖွဲ့များပိုများလာ ပြီး သဘောတူညီချက်ရယူရာတွင် ဗီတိုအာဏာအသုံးပြု၍ ကန့်ကွက်နိုင်သည့် အခွင့်အလမ်းပိုများ လာခြင်း ဖြစ်သည်။

ထို့အပြင် ပဋိပက္ခနှင့် စေ့စပ်ဆွေးနွေးခြင်းများ ပိုကြာရှည်လေ အဖွဲ့အသစ်များ ထပ်မံပေါ် ထွက်လာနိုင်ခြေနှင့် အဖွဲ့အဟောင်းများသည်လည်း ပြောင်းလဲသွားနိုင်ခြေတို့ ပို၍များလာလေ ဖြစ်ပြီး ဗီတိုအာဏာအသုံးပြုပိုင်ခွင့် အာဏာအသစ်များလည်း လုပ်ငန်းစဉ်တစ်လျှောက် ထပ်မံ ပေါ်ပေါက်လာနိုင်ပါသည်။ တတိယအချက်မှာ စိတ်ချရမှုနှင့် ယုံကြည်မှုမရှိခြင်းတို့ကြောင့် အဖွဲ့ အစည်းများက မသေချာ၊မရေရာမှုများကို ရှောင်ရှားနိုင်ခြေ ပို၍မြင့်မားလာနိုင်ခြင်းဖြစ်သည်။ ထိုသို့ ရှောင်ရှားရာတွင် သာမန်ဥပဒေပြုခြင်း သို့မဟုတ် တရားရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့ အတွက်ချန်လှပ်ထားလျှင် ပိုအဆင်ပြေမည့် အသေးစိတ်အကြောင်းအရာများကို အခြေခံဥပဒတွင် သွတ်သွင်းပါဝင်စေသော စာချုပ်နှင့်တူသည့် သဘောတူညီချက်မျိုးကို လုပ်ဆောင်ရန်၊ သို့မဟုတ် ပြင်ဆင်သည့်လုပ်ငန်းစဉ်များကို ကြီးလေးခက်ခဲအောင်လုပ်ရန် ၎င်းတို့ကကြိုးပမ်းလာနိုင်သည်။ စတုတ္ထအနေဖြင့် လုပ်ငန်းစဉ်အရှိန်အဟုန် လျော့နည်းရပ်တံ့သွားသည်အထိ သတ်မှတ်ချိန်ကို လျစ်လျူရှုခြင်း၊ သို့မဟုတ် သတ်မှတ်ချိန်အမီ ပြီးစီးအောင်မဆောင်ရွက်ခြင်းတို့လည်း ရှိတတ်သည်။ ပဉ္စမအနေဖြင့် လုပ်ငန်းစဉ်တစ်ခုလုံးကို လမ်းလွဲသွားစေနိုင်သည့်၊ ဂြိုဟ်မွှေနိုင်သော အရေးကိစ္စ များ (ခေါ်) အလွန်သဘောထားကွဲစရာအရေးကိစ္စများကြောင့် သဘောတူထားသော အချိန်ဇယား အတိုင်း မလိုက်နာခြင်းမျိုးလည်း ရှိနိုင်သည်။ ဆဋ္ဌမအချက်မှာ အခြေအနေနှင့် ဆီလျော်သော လုပ်ငန်းစဉ်တစ်ခုကို ပုံစံချမှတ်ရသည်မှာရှုပ်ထွေးပြီး အခြေအနေအရ အနာဂတ်အပြောင်းအလဲ များနှင့် လိုက်လျောညီထွေရှိနိုင်သောလုပ်ငန်းစဉ်တစ်ခုကို ချမှတ်ရခြင်းကမူ ပို၍ပင်ရှုပ်ထွေးတတ် ခြင်းဖြစ်သည်။ ပုဂ္ဂိုလ်ရေးအခြေပြု နိုင်ငံရေးအားကောင်းပြီး အထိအရှလွယ်သော အဖွဲ့အစည်းများ ရှိသည့် နိုင်ငံများတွင် အလွန်အမင်းရှုပ်ထွေးခက်ခဲလွန်းသည့် လုပ်ငန်းစဉ်များသည် ကျရှုံးနိုင်ခြေ

များပါသည်။ အခြေခံအကျဆုံး အကြောင်းရင်းဖြစ်နိုင်သည့် သတ္တမအချက်မှာ နိုင်ငံ၌ရင်ဆိုင်နေရသော အရေးကိစ္စများအားဖြေရှင်းရန် ကူညီပေးနိုင်သော ညှိနှိုင်းဆွေးနွေးယူရသည့် အင်စတီကျူးရှင်းဆိုင်ရာ ဖြေရှင်းနည်းတစ်ခုကိုရှာဖွေရာ၌ ရေတိုရည်မှန်းချက်များနှင့် ပုဂ္ဂလရေးရာ သို့မဟုတ် အစုအဖွဲ့ဆိုင်ရာ အကျိုးစီးပွားကြည့်ခြင်းများက ခေါင်းဆောင်မှုအပိုင်းတွင် သဘောတူညီမှုမရခြင်း သို့မဟုတ် စိတ်ပိုင်းဖြတ်မပါဝင်ခြင်းတို့ဖြစ်အောင် (တစ်စိတ်တစ်ပိုင်း) အားပေးနိုင်ခြင်းဖြစ်သည်။ နောက်ဆုံးအနေဖြင့် နိုင်ငံတကာ၏ ဝင်ရောက်စွက်ဖက်သည့်ပုံစံက သက်ဆိုင်ရာနိုင်ငံအတွင်းမှ အဖွဲ့အစည်းအချို့ကိုသာ မျက်နှာသာပေးထောက်အပံ့သည့် အသွင်ဆောင်သောအခါ သို့မဟုတ် တရားဝင်မှုအတွက် သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းမှတရားဝင်အဖွဲ့အစည်းများကသာ ဆုံးဖြတ်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ကို ဝင်ရောက်လွှမ်းမိုးခြယ်လှယ်သည့် အသွင်ဆောင်သောအခါမျိုးတွင်လည်း ၎င်းကလုပ်ငန်းစဉ်အား နှောင့်ယှက်ရာရောက်နိုင်ပါသည်။

လုပ်ငန်းစဉ်တစ်ခုကျရှုံးရာမှ လုပ်ငန်းစဉ်အတွင်း ကြိုတင်မျှော်မှန်းမထားသော အဆင့် (အခြေအနေ) အမျိုးမျိုးတို့ကို ပေါ်ပေါက်လာစေနိုင်ပါသည်။ ကင်ညာမှ နီပေါ၊ လစ်ဗျားမှ ဆိုမာလီယာအထိ နိုင်ငံအတော်များများတွင် ဤပုံစံအတိုင်း ဖြစ်ခဲ့ကြသည်။ ယင်းကဲ့သို့ ထပ်ခါထပ်ခါလုပ်ရသောလုပ်ငန်းစဉ်များကို မအောင်မြင်သောလုပ်ငန်းစဉ်များဟု မယူဆဘဲ ၎င်းတို့၏မူလပုံစံနှင့် မကိုက်ညီသောလုပ်ငန်းစဉ်များဟု စဉ်းစားနိုင်သည်။ အတိတ်က ရှုံးနိမ့်မှုများဆီမှ သေချာပေါက်သင်ခန်းစာများ ရနိုင်ပါသည်။ ဥပမာ- အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်သူများကို စေ့စပ်ညှိနှိုင်းခြင်း၊ ကွန်ရက်ချိတ်ဆက်ခြင်းတို့နှင့်ပတ်သက်၍ လေ့ကျင့်ပေးနိုင်သည်။ သို့မဟုတ် အငြင်းပွားဖွယ်အရေးကိစ္စများကို ယခင်ကချမှတ်ခဲ့သည့် အကန့်အသတ်ပိုများသော သဘောတူညီချက်များအပေါ်အခြေခံကာ ဆက်လက်ဆွေးနွေးဆောင်ရွက်ခြင်းဖြင့် အငြင်းပွားဖွယ်ကိစ္စရပ်များကို တည်ငြိမ်စေနိုင် သို့မဟုတ် ဖြေရှင်းကောင်းဖြေရှင်းပေးနိုင်သည်။ သို့သော်လည်း တစ်ခါတစ်ရံ၌ လုပ်ငန်းစဉ်တို့သည် အကန့်အသတ်မရှိ ရပ်တန့်သွားတတ်သည်။ အခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်သည် အခြားဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်ယှဉ်လျှင် နောက်သို့ရောက်သွားတတ်သည်။

လုပ်ငန်းစဉ်တစ်ခု ကျရှုံးရာမှ လုပ်ငန်းစဉ်အတွင်း ကြိုတင် မျှော်မှန်းမထားသော အဆင့် (အခြေအနေ) အမျိုးမျိုးတို့ကို ပေါ်ပေါက်လာစေနိုင်ပါသည်။

ဤအချက်များကို စိတ်ထဲတွင်မှတ်သား၍ နိုင်ငံရေးပြေငြိမ်းမှုဆိုင်ရာ စေ့စပ်ဆွေးနွေးမှုများတွင် ပါဝင်ကြသူများသည် ကျရှုံးခြင်းကို တားဆီးရန်သို့မဟုတ် ထိုကျရှုံးမှုပေါ်မှ အခြေခံ၍ ရှေ့ဆက်အကောင်အထည်ဖော်သွားရန်အလို့ငှာ အနာဂတ်ဖြစ်နိုင်ခြေ အခင်းအကျင်းများအတွက် စီမံချမှတ်မှုများ လုပ်ဆောင်ထားရမည်ဟုအကြံပြုခြင်းဖြင့် ဤစာတမ်းကို နိဂုံးချုပ်ထားပါသည်။ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ပါဝင်သည့်အဖွဲ့များအနေဖြင့် အောက်ပါအရေးကိစ္စ၊ သို့မဟုတ် အပေးအယူညှိနှိုင်းမှုများထဲမှအချို့ကို စဉ်းစားသုံးသပ်ကြည့်ရန် လိုပါသည်။

- လက်တွေ့ကျသော (ပြောင်းလွယ်ပြင်လွယ်ရှိသော) သတ်မှတ်ချိန်တစ်ခုထားရန် အရေးကြီးသည်။ သို့သော် ညှိနှိုင်းခြင်းမရှိဘဲ မသေချာသည့်အခြေအနေအား အချိန်ဆွဲရန်အတွက် ယင်းပြောင်းလွယ်ပြင်လွယ်ရှိမှုအပေါ် အမြတ်ထုတ်မည့် လူပုဂ္ဂိုလ် သို့မဟုတ် အစုအဖွဲ့များကိုမူ ရှောင်ကျဉ်ရမည်။

- အခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့၏ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများသည် တတ်နိုင်သမျှ ရှင်းလင်းတိကျရန်လိုသည်။ ပြောင်းလဲနေသော အခြေအနေများနှင့်လည်း လိုက်လျောညီထွေ ဖြစ်ရမည်။

- ရှေ့မတိုးသာ၊ နောက်မဆုတ်သာ အကျပ်ဆိုက်သည့် အခြေအနေမှဖောက်ထွက်ရန် နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ၎င်းတို့တွင် လုပ်ငန်းစဉ်ကို စေ့စေ့စပ်စပ် ဖွဲ့စည်းတည်ဆောက်ခြင်းနှင့် အငြင်းပွားဖွယ်အကြောင်းအရာများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများကို စီစဉ်ထားခြင်း၊ အဆိုပြုချက်များကို စာရွက်စာတမ်းတစ်ခုတည်း အဖြစ် ကျစ်ကျစ်လျစ်လျစ်ရှိစေခြင်း၊ အခြေခံဥပဒေရေးဆွဲရေးအဖွဲ့ကို အဖွဲ့အစည်း အတွင်း တန်းတူ၊ အထက်အောက် အပြန်အလှန်ဆက်ဆံနိုင်သည့် ပုံစံမျိုးဖြစ်အောင် ဖွဲ့စည်းခြင်း၊ အချို့အရေးကိစ္စများကို ကျွမ်းကျင်သူများ သို့မဟုတ် အရပ်ဖက် လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များကဲ့သို့ အခြားသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံသို့ လွှဲပြောင်းပေးခြင်း စသည်တို့ပါဝင်နိုင်သည်။ တစ်ချိန်တည်းမှာပင် အဖွဲ့အစည်းများအနေဖြင့် ပေါ်ပေါက်လာနိုင်သော အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းနိုင်စေမည့် ပြောင်းလွယ်ပြင်လွယ် အနေအထားတစ်ရပ်ကို ထိန်းသိမ်းထားရန်လည်း အရေးကြီးပါသည်။

- အဓိပ္ပါယ်အမျိုးမျိုး ကောက်နုတ်ဖွင့်ဆိုနိုင်သည့် ရှင်းလင်းမှုမရှိသော၊ ဝိရောဓိဖြစ်သော သို့မဟုတ် အချိန်ကန့်သတ်ချက်တစ်ခုအတွင်းသာ အကျုံးဝင်သော ပြဋ္ဌာန်းချက်များ (sunrise or sunset clause) ကို ပြဋ္ဌာန်းအသုံးပြုခြင်းဖြင့် အငြင်းပွားဖွယ်ရာအရေးကိစ္စများအပေါ် တစ်ထစ်ချဆုံးဖြတ်ချက်ချရန် ရွှေ့ဆိုင်းခြင်းသည် အကျပ်အတည်းကို ရေတိုအားဖြင့် ရှောင်ရှားနိုင်စေပြီး အဖွဲ့အစည်းများအနေဖြင့်လည်း ၎င်းတို့၏ သက်ဆိုင်ရာမဲဆန္ဒရှင်ပြည်သူများ၏ တောင်းဆိုချက်များကို အားလုံးဖြည့်ဆည်းပေးလျက်ရှိကြောင်း အာမခံချက်ပေးနိုင်စေပါသည်။ သို့သော် အခြေခံဥပဒေ ရေးဆွဲသူများအနေဖြင့်မူ ဤနည်းနာများအား ချင့်ချိန်သုံးစွဲရမည်ဆိုသည်ကို သတိပြုရန် လိုပါသည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အသစ်တစ်ခုကို လိုအပ်သည်မှာမှန်သော်လည်း လုပ်ငန်းစဉ် ရပ်တန့်သွားချိန်တွင် ချက်ချင်းပြန်လည်လက်ကိုင်အသုံးပြုနိုင်မည့် ပုံသေမူဘောင်၊ အစီအစဉ်တစ်ရပ်မရှိလျှင် ရေးလက်စ အခြေခံဥပဒေ၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အပြီးမသတ်သေးသော စာပိုဒ်များသည် ကြားကာလမူဘောင် (လမ်းညွှန်ချက်များ) ဖြစ်လာနိုင်သည်။ ဤမပြည့်စုံသော ကြားကာလမူဘောင် (လမ်းညွှန်ချက်များ) တွင် လုပ်ငန်းစဉ် ပြန်လည်ဆန်းစစ်ချက် အပြည့်အစုံသို့မဟုတ် ပို၍တိကျခိုင်မာသော အခြေခံဥပဒေမူကြမ်းရေးဆွဲခြင်းအတွက် လုပ်ငန်းစဉ်တို့ပါဝင်ရန် လိုအပ်သည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်သည် အခြေခံဥပဒေပြင်ဆင်နိုင်ရန် ဆိုင်းငံ့တားမြစ်ချက်များ ချမှတ်ထားမည့်အစား ချက်ချင်းပြင်ဆင်နိုင်ဖို့အတွက် ခွင့်ပြုထားသင့်သည်။ အထူးသဖြင့် အဖွဲ့အစည်းများကြား သဘောတူညီမှုကို ရှာဖွေခြင်းကရှုပ်ထွေးပြီး၊ အရေးပါသော သဘောတူညီချက်များကို လိုအပ်နေသည့်အခါမျိုးတွင် အခြေခံဥပဒေကို ပြင်ဆင်ရန်အတွက် (ဝန်တာမများလွန်းသော) လုပ်ငန်းစဉ်တစ်ခုကို သတ်မှတ်ပေးရန် သို့မဟုတ် ရွေးချယ်ထားသော အခြေခံဥပဒေဒီဇိုင်းပုံစံတစ်ခုအား ပြန်လည်ဆန်းစစ်သည့် လုပ်ငန်းစဉ်တစ်ခုကို စီစဉ်ထားရှိရန်မှာ အရေးကြီးလာနိုင်ပါသည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုသည့်လုပ်ငန်းစဉ်နှင့် ယင်းမှထွက်ပေါ်လာမည့် ရလဒ်ဖြစ်သော အခြေခံဥပဒေစာသားတို့နှင့်ပတ်သက်၍ နိုင်ငံရေးအရလုပ်ပိုင်ခွင့်ရှိသူများကြားတွင် သဘောတူညီချက်ရထားလျှင် အများပြည်သူ ပူးပေါင်းပါဝင်သည့် လုပ်ငန်းစဉ်

များ မရှိခြင်း၊ အထူးသဖြင့် လူထုသဘောထား ရယူမှုမရှိခြင်းတို့သည် အခြေခံဥပဒေရေးဆွဲသည့်လုပ်ငန်းစဉ် မအောင်မြင်ရသည့်အကြောင်းရင်း ဖြစ်လေ့မရှိပေ။ လုပ်ပိုင်ခွင့်ရှိသူများ၌ အခြေခံအားဖြင့် သဘောတူညီချက်တစ်ခု ရှိထားသည့်အခါ လူထုသဘောထားများက အချို့သောအရေးကိစ္စများနှင့် ပတ်သက်၍ သဘောတူညီချက်များရယူရာ၌ ပါဝင်ကူညီပေးနိုင်သည်။ သို့သော်လည်း လူထုသဘောထားခံယူခြင်းက လုပ်ငန်းစဉ်ကို အလွဲအချော် ဖြစ်စေနိုင်သည်။ အထူးသဖြင့် ဆွေးနွေးချက်များကိုလမ်းညွှန်ပေးရန် သဘောတူညီထားသော အခြေခံမှုများ မရှိသည့်အခါတွင် ဖြစ်သည်။

- နောက်ဆုံးအနေဖြင့် ဤလုပ်ငန်းစဉ်တို့၌ နိုင်ငံတကာ အသိုင်းအဝိုင်း၏ အခန်းကဏ္ဍသည် မအောင်မြင်ရခြင်းအတွက် သို့မဟုတ် သဘောတူညီချက်ရရှိပြီး နောက်ဆုံး၌ အောင်မြင်သွားခြင်းအတွက် ပံ့ပိုးပါဝင်ပေးသော အကြောင်းအချက်တစ်ခု ဖြစ်နိုင်သည်။ မတူညီသော ပြည်ပပါဝင်သူများအကြား သြဇာလွှမ်းမိုးမှုအတွက် ပြိုင်ဆိုင်ခြင်းသည် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် ပို၍ပို၍တွေ့ရများလာသော၊ တစ်ခါတစ်ရံ၌မူ မသိမသာ အနှောင့်အယှက် ဖြစ်စေတတ်သော သွင်ပြင်လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။ အစိုးရအချင်းချင်းကြား အဖွဲ့အစည်းများ၊ တစ်ခါတစ်ရံ အချို့သော နိုင်ငံများသို့မဟုတ် နိုင်ငံညွန့်ပေါင်းအဖွဲ့များသည် သက်ဆိုင်ရာအဖွဲ့များအား အပြန်အလှန်ညှိနှိုင်းဆွေးနွေးမှုများ၌ ပါဝင်နိုင်အောင် အခင်းအကျင်း ဖန်တီးပေးနိုင်သည်။ နိုင်ငံတကာအစိုးရအချင်းချင်းကြား အဖွဲ့အစည်းများသည် ညှိနှိုင်းဆွေးနွေးရေးတွင် ပါဝင်သူ (အဖွဲ့) များ ပိုမိုကျယ်ပြန့်လာအောင်လုပ်ပေးနိုင်ပြီး သက်ဆိုင်ရာနိုင်ငံအရေးတွင် အကျိုးစီးပွားပတ်သက်နေသည့် နိုင်ငံပြင်ပမှသူများပါ ပါဝင်လာအောင် စည်းရုံးဆော်သြပေးနိုင်စွမ်းလည်း ရှိနိုင်သည်။

အနှစ်ချုပ်ဆိုရလျှင် အခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်တစ်ရပ် ကျရှုံးမည့်အရေးကို ကြိုတင်တားဆီးရန် သို့မဟုတ် ဟန့်တားရန်စီစဉ်ချမှတ်ရခြင်းသည် မရေမရာနှင့် ရှုပ်ထွေးလှသည်မှာမှန်သော်လည်း ထိုလုပ်ငန်းကိုလုပ်ဆောင်ရန် လိုအပ်ပါသည်။ လုပ်ငန်းစဉ်ကျရှုံးသည့်အခါတွင် လုပ်ငန်းစဉ်အဆင့်ဆင့်ကို မှတ်တမ်းတင်ထားခြင်း၊ နိုင်ငံသား အခွင့်အရေးများအကြောင်း ပညာပေးသည့် အစီအစဉ်များကိုဆောင်ရွက်ခြင်း၊ လူထုအဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားခြင်း တို့ကဲ့သို့သော အနာဂတ်တွင် အခြေခံဥပဒေရေးဆွဲသူမည့်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် ကူညီပေးနိုင်သည့် နည်းလမ်းများလည်း ရှိနိုင်ပါသည်။ အခြေခံဥပဒေရေးဆွဲသူများကိုသာမကဘဲ အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် အများပြည်သူကိုပါ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အနာဂတ်လုပ်ငန်းစဉ်များတွင် ၎င်းတို့အနေဖြင့် ပိုမိုသိနားလည်မှုရှိစွာ ပူးပေါင်းပါဝင်လာနိုင်ပါသည်။

**အခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်တစ်ရပ် ကျရှုံးမည့်အရေးကို ကြိုတင်တားဆီးရန် သို့မဟုတ် ဟန့်တားရန် စီစဉ်ချမှတ်ရခြင်းသည် မရေမရာနှင့် ရှုပ်ထွေးလှသည်မှာ မှန်သော်လည်း ထိုလုပ်ငန်းကို လုပ်ဆောင်ရန် လိုအပ်ပါသည်။**

# မိတ်ဆက်

**ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း လုပ်ငန်းသည် တွေးထင်ထားသည်ထက် ပို၍ မကြာခဏမအောင်မမြင် ဖြစ်တတ်လေ့ရှိပါသည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းလုပ်ငန်းသည် တွေးထင်ထားသည်ထက်ပို၍ မကြာခဏ မအောင်မမြင် ဖြစ်တတ်လေ့ရှိပါသည်။ ပျမ်းမျှအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ကြီးကြီးမားမား ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် ၂၀ ခန့်သည် နှစ်စဉ် ကမ္ဘာတစ်လွှား၌ ဖြစ်ပေါ်လျက်ရှိသည်။ သို့သော် ၂၀၁၈ မှ ၂၀၂၃ ခုနှစ်အတွင်း လုပ်ငန်းစဉ်ရှစ်ခုသာလျှင် အခြေခံဥပဒေအသစ် သို့မဟုတ် အခြေခံအားဖြင့် ပြင်ဆင်ထားသော အခြေခံဥပဒေတစ်ခုကိုရရှိခဲ့ကြပြီး ဤလုပ်ငန်းစဉ်များအားလုံးသည် တစ်ဖက်သတ် (အဖွဲ့အစည်းအားလုံး သဘောဆန္ဒမပါဘဲ) ပြုလုပ်သော လုပ်ငန်းစဉ်များဖြစ်ကြသည်။[၁] လုပ်ငန်းစဉ်အများစု၊ အထူးသဖြင့် စေ့စပ်ညှိနှိုင်းထားပြီးသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၌ အခြေခံဥပဒေရေးဆွဲရေးအဖွဲ့သည် မူကြမ်းတစ်ခုကို အပြီးမသတ်နိုင်ခြင်း သို့မဟုတ် အပြီးသတ်မူကြမ်းကို တာဝန်ရှိအဖွဲ့အစည်းက ခွင့်မပြုခြင်းသို့မဟုတ် အတည်ပြုမပေးခြင်းများ ဖြစ်နိုင်သည်။

သို့သော် ခွင့်ပြုချက် သို့မဟုတ် အတည်ပြုချက်မရသော မူကြမ်းတစ်ခုမှာလည်း နိုင်ငံရေးပြေလည်မှု အသစ်တစ်ရပ်ရရှိရေးအတွက် ပဋိပက္ခအား နိုင်ငံရေး (နှင့် ဥပဒေရေးရာ) ညှိနှိုင်းဆွေးနွေးမှုတစ်ရပ်ဖြစ်လာအောင် (အနည်းဆုံး ယာယီအနေဖြင့်) လမ်းကြောင်းပေးရန် ရည်ရွယ်ချက်ဖြင့် အသုံးတော်ခံနိုင်သေးသည်သာဖြစ်သည်။ နိုင်ငံက အခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ် အသစ်တစ်ခုကိုစတင်ရန် အဆင်သင့်ဖြစ်သည့်အခါ ဤမူကြမ်းမျိုးကို အနာဂတ်တွင် အပြီးသတ်မူ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့်လည်း အသုံးပြုနိုင်ပါသည်။

သို့သော်လည်း သတ်မှတ်ချိန်ကာလတစ်ခုအတွင်း အခြေခံဥပဒေအသစ်၊ သို့မဟုတ် ပြင်ဆင်ထားသော အခြေခံဥပဒေမူတစ်ရပ်အတည်ပြုပြီး ပြဋ္ဌာန်းကျင့်သုံးနိုင်မည့် လုပ်ငန်းစဉ်အောင်မြင်မှုဆိုသည်မှာ မည်သို့မည်ပုံဖြစ်ရမည်ဆိုသည်ကို အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တစ်ရပ် စတင်သည့်အချိန်မှာပင် ပါဝင်သည့်အဖွဲ့များက ဆုံးဖြတ်ထားကြပြီးဖြစ်သည်။ တစ်ခါတစ်ရံတွင် လုပ်ငန်းစဉ်တွင် ပါဝင်သည့်အဖွဲ့များက အခြေခံဥပဒေပြဋ္ဌာန်းချက်ပါ အကြောင်းအရာပိုင်း

---

၁ ဤအောင်မြင်သော အခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်များမှာ အယ်ဂျီးရီးယား ၂၀၂၀၊ ဘူရွန်ဒီ ၂၀၁၈၊ ချက်ဒ် ၂၀၁၈၊ ကိုမိုရိုစ် ၂၀၁၈၊ ကျူးဘား ၂၀၁၈၊ ဂျော်ဂျီယာ ၂၀၁၈၊ ကာဂျစ်စတန် ၂၀၂၁၊ တူနီးရှား ၂၀၂၂ တို့ဖြစ်ကြသည်။

အရ ၎င်းတို့၏ လိုလားမှု၊ မလိုလားမှုအပေါ်မူတည်၍ ထိုအခြေခံဥပဒေအသစ်၊ သို့မဟုတ် ပြင်ဆင်ထားသော အခြေခံဥပဒေမူကို ပြဋ္ဌာန်းကျင့်သုံးမှုကိုပင် အချို့ကလုပ်ငန်းစဉ်အောင်မြင်မှုဟု မှတ်ယူပြီး အချို့က ကျရှုံးမှုဟုမှတ်ယူခြင်းမျိုးလည်း ရှိနိုင်သည်။ ဥပမာ ဂမ်ဘီယာနိုင်ငံဖြစ်စဉ် (အသေးစိတ်ကို အောက်တွင်ဖော်ပြထားသည်) တွင် ကြည့်မည်ဆိုလျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသူများအပေါ်တွင်ပါ သက်ရောက်မှုရှိမည့် ရာထူးသက်တမ်းကန့်သတ်ချက်ကို အချို့အဖွဲ့များက အခြေခံဥပဒေအသစ်တွင် ထည့်သွင်းစေလိုပြီး၊ အချို့ကမူ မထည့်သွင်းစေလိုကြပေ။ လုပ်ငန်းစဉ်မှ ထွက်ပေါ်လာသည့်ရလဒ်နှင့် ကျရှုံးမှုတို့အပေါ် ထိုအဖွဲ့များက ၎င်းတို့၏လိုလားမှုအပေါ် မူတည်၍ ကွဲပြားစွာရှုမြင်ကြလိမ့်မည် ဖြစ်သည်။ လုပ်ငန်းစဉ်အတွင်း အချို့သောအစုအဖွဲ့များ၏ လွှမ်းမိုးခြယ်လှယ်မှုအတိုင်းအတာ၊ သို့မဟုတ် အများပြည်သူပါဝင်ပတ်သက်မှုတို့ကဲ့သို့သော အချက်များနှင့်စပ်လျဉ်း၍ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ဆိုင်ရာ သဘောကွဲလွဲမှုများမှ တဆင့်လည်း အချို့သောအဖွဲ့များက ၎င်းတို့၏လိုလားမှုနှင့်မကိုက်ညီသဖြင့် တစ်စိတ်တစ်ပိုင်း၊ သို့မဟုတ် ယာယီကျရှုံးမှုဟုယူဆသည့် လုပ်ငန်းစဉ်ကို အခြားသောအဖွဲ့များကမူ ၎င်းတို့၏လိုလားမှုအရ အောင်မြင်မှုဟု မှတ်ယူခြင်းမျိုးလည်း ရှိလာနိုင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းသည် အလွန်စွန့်စားရသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး လုပ်ငန်းစဉ်ကျရှုံးမှုကြောင့် အထူးသဖြင့် ထိလွယ်ရှလွယ်သောအခြေအနေများတွင် ပေးဆပ်ရသည့် အရင်းအနှီး ကြီးမားသွားနိုင်သည်။ တစ်ခါတစ်ရံ၌ ရွေးကောက်ပွဲများကျင်းပခြင်း သို့မဟုတ် တိုင်းပြည် ဖွဲ့စည်းတည်ဆောက်ပုံအသစ်များနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်းတို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် သို့မဟုတ် ပြင်ဆင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူတစ်ရပ် ပြဋ္ဌာန်းကျင့်သုံးခြင်းအပေါ်တွင် မူတည်နေနိုင်သည်။ ဥပမာ-လစ်ဗျား၊ မာလီနှင့် ဆူဒန်နိုင်ငံတို့တွင် လတ်တလောဖြစ်ပေါ်နေသော အရေးကိစ္စများကဲ့သို့ဖြစ်သည်။ လုပ်ငန်းအစီအစဉ်အသစ်သည် အစိုးရအဖွဲ့အစည်းများ၌ အချို့သော (ယခင် ဘေးဖယ်ခံထားရသော) အစုအဖွဲ့များပါဝင်မှု၊ ၎င်းတို့၏အခွင့်အရေးများအတွက် အကာအကွယ်ရရှိမှုတို့ကိုလည်း သေချာစေရပါမည်။ ဥပမာ-၁၉၄၈ ခုနှစ်၌ လွတ်လပ်ရေးရပြီးနောက် ပထမဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေ အသက်ဝင်လာသည့်အချိန် ဗမာ (နောင်တွင် မြန်မာ) နိုင်ငံ၏ အခြေအနေကဲ့သို့ဖြစ်သည်။ ဤလုပ်ငန်းစဉ်တို့၏ ယာယီမအောင်မြင်မှုက ပဋိပက္ခများကို ထပ်မံဖြစ်ပွားစေမည့် အခွင့်အလမ်းများ ပိုများလာစေနိုင်ပြီး အစုအဖွဲ့အချို့ကို နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုများ၌ ပါဝင်ခြင်းက အချည်းနှီးသာဖြစ်ကြောင်း ထင်မြင်သွားစေနိုင်သည်။ အထူးသဖြင့် အခြေခံဥပဒေမူဘောင်အဟောင်းက အာဏာသက်ရောက်မှုမရှိတော့သည့်အခါ သို့မဟုတ် အသုံးမဝင်လောက်အောင် ခေတ်မမီတော့သည့်အခါ၊ ဆိုလိုသည်မှာ အရေးပေါ်ကိစ္စအတွက် ရွေးချယ်စရာ အရန်တစ်ခုခုမရှိတော့သည့်အခါ အခြေခံဥပဒေမူသစ် သို့မဟုတ် အသစ်ပြင်ဆင်ထားသော အခြေခံဥပဒေမူဘောင်တစ်ခုက နိုင်ငံရေးအကူးအပြောင်းတစ်ခု အောင်မြင်ရန်အတွက် ပဓာနကျသောအရာတစ်ခု ဖြစ်နိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းသည် အလွန်စွန့်စားရသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး လုပ်ငန်းစဉ်ကျရှုံးမှုကြောင့် အထူးသဖြင့် ထိလွယ်ရှလွယ်သော အခြေအနေများတွင် ပေးဆပ်ရသည့် အရင်းအနှီးကြီးမားသွားနိုင်သည်။

အခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်များ၏ အလွန်ရင်းနှီးစွန့်စားရာကျသည့် သဘောသဘာဝသည်လည်း ပြင်းထန်သော ပဋိပက္ခ သို့မဟုတ် အာဏာသိမ်းမှုတွင် ပေါ်ပေါက်လာသော စိုးရိမ်ဖွယ် အကျပ်အတည်းများကို ၎င်းတို့ ကိုင်တွယ်ဖြေရှင်းပေးရလေ့ရှိသည်ဆိုသည့် အချက်မှ ဖြစ်လာရသည် (Elster 1995: 370 ကိုကြည့်ပါ)။ ဤအခြေအနေများသည် မတူညီသော အစုအဖွဲ့များ သို့မဟုတ် ပါဝင်ဆောင်ရွက်သူများကြား အထိမခံသောအခြေအနေများ ဖြစ်ပေါ်စေပြီး ညှိနှိုင်း

ဆွေးနွေးပွဲ၌ သဘောတူညီချက်ကို ရှာဖွေရာတွင် အဟန့်အတားဖြစ်ကာ မယုံကြည်မှုကို တိုးစေသည်။ အထူးသဖြင့် အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များကို အဓိက ပတ်သက်ဆက်နွှယ်သူတို့၏ အများစုသဘောတူညီချက်ရရှိအောင် ပုံစံချသတ်မှတ်ထားသည့်အခါမျိုးတွင် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းက လုပ်ငန်းစဉ်၏ တရားဝင်မှုကို မြင့်တင်ပေးသော်လည်း အလားအလာရှိသော သဘောတူညီချက်များကို ပတ်သက်ဆက်နွှယ်သူတို့က ဗီတိုအာဏာဖြင့် ပယ်ဖျက်နိုင်ခွင့်ပေးရာလည်းရောက်စေနိုင်သည် (Brown 2008: 676)။

အချုပ်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ကြီးကြီးမားမား ပြုပြင်ပြောင်းလဲမှု၊ အထူးသဖြင့် အထိအခိုက်မခံသော အခြေအနေများ၌ ပြောင်းလဲမှုသည် ဖြောင့်ဖြူးလွယ်ကူရိုးမရှိပေ။ ထို့ကြောင့် မအောင်မြင်ရသည့် ဖြစ်နိုင်ခြေရှိသော အကြောင်းအရင်းများကို ပိုင်းခြားစိတ်ဖြာကြည့်ရန် အရေးကြီးသည်။ ၎င်းတို့အား ကောင်းကောင်းနားလည်ခြင်းက ကျရှုံးမှုမဖြစ်ပေါ်စေရန် သို့မဟုတ် ၎င်းကို အခြေခံ၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် နည်းနာများကိုရှာဖွေရာတွင် အကူအညီဖြစ်နိုင်သောကြောင့် ဖြစ်သည်။ ဤစာတမ်းက ထိုအကြောင်းရာများကို အစပြုဆွေးနွေးနိုင်စေရန် ရည်ရွယ်ပါသည်။ အထိအခိုက်မခံသော သို့မဟုတ် ပဋိပက္ခကျရောက်သော အခြေအနေများကို အထူးအလေးထား ရှင်းလင်းသွားပါမည်။ အခန်း ၁ တွင် မအောင်မြင်မှု အမျိုးအစားများကို လေ့လာဖော်ထုတ်ထားသည်။ အခန်း ၂ တွင် ကျရှုံးမှုကိုဖြစ်စေနိုင်သော အလားအလာ အကြောင်းအချက်အချို့ကို ဆန်းစစ်ထားပြီး အခန်း ၃ တွင်မူ ကျရှုံးမှုကို ရှောင်ရှားနိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် ကျရှုံးလုပ်ငန်းစဉ်များမှတဆင့် သင်ယူရရှိသောသင်ခန်းစာများကို စုစည်းဖော်ပြထားပါသည်။

အခန်း (၁)

# ကျရှုံးမှုအပေါ် ထားရှိရမည့် သဘောထား

ကျရှုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်တစ်ခုဆိုသည်မှာ ပေးထားသော သတ်မှတ်ချိန်တစ်ခုအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် သို့မဟုတ် ပြင်ဆင်တည်းဖြတ်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုပြဋ္ဌာန်းရန် သတ်မှတ်ထားသည့်ရည်မှန်းချက် မအောင်မြင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ဟု ဤစာတမ်းက ဖွင့်ဆိုသည်။ ဤဖွင့်ဆိုချက်သည် ကျဉ်းမြောင်းသော လုပ်ထုံးလုပ်နည်းဆိုင်ရာ ဖွင့်ဆိုချက်တစ်ခုသာဖြစ်ပြီး ထိုအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးနောက် ထိုအခြေခံဥပဒေ၏ အလုပ်ဖြစ်မှု၊ မဖြစ်မှုကို ထည့်သွင်းစဉ်းစားထားခြင်းမရှိပေ။ တကယ်တမ်းတွင် နိုင်ငံတစ်နိုင်ငံ၌ ကျရှုံးမှုတစ်ခုကို အောင်မြင်မှုဟုစဉ်းစားသော အစုအဖွဲ့များလည်း ရှိနိုင်သည်။ ၎င်းတို့က အခြေခံဥပဒေအသစ်တွင် ပါဝင်သောအကြောင်းအရာတို့ကို ကျေနပ်မှုမရှိခြင်း သို့မဟုတ် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ကျေနပ်မှုမရှိခြင်းတို့ကြောင့် ထိုကဲ့သို့ စဉ်းစားခြင်း ဖြစ်နိုင်သည်။ ၂၀၀၅ ခုနှစ်တွင် ကင်ညာနိုင်ငံနှင့် ၂၀၀၀ ခုနှစ်တွင် ဇင်ဘာဘွေနိုင်ငံတို့တွင် ထိုအခြေအနေမျိုးဖြစ်ပွားခဲ့သည်။ ဖြစ်ရပ်နှစ်ခုစလုံးတွင် မဲပေးသူအများစုသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် အခြေခံဥပဒေမူကြမ်းကို ပယ်ချခဲ့ကြသည်။ အခြားတစ်ဖက်တွင် ပါဝင်သည့်အကြောင်းအရာသို့မဟုတ် လုပ်ငန်းစဉ်ကြောင့် သို့မဟုတ် နှစ်ခုစလုံးကြောင့် အခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်တစ်ခု၏ အောင်မြင်မှုကို ဖွဲ့စည်းပုံခြေခံဥပဒေစနစ် ကျရှုံးခြင်းဟု မှတ်ယူသည့် အစုအဖွဲ့များလည်း ရှိနိုင်သည်။ မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲခြင်းနှင့် သဘောတူညီချက်ယူခြင်းတို့တွင် ဤအတိုင်းဖြစ်ပွားခဲ့သည်။ လုပ်ငန်းစဉ်နှစ်ရပ်စလုံးကို မြန်မာစစ်တပ်မှသာ ထိန်းချုပ်ထားပြီး ဒီမိုကရေစီ အတိုက်အခံပါတီ၏ ထုတ်ဖော်တောင်းဆိုချက်များစွာကို စစ်တပ်က ထည့်သွင်းမစဉ်းစားခဲ့ပေ။

> ကျရှုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း လုပ်ငန်းစဉ်တစ်ခု ဆိုသည်မှာ ပေးထားသောသတ်မှတ်ချိန် တစ်ခုအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ် သို့မဟုတ် ပြင်ဆင်တည်းဖြတ် ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုပြဋ္ဌာန်းရန် သတ်မှတ် ထားသည့်ရည်မှန်းချက် မအောင်မြင် သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ဟု ဤစာတမ်းက ဖွင့်ဆိုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်း ကျရှုံးရသည့်အကြောင်းရင်းကို လုပ်ထုံးလုပ်နည်းဆိုင်ရာရှုထောင့်မှ ချဉ်းကပ်သုံးသပ်ကြည့်သည့်အခါ လုပ်ငန်းစဉ်တစ်ခု အောင်မြင်မည်၊ မအောင်မြင်မည်၊ ပြီးလျှင် မည်သို့မအောင်မြင်ရသနည်း ဆိုသည်နှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း သိရန် ခက်ခဲနေပေလိမ့်ဦးမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် လုပ်ငန်းစဉ်အတွင်း မည်သည့်နေရာတွင်မဆို ပုံစံအမျိုးမျိုးနှင့် ကျရှုံးနိုင်ပါသည်။ ကျရှုံးမှု၏ကွဲပြားသော ရှုထောင့်များကို နားလည်

ခြင်းက ပြောနေစရာမလိုအောင်ပင် အရေးကြီးပါသည်။ ပဏာမအနေဖြင့် အမျိုးအစား ခွဲခြား သတ်မှတ်ကာ အောက်တွင်ဖော်ပြထားသည်။

၁။ *ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်တစ်ခု လုံးဝမအောင်မြင်ခြင်း သို့မဟုတ် အကန့်အသတ်မရှိ ရပ်ဆိုင်းသွားခြင်း။* ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ် တစ်ခုစတင်ပြီး အခြေခံဥပဒေမူကြမ်းအသစ်တစ်ခုကို ရေးဆွဲလိုက်သော်လည်း အဆိုပါမူ ကို သဘောတူလက်ခံမှုမရရှိဘဲ လုပ်ငန်းစဉ်မှာလည်း ပြန်စမည့်အလားအလာ မရှိဘဲ ရပ်တံ့သွားခြင်း။

- ဥပမာ - ယီမင်နိုင်ငံ၌ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် သမ္မတထံသို့ အခြေခံ ဥပဒေမူကြမ်း တင်သွင်းရာက ချက်ချင်းဆိုသလို ဟူသီတို့က မြို့တော်ကိုသိမ်းပိုက် လိုက်ကာ ပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့သည် (Lackner 2016:11)။ အခြေခံဥပဒေ မူကြမ်းကို ပြဋ္ဌာန်းအသက်သွင်းနိုင်ခြင်း မရှိခဲ့ပေ။

- ရုရှားကို ထောက်ခံအားပေးပြီး ယူကရိန်းနိုင်ငံမှ ခွဲထွက်လိုသော ဒေသနှစ်ခုဖြစ်သည့် ဒိုနက်စ်နှင့် လူဟန့်ခ်ပြည်နယ်မှခေါင်းဆောင်များနှင့် ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံ တို့မှ ကိုယ်စားလှယ်များသည် မင့်စ်ခ် သဘောတူညီချက်ကို ဖေဖော်ဝါရီလ ၁၂ ရက်၊ ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး ထိုသဘောတူညီချက်များကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရာတွင် လိုက်နာရမည်များကို ဒုတိယအကြိမ်မြောက် မင့်စ်ခ် သဘောတူညီချက်အဖြစ် ယူကရိန်းနိုင်ငံ၌ ၂၀၁၅ ခုနှစ်တွင် သဘောတူခဲ့ကြ သည်။ ဒုတိယအကြိမ်မြောက် Minsk သဘောတူညီချက် အပိုဒ် ၁၁ တွင် ယူကရိန်း အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရန် လိုအပ်ပြီး ၂၀၁၅ ခုနှစ်အကုန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်း နိုင်ရမည်ဖြစ်ပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို အဓိကအချက်အနေဖြင့် (ဒိုနက်စ် နှင့် လူဟန့်ခ်ပြည်နယ်တို့မှ ကိုယ်စားလှယ်များ၏ သဘောတူညီမှုအရ ထိုပြည်နယ် များရှိ အချို့ဒေသများ၏ အထူးအခြေအနေများကို ထည့်သွင်းစဉ်းစားခြင်း အပါ အဝင်) ပါဝင်စေရမည်ဟုဖော်ပြထားသည် (Minsk II, 2015)။ ဗဟိုချုပ်ကိုင်မှုလျှော့ချ ရန်ရည်ရွယ်သော အခြေခံဥပဒေပြင်ဆင်ချက်များကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် လွှတ်တော်၌ ပထမအကြိမ်ကြားနာစဉ်မှာပင် ခွင့်ပြုခဲ့သော်လည်း လုပ်ငန်းစဉ်မှာ ရပ်တံ့သွားခဲ့ကာ ပြန်လည်စတင်နိုင်ခြင်းလည်း မရှိခဲ့ပေ(ICG 2016a: 2, 16; Jarábik and Yesmukhanova 2017 တွင်ကြည့်ပါ)။

၂။ *ယာယီ မအောင်မြင်ခြင်း။* တစ်ခါတစ်ရံ၌ လုပ်ငန်းစဉ်တို့သည် မအောင်မြင်တော့ပုံ ပေါ် တတ်သည်။ သို့သော် မအောင်မြင်ခြင်းသည် ယာယီသာဖြစ်ကာ မကြာခင်မှာပင် လုပ်ငန်း စဉ်အသစ်တစ်ခု စတင်နိုင်ကြသည်။ ထိုသို့ အသစ်စတင်သော လုပ်ငန်းစဉ်မှာ အရှေ့က မအောင်မြင်သောလုပ်ငန်းစဉ်ပေါ်တွင် အခြေခံသော လုပ်ငန်းစဉ်မျိုးဖြစ်နိုင်သည်။ ဥပမာ - ကင်ညာနှင့် နီပေါနိုင်ငံများမှာကဲ့သို့ဖြစ်သည် (ဤအကြောင်း ပိုမိုသိရှိနိုင်ရန် နမူနာ ဖြစ်စဉ် ၂၊ ၃ နှင့် ၄ တို့ကို ကြည့်ပါ)။

- ဖီဂျီနိုင်ငံ၏ ဖြစ်စဉ်မှာမူ လုံးဝမအောင်မြင်ခြင်းနှင့် ယာယီမအောင်မြင်ခြင်းဆိုသည့်

အမျိုးအစား နှစ်ခုအတွင်း ကျရောက်နေဖွယ်ရာရှိသောကြောင့် စိတ်ဝင်စားဖွယ်ဖြစ်သည်။ ၂၀၀၆ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း ရပ်တန့်သွားခဲ့သည့် ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနေရာတွင် ၂၀၁၃ ဖွဲ့စည်းပုံအခြေခံဥပဒေကို အစားထိုးရန် ရည်ရွယ်ရေးဆွဲခဲ့ပြီး ယင်းလုပ်ငန်းစဉ်တွင် အုပ်ချုပ်ရေးအပိုင်းမှသာ လွှမ်းမိုးခြယ်လှယ်ခဲ့ပြီး အများပြည်သူပါဝင်မှု မရှိသလောက်ဖြစ်ခဲ့သည်။ နိုင်ငံသားအသိပညာပေးခြင်းများနှင့် အများပြည်သူနှင့် ဆွေးနွေးတိုင်ပင်ခြင်းများကို အနည်းငယ် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပြီးနောက် အဖွဲ့ဝင် ငါးဦးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မရှင်က ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို သမ္မတက ပယ်ချခဲ့ပြီးနောက်တွင် ဤလုပ်ငန်းစဉ်ကိုလုပ်ဆောင်ခြင်းဖြစ်သည် (Kant 2014; Saati 2020 ကို ကြည့်ပါ)။ ဖီဂျီနိုင်ငံ သမ္မတထံသို့ ကော်မရှင်ဥက္ကဋ္ဌမှ တင်သွင်းလိုက်သောမူကြမ်းသည် ချက်ချင်းပယ်ချခံခဲ့ရခြင်းဖြစ်သည်။ ၎င်းကို ပြန်လည်ရေးသားရန် ရှေ့နေချုပ်ရုံးအား လုပ်ပိုင်ခွင့်ပေးခဲ့သည် (Dorney 2013)။ ထို့နောက် ပြင်ဆင်တည်းဖြတ်ထားသော မူကြမ်းကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် သမ္မတ က ထုတ်ပြန်ကြေညာခဲ့သည်(Kant 2014: 15)။

၃။ *လုပ်ငန်းစဉ် ယာယီရပ်တန့်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း။* အချိန်ခဏကြာ ရပ်တန့် သို့မဟုတ် ဆိုင်းငံ့ခံရပြီးနောက်မှ ပြန်လည်စတင်သည့် လုပ်ငန်းစဉ်မျိုးဖြစ်သည်။

- မြန်မာနိုင်ငံတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လာမည့် အခြေခံဥပဒေ မူကြမ်းရေးဆွဲနေချိန်၌ ထိုသို့ဖြစ်ပွားခဲ့သည်။ ၁၉၉၀ ခုနှစ်၌ ကျင်းပခဲ့သော ပထမအကြိမ်ဒီမိုကရေစီ ရွေးကောက်ပွဲရလဒ်များကို အသိအမှတ်ပြုရန် ငြင်းဆန်ပြီးသည့်နောက်တွင် စစ်အစိုးရသည် ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်တစ်ခုရေးဆွဲရန် အခွင့်အာဏာရှိသော အမျိုးသားညီလာခံ တစ်ခုကို ကျင်းပခဲ့သည်။ အဆိုပါအခြေခံဥပဒေအသစ် ရေးဆွဲခြင်းလုပ်ငန်းစဉ်သည် ၁၉၉၆ ခုနှစ်၌ ဆိုင်းငံ့သွားပြီး ၂၀၀၄ ခုနှစ်တွင် ပြန်လည်လုပ်ဆောင်ခဲ့သည် (Htut 2019: 9-22)။
- ဆိုမာလီယာနိုင်ငံတွင် ၂၀၀၄ ခုနှစ်၌ စတင်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်အတွင်း အလားတူပုံစံမျိုး ဖြစ်ပွားခဲ့သည်။ လုပ်ငန်းစဉ်အတွက် အချိန် ၂ နှစ်ခွဲသာ သတ်မှတ်ထားခဲ့သော်လည်း ပြည်တွင်းရေးပဋိပက္ခကြောင့် အကြိမ်များစွာ ရွှေ့ဆိုင်းခဲ့ရကာ ၂၀၁၂ ခုနှစ်ရောက်မှသာလျှင် ယာယီ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုနှင့် အဆုံးသတ်ခဲ့ရသည် (နမူနာဖြစ်စဉ် ၅ ကို ကြည့်ပါ)။

၄။ *တစ်စိတ်တစ်ပိုင်း ကျရှုံးမှုသို့မဟုတ် တစ်စိတ်တစ်ပိုင်း အောင်မြင်မှု။* အဖွဲ့အစည်းများကြား အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးဆိုင်ရာ အချက်များပါဝင်သော နိုင်ငံရေးသဘောတူညီချက်တစ်ရပ်ရရှိခဲ့သော်လည်း သဘောတူညီချက်တွင်ပါဝင်ခဲ့သော ပြုပြင်ပြောင်းလဲရေးအချက်များထဲမှ အချို့သာ အခြေခံဥပဒေမူကြမ်း၊ သို့မဟုတ် ပြင်ဆင်ချက်မူတွင် ပါဝင်လာသောအခါမျိုးတွင် တစ်စိတ်တစ်ပိုင်းကျရှုံးမှုများ ဖြစ်ပေါ်နိုင်သည်။ တစ်ခါတစ်ရံ၌ နိုင်ငံရေးသဘောတူညီမှုတစ်ရပ်၊ သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ရပ်သည် အခြေခံဥပဒေမူကြမ်း၊ သို့မဟုတ် ပြင်ဆင်ချက်မူ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်လာချိန်၌ မူလသဘောတူညီထားသည့်အတိုင်း မဟုတ်တော့ဘဲ အတိမ်းအစောင်းဖြစ်

ခြင်းမျိုးလည်း ရှိနိုင်သည်။ ဆူဒန်နိုင်ငံဖြစ်စဉ်မှာ စိတ်ဝင်စားဖွယ်ကောင်းသော နမူနာတစ်ခု ဖြစ်သည်။ ၎င်း၏ ၂၀၀၅ ခုနှစ် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲတစ်ခုမှ ပေါ်ထွက်လာသော အကြံပြုချက်များအတိုင်း လိုက်နာကာ ၂၀၁၇ ခုနှစ်၌ ပြင်ဆင်ပြောင်းလဲခဲ့သည်။ သို့သော် ဤအကြံပြုချက်များမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြောင်းလဲနေသည့် လုပ်ငန်းစဉ်အတွင်း ပြောင်းလဲသွားသည်။ ဥပမာ- အကြံပြုချက်များတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးများကို ခန့်အပ်ရမည့်အစား တိုက်ရိုက်ရွေးကောက် တင်မြှောက်ရမည်ဟု ပါရှိသည်။ ဤအချက်ကို မူကြမ်းထဲတွင် ထည့်သွင်းထားသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နှောင့်နှေးနေခဲ့သည်။ အမျိုးသားလုံခြုံရေးနှင့် ထောက်လှမ်းရေးဌာနများ၏ အာဏာတိုးချဲ့မှုကဲ့သို့သော အခြား ပြင်ဆင်ချက်အချို့မှာမူ အကြံပြုချက်များတွင် မပါဝင်ခဲ့ပေ (Abdulbari 2017; Sudan Tribune 2017)။

၅။ *မအောင်မြင်သော ပြင်ဆင်ချက်များ။* ဖွဲ့စည်းပုံအခြေခံဥပဒေကို 'အမြော်အမြင်နည်းသော သို့မဟုတ် တစ်ဖက်သတ်ကျလွန်းသော ပြင်ဆင်ချက်' မျိုး မပြုနိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း လုပ်ထုံးလုပ်နည်းများက ကာကွယ်ပေးရမည်မှာ မှန်သော်လည်း (Böckenförde 2017: 3) တစ်ခါတစ်ရံတွင် ထိုလုပ်ထုံးလုပ်နည်းများသည် အခြေခံဥပဒေအား ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရန် သို့မဟုတ် နိုင်ငံရေး သဘောတူညီချက်တစ်ခုအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ထောက်ပံ့ပေးနိုင်သော ပြင်ဆင်ချက်များကို ခွင့်ပြုပေးနိုင်ရန်အတွက် တင်းကျပ်လွန်းနေခြင်းမျိုးလည်း ဖြစ်နေနိုင်သည်။ ဤအခြေအနေမျိုးတွင် အောင်မြင်ရန် အလွန်ခက်ခဲသော သတ်မှတ်ချက်များကို ကျော်လွှန်နိုင်ရန်လိုအပ်သည်။ ထိုသတ်မှတ်ချက်များမှာ ခက်ခဲလွန်းသဖြင့် အခြေခံဥပဒေပြုပြင်ပြောင်းလဲခြင်းသည် မဖြစ်နိုင်သလောက်နီးနီး ဖြစ်သည်။ ယခုအချိန်၌ အသုံးမဝင်တော့ပြီဖြစ်သော ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေအနေမှာ ဤပုံစံအတိုင်းဖြစ်သည်။ တပ်မတော်မှရေးဆွဲခဲ့သော အခြေခံဥပဒေအား ပြင်ဆင်နိုင်ရန်ဆိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် တပ်မတော် ကိုယ်စားလှယ်များ၏ ထောက်ခံမဲကိုပါ ရရှိရန်လိုအပ်သည်။ ၂၀၁၅ ခုနှစ် နှင့် ၂၀၂၀ တို့၌ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် ကြိုးပမ်းမှုနှစ်ခုစလုံးမှာ အများအားဖြင့် ဤအကြောင်းကြောင့် မအောင်မြင်ခဲ့ပေ။

တစ်ချိန်တည်းမှာပင် စီစဉ်ချမှတ်ထားသော သတ်မှတ်ချိန်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် သို့မဟုတ် ပြင်ဆင်တည်းဖြတ်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်တစ်ခုကို သက်ဆိုင်သူများက သဘောတူလက်ခံလိုက်စေကာမူ မလွဲကေန်လုပ်ငန်းစဉ်အောင်မြင်ပြီဟု မဆိုနိုင်ပေ။ အသစ် သို့မဟုတ် ပြင်ဆင်တည်းဖြတ်ထားသော အခြေခံဥပဒေတစ်ခုသည် အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိန်ခေါ်မှုနှင့် ကြုံရနိုင်သည် သို့မဟုတ် သဘောတူလက်ခံပြီးနောက် မကြာမီမှာပင် အခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့် နည်းလမ်းဖြင့် ရပ်ဆိုင်းခံရနိုင်သည်။ ဥပမာ - ဂီနီနိုင်ငံတွင် ၂၀၂၀ ခုနှစ် အခြေခံဥပဒေကိုဆန္ဒကျင်ပြီး ၂၀၂၁ ခုနှစ်တွင် အာဏာသိမ်းခဲ့ခြင်းမျိုး ဖြစ်သည် (Zulueta-Fülscher and Noël 2022: 82–85; Boucher 2019 တွင်ကြည့်ပါ)။ ထိုသို့မဟုတ်ပါကလည်း ကိုလံဘီယာနိုင်ငံတွင် ဖြစ်ပွားခဲ့သကဲ့သို့ တရားရုံး

များမှတဆင့် ရပ်ဆိုင်းခြင်းမျိုးလည်း ရှိနိုင်သည်။ ကိုလံဘီယာဖြစ်စဉ်တွင် ၂၀၁၆ ခုနှစ် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ရေရှည်၊ တည်ငြိမ်မှုရှိသော ငြိမ်းချမ်းရေးတည်ဆောက်ရေး အပြီးသတ် သဘောတူညီမှုကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် မြန်ဆန်သော ဥပဒေပြုလုပ်ငန်းစဉ်တစ်ရပ် ချမှတ်နိုင်ရေးကြိုးပမ်းမှုမှာ အခြေခံဥပဒေခုံရုံးတွင် ကြားနာစစ်ဆေးခံရပြီးနောက် အခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်မှုမရှိဟု ဆုံးဖြတ်ခံခဲ့ရသည် (Ozcelik and Olcay 2020: 1383)။

အခန်း (၂)

# ကျရှုံးမှုဆီသို့ ဦးတည်သွားစေနိုင်သော အကြောင်းရင်းများ

ထိလွယ်ရှလွယ်ပြီး ပဋိပက္ခကျရောက်သော အခြေအနေများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ မူအသစ် သို့မဟုတ် ပြင်ဆင်တည်းဖြတ်ထားသော အခြေခံဥပဒေမူတစ်ခုအား ရေးဆွဲခြင်းသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုဖန်တီးရန်အတွက် ပဓာနကျသော အခြေခံတစ်ခုဖြစ်နိုင်ပါသည်။ သို့သော် ထိုအခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းသည် အခက်ခဲဆုံးနှင့် မအောင်မမြင် အဖြစ်တတ်ဆုံးလုပ်ငန်း ဖြစ်နေတတ်သည်။ ဤအခန်းတွင် သာဓကများအနေဖြင့် ဥပမာအချို့ကိုအသုံးပြုကာ ကျရှုံးရခြင်း၏ အရင်းခံအချက်များကို ဆန်းစစ်ထားပါသည်။

နိုင်ငံရေးအရ သဘောတူညီချက် အသစ်တစ်ခုရရှိအောင် စေ့စပ်ညှိနှိုင်းကြသော အဖွဲ့အစည်းများသည် အတိတ်က ၎င်းတို့ကို သဘောထားကွဲစေခဲ့သော အရေးကိစ္စများနှင့် ပတ်သက်လျှင် သဘောတူညီမှုရရန် ခက်ခဲကြောင်းကို တွေ့ရသည်။

အတိုချုပ်ဆိုရလျှင် ပထမဆုံးအနေဖြင့် သဘောထားကွဲလွဲမှု အလွန်ပြင်းထန်သော ပတ်ဝန်းကျင်များတွင် နိုင်ငံရေးအရ သဘောတူညီချက် အသစ်တစ်ခုရရှိအောင် စေ့စပ်ညှိနှိုင်းကြသော အဖွဲ့အစည်းများသည် အတိတ်က ၎င်းတို့ကိုသဘောထားကွဲစေခဲ့သော အရေးကိစ္စများနှင့် ပတ်သက်လျှင် သဘောတူညီမှုရရန်ခက်ခဲကြောင်းကို တွေ့ရသည် (Elster 1995; Horowitz 2021: 55 တွင် ကြည့်ပါ)။ ဒုတိယအချက်အနေဖြင့် အစိတ်စိတ်အမွှာမွှာကွဲနေသော အဖွဲ့အရေအတွက် ပိုများပြီး လုပ်ငန်းစဉ်၌အားလုံးပါဝင်နိုင်မှု ပိုမိုများပြားလေ ညှိနှိုင်းမှုလုပ်ဆောင်နေစဉ်တစ်လျှောက်လုံး ဗီတိုအာဏာဖြင့် ပယ်ချမှုအကြိမ်ရေ ပိုများလေဖြစ်တတ်သည်။ ထိုအချက်မှာ အဖွဲ့အစည်းများအကြား မယုံကြည်မှုအတိုင်းအတာမြင့်မားခြင်းနှင့် သေချာတိကျစွာ သတ်မှတ်ထားခြင်းမရှိသော အရေးကြီးကိစ္စရပ်များမှ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကိုရှောင်ကြဉ်ရန် ကြိုးစားခြင်းဟူသည့် တတိယအချက်ဖြင့်ပေါင်းလိုက်ပါက အခြေအနေပိုမိုဆိုးရွားသွားတတ်သည်။ စတုတ္ထအနေဖြင့် ဗီတိုအာဏာဖြင့် ပယ်ချမှုများလာသည့်အခါ အရှိန်အဟုန်တန့်ခြင်း၊ သတ်မှတ်ကာလအား လျစ်လျူရှုခြင်း သို့မဟုတ် သတ်မှတ်ချိန်အမီ မပြီးစီးခြင်းတို့နှင့်အတူ လုပ်ငန်းစဉ်ကာလကြာမြင့်မှုက ပြဿနာတစ်ရပ်ဖြစ်လာနိုင်ကြောင်း တွေ့ရသည်။ ပဉ္စမအချက်မှာ သတ်မှတ်ချိန်အမီမပြီးစီးသည့် အကြောင်းပြချက်ဖြင့် သဘောထားကွဲမှုမြင့်မားသော ပြဿနာများရှိလာတတ်ခြင်း ဖြစ်သည်။ ဆဋ္ဌမအချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုများအား အတည်ပြုပြဋ္ဌာန်းခြင်းအတွက် လုပ်ထုံးလုပ်နည်းများသည် တစ်ခါတစ်ရံ၌ အဖွဲ့အစည်းများကို လုပ်ငန်းစဉ်တစ်ခုလုံးအား ရပ်တံ့သွားအောင် လုပ်နိုင်ခြင်းဖြစ်သည်။ ဥပမာ- ထောက်ခံမဲ အပြတ်အသတ်အသာရရန် လိုအပ်သော သို့မဟုတ် ပြည်သူ့ဆန္ဒခံယူပွဲတစ်ခုကျင်းပရန် လိုအပ်သောလုပ်ထုံးလုပ်နည်းမျိုး ဖြစ်သည်။ ထိုကဲ့သို့သော

လုပ်ထုံးလုပ်နည်းများတွင် အဆိုပြုထားသောပြင်ဆင်မည့်အချက်များကို ကိုယ်စားလှယ်၊ သို့မဟုတ် မဲဆန္ဒရှင်အများစုက သဘောတူရန်လိုအပ်ခြင်းကြောင့် အကျပ်ဆိုက်နိုင်သလို ပြင်ဆင်ပြောင်းလဲမှုကို ဆန့်ကျင်သူများအနေဖြင့်လည်း လုပ်ငန်းစဉ်ကိုတားဆီးခွင့် ရသွားစေနိုင်သည်။ သတ္တမမြောက်နှင့် အခြေခံအကျဆုံးလည်းဖြစ်နိုင်သည့်အချက်မှာ ရေတိုရည်မှန်းချက်များနှင့် ပုဂ္ဂလိက သို့မဟုတ် အစုအဖွဲ့ အကျိုးစီးပွားကို အလေးပေးခြင်းတို့ကြောင့် ခေါင်းဆောင်ပိုင်း (အချို့)က တိုင်းပြည်ရင်ဆိုင်နေရသော အရေးကိစ္စများကိုဖြေရှင်းရာတွင် အထောက်အကူဖြစ်နိုင်သည့် စေ့စပ်ညှိနှိုင်းမှုရှိသော၊ အင်စတီကျူးရှင်းဆိုင်ရာ ဖြေရှင်းနည်းတစ်ရပ် ရှာဖွေရေးနှင့်ပတ်သက်၍ စိတ်ပိုင်းဖြတ်လုပ်ဆောင်မှုမရှိခြင်း၊ သို့မဟုတ် သဘောတူလက်ခံမပေးခြင်းတို့ ရှိတတ်ခြင်းဖြစ်သည်။ နောက်ဆုံးအချက်မှာ နိုင်ငံရေးအရ သဘောတူညီချက်အသစ်တစ်ခုကို ရရှိဖို့ရန် အခက်အခဲကြုံနေရသည့် အခြေအနေတွင် နိုင်ငံတကာ၏ ဝင်ရောက်စွက်ဖက်မှုက ၎င်းတို့ကူညီအားပေးရန် ရည်ရွယ်ထားသောလုပ်ငန်းစဉ်ကို နှောင့်ယှက်ရာရောက်နိုင်ခြင်းပင် ဖြစ်သည်။ ဥပမာ- ဝင်ရောက်ပါဝင်သည့် နိုင်ငံက အဖွဲ့အစည်းအချို့အပေါ် ကျန်သည့်အဖွဲ့အစည်းများထက်ပို၍ ထောက်ပံ့ပေးနေသည်ဟု မြင်စရာဖြစ်လျှင် သို့မဟုတ် တရားဝင်မှုရရှိရေးအတွက် ဒေသတွင်း လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း အများအပြားပါဝင်ရန် လိုအပ်သောလုပ်ငန်းစဉ်တစ်ရပ်ကို ခြယ်လှယ်ချုပ်ကိုင်ထားသည့် အသွင်ဆောင်နေလျှင် သက်ဆိုင်ရာလုပ်ငန်းစဉ်ကို နှောင့်ယှက်ရာရောက်မည် ဖြစ်သည်။

## ၂.၁။ အဓိကပါဝင်ပတ်သက်သူများ သဘောထားကွဲခြင်းနှင့် အကျိုးစီးပွားများ ပဋိပက္ခဖြစ်ခြင်း

ယုံကြည်မှုတည်ဆောက်ရန် လုံလောက်သော အချိန်မရှိပါက အကြီးအကျယ် အဖွဲ့ကွဲခြင်းများက အဖွဲ့အစည်းများအကြား သဘောတူညီချက် ရယူရာတွင် အဟန့်အတား ဖြစ်စေနိုင်သည်။

ကျရှုံးမှုဖြစ်စေသော ပထမဆုံးနှင့် အရေးကြီးဆုံးဟုလည်း မှတ်ယူနိုင်ဖွယ်ရာရှိသော အရင်းခံအကြောင်းရင်းမှာ နိုင်ငံရေးပြေလည်မှုအသစ်တစ်ရပ်ရရှိရေး စေ့စပ်ညှိနှိုင်းရန်တာဝန်ရှိသည့် အဖွဲ့များမှာ အချင်းချင်းထိပ်တိုက်ရင်ဆိုင်နေကြသော (တစ်ခါတစ်ရံတွင် အကြမ်းဖက်ပဋိပက္ခအသွင် အပြန်အလှန်တိုက်ခိုက်နေကြသော) အဖွဲ့များဖြစ်နေကြခြင်းပင် ဖြစ်သည်။ သို့ရာတွင် ယုံကြည်မှုတည်ဆောက်ရန် လုံလောက်သောအချိန်မရှိပါက အကြီးအကျယ် အဖွဲ့ကွဲခြင်းများက အဖွဲ့အစည်းများအကြား သဘောတူညီချက်ရယူရာတွင် အဟန့်အတားဖြစ်စေနိုင်သည်။ ထို့ပြင် အမျိုးမျိုးသော၊ တစ်ခါတစ်ရံ ပြောင်းလဲနေသော နိုင်ငံရေးနှင့် စီးပွားရေးအကျိုးစီးပွားနှင့် လှုံ့ဆော်မှုများက ပဋိပက္ခ၌ ပါဝင်ကြသော အဖွဲ့အစည်းများအပေါ် လွှမ်းမိုးမှုရှိသည် (Ginsburg and Bisarya 2022: 34; Elster 1995)။[၂] သို့မဟုတ် ၎င်းတို့သည် မတူညီသော (အာဏာနှင့် စုဖွဲ့ပုံအမျိုးမျိုးရှိသော) အုပ်စုများဖြင့် ဖွဲ့စည်းထားသော အုပ်စုကွဲ၊ ဂိုဏ်းကဏ္ဍများ ဖြစ်နိုင်သည်။ အစုအဖွဲ့တစ်ခုသည် ၎င်း၏ ကနဦးသတ်မှတ်ထားသော ရည်မှန်းချက်များကို အလျှော့အတင်းလုပ်ညှိနှိုင်းပြီး သဘောတူညီချက်တစ်ခုကိုရရှိသောအခါ ၎င်းတို့ထဲမှ အုပ်စု၊ ဂိုဏ်းကဏ္ဍငယ်အချို့သည် ခွဲထွက်ရန်ဆုံးဖြတ်လာကြကာ ဤသို့နှင့်ပင် သဘောတူညီချက်မှ နုတ်ထွက်သွားနိုင်သည်။ ၁၉၇၄ ခုနှစ်၌ ဖိလစ်ပိုင်နိုင်ငံ၊

၂ အခြေခံဥပဒေဆိုင်ရာ ဆွေးနွေးညှိနှိုင်းသူများက မည်သည့်နည်းလမ်းများကို ပိုမိုလိုလားမှုရှိမည်ဆိုသည်မှာ ပထဝီအနေအထား၊ ကိုလိုနီကျူးကျော်ခံရမှု သမိုင်းကြောင်း၊ တိုင်းပြည်၏ ထိပ်ပိုင်းနိုင်ငံရေးသမားများ၏ ပညာရေးရေချိန်နှင့် အခြေခံဥပဒေရေးဆွဲရန် လိုအပ်ရသည့် အကြောင်းခြင်းရာ၊ အဖြစ်အပျက်(များ)တို့အရ မိမိတို့အားသန်ရာ အခြေခံဥပဒေဒီဇိုင်း ရွေးချယ်မှုများကဲ့သို့သော အရေးကိစ္စများအားလုံးပေါ်တွင် မူတည်လိမ့်မည်ဖြစ်ကြောင်း Ginsburg and Bisarya (2022: 29) က သတိပေးထားသည်။

ဘမ်ဆာမိုရို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ထိုကဲ့သို့သောဖြစ်စဉ်မျိုး ဖြစ်ပွားခဲ့သည်။ ဗဟိုအစိုးရထံမှ အရေးပါသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး ကြိုးပမ်းမှုနောက်ပိုင်းတွင် မအောင်မြင်သောကြောင့် မိုရိုအမျိုးသား လွတ်မြောက်ရေးတပ်ဦးမှ မိုရို အစ္စလမ် လွတ်မြောက်ရေးတပ်ဦး (MILF) အဖြစ် ခွဲထွက်ခဲ့သည်။ ထို့နောက် ၂၀ဝ၈ ခုနှစ်၌ ဘိုးဘွားပိုင်နယ်မြေ သဘောတူညီချက်စာချုပ်ကို နိုင်ငံတော် တရားရုံးချုပ်မှ ပယ်ဖျက်လိုက်ပြီးနောက် MILF က ဖိလစ်ပိုင်အစိုးရနှင့် စေ့စပ်ညှိနှိုင်းခြင်း ပြုလုပ်လိုက်သည့်အခါ ဘမ်ဆာမိုရို အစ္စလမ် လွတ်မြောက်ရေးတပ်သားများသည် MILF မှ ခွဲထွက်ကြပြန်သည် (ICG 2019: 14)။ MILF နှင့် ဖိလစ်ပိုင်အစိုးရ စေ့စပ်ညှိနှိုင်းမှုမှတဆင့် ၂၀၁၈ ခုနှစ် ဇူလိုင်လ၌ ဘမ်ဆာမိုရို အခြေခံဥပဒေကို အတည်ပြုနိုင်ခဲ့သည်။

ငင်းအပြင် ပြင်းထန်သောပဋိပက္ခတစ်ခု တာရှည်နေလေ အဖွဲ့အစည်းအသစ်များ ပေါ်ထွက်လာပြီး အဖွဲ့အစည်းအဟောင်းများ ပြောင်းလဲသွားနိုင်ခြေ ပိုများလေဖြစ်သည်။ လစ်ဗျား၊ မြန်မာနှင့် ယီမင်နိုင်ငံများ အပါအဝင် ရှည်ကြာသော ပဋိပက္ခများစွာရှိသည့်နေရာများတွင် ဤသို့ဖြစ်လေ့ရှိသည်။ ပဋိပက္ခရှိသော အဖွဲ့အစည်းများ တစ်ဟုန်ထိုးတိုးပွားလာခြင်းနှင့် ငင်းတို့၏ ပြောင်းလဲတတ်သည့်သဘောက အဖွဲ့အစည်းများကို သဘောတူညီမှုမရအောင် ဟန့်တားနိုင်သည်။ သို့မဟုတ်ပါကလည်း အခြေခံဥပဒေအသစ် သို့မဟုတ် ပြင်ဆင်တည်းဖြတ်ထားသော အခြေခံဥပဒေအား အကောင်အထည်ဖော်ဆောင်ရန် ပို၍ခက်ခဲစေနိုင်သည် (Brown 2008: 684 တွင် ကြည့်ပါ)။

အမြဲရှုပ်ထွေးနေသော စစ်ပွဲအခြေပြု စီးပွားရေး၌ စနစ်တကျ ရည်ရွယ်ချက်ရှိရှိ အုပ်စုဖွဲ့ ကျူးလွန်သည့် ပြစ်မှုသည် (အစိုးရမဟုတ်သော) လက်နက်ကိုင်အဖွဲ့အစည်းများအတွက် အရေးအပါဆုံး ဘဏ္ဍာရေးရင်းမြစ်တစ်ခုဖြစ်သည်။ သို့ဖြစ်ရာ ဘဏ္ဍာရေးအရ လုံခြုံစိတ်ချမှု အတန်အသင့်ရှိသော ဤလူများသည် ထိုကဲ့သို့ စနစ်တကျစီစဉ်ထားသောပြစ်မှုအား တားဆီးရာတွင် အကူအညီဖြစ်နိုင်သော နိုင်ငံရေး (နှင့် အခြေခံဥပဒေဆိုင်ရာ) သဘောတူညီချက်အသစ်တစ်ခုရရှိရေးအတွက် ရည်ရွယ်သည့် စေ့စပ်ညှိနှိုင်းခြင်းလုပ်ငန်းစဉ်များ၌ ပါဝင်လိုစိတ်မရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် ရှိထားပြီးသားလုံခြုံမှုကို မရင်းရဲကြသောကြောင့် ဖြစ်သည်။ ထို့ပြင် အုပ်စုငယ်များအနေဖြင့် နိုင်ငံရေးသဘောတူညီမှုတစ်ခုကို လက်ခံသဘောတူခြင်းနှင့် တရားဝင်ဖြစ်စေခြင်းတို့က ငင်းတို့အား တစ်နည်းနည်းနှင့် အကျိုးယုတ်စေကြောင်းကို သိရှိသွားသည့်အခါ အုပ်စုများထပ်မံ၍ ခွဲထွက်ခြင်းများ ဖြစ်လာနိုင်ပါသည် (Bell and Ainsworth 2022: 5)။

### နမူနာဖြစ်စဉ် (၁) - လစ်ဗျား

လစ်ဗျားနိုင်ငံတွင် အုပ်စုများ အစိတ်အမွှာအမွှာ ကွဲထွက်ကြပြီးနောက် အစိုးရနှင့် အတိုက်အခံအုပ်စုကြီး နှစ်ခု ပေါ်ပေါက်လာကာ ထိုအုပ်စုများ၏ မဟာမိတ်ဖွဲ့ပုံမှာ တည်ငြိမ်မှုမရှိဘဲ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ ၎င်းတို့သည် ထပ်မံ အုပ်စုကွဲထွက်ခြင်းများ မဖြစ်စေရန် ၎င်းတို့၏ သက်ဆိုင်ရာ လက်ရှိအနေအထားကို အခိုင်အမာ ဆုပ်ကိုင်ထားကြသောကြောင့် ညှိနှိုင်းသဘောတူညီမှုရယူရာတွင် အခက်အခဲ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၁ ခုနှစ် မူအမ္မာ ကဒါဖီအား ဆန့်ကျင်သည့် တော်လှန်ရေးပြီးသည့်နောက်တွင် လစ်ဗျားနိုင်ငံသည် ၎င်း၏လုံခြုံရေးကဏ္ဍတွင် အလျှင်အမြန် အစိတ်စိတ်အမွှာမွှာကွဲခြင်း၊ လက်နက်ကိုင် ပြည်သူ့စစ်များ တစ်ဟုန်ထိုးတိုးပွားလာခြင်းတို့ကို ကြုံတွေ့ခဲ့ရသည်။ အသွင်ကူးပြောင်းရေးကာလအစ၌ ရွေးကောက်ခံခဲ့ရသော (၂၀၁၂ ဇူလိုင်လတွင် အထွေထွေ အမျိုးသားလွှတ်တော် (GNC) နှင့် ၂၀၁၄ ဖေဖော်ဝါရီလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးအဖွဲ့(CDA)) အဖွဲ့အစည်းများသည် နိုင်ငံရေးလောကအတွင်းရှိ ဤအကွဲအပြဲများကို ထင်ဟပ်နေသည်။ GNC ၌ အသစ်တည်ထောင်ထားသော နိုင်ငံရေးပါတီများနှင့် မဟာမိတ်အဖွဲ့များ ၂၀ ကျော်ပါဝင်ပြီး CDA ကိုမူ 'နိုင်ငံ၏ ပင်မ နိုင်ငံရေးအုပ်စုများနှင့် အကျိုးစီးပွားတို့ကို မည်ကာမတ္တသာမျှ ကိုယ်စားပြုသော' တစ်သီးပုဂ္ဂလများဖြင့် အများဆုံး ဖွဲ့စည်းထားသည် (Al-Ali 2021: 47)။ ပါလီမန် ရွေးကောက်ပွဲအသစ်များကို ၂၀၁၄ ခုနှစ်၊ ဇွန်လ၌ ကျင်းပခဲ့သော်လည်း ရလဒ်များကို GNC မှ အစ္စလာမ် ကိုယ်စားလှယ်အချို့က အသိအမှတ် မပြုကြပေ။ ယင်းက နိုင်ငံ၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် အခြေစိုက်သော အပြိုင်အဆိုင် ပါလီမန်နှင့် အစိုးရနှစ်ဖွဲ့ကို ပေါ်ပေါက်လာစေပြီး ဒေသခံပြည်သူ့စစ် အစုအဝေးတစ်ခုကြားတွင် ဖြစ်သောစစ်ပွဲက အစိုးရနှစ်ရပ်စလုံးကို ထောက်ကူပေးသည်။ CDA သည် လေးလထက် နည်းသောအချိန်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ မူသစ်တစ်ခုကို အကြမ်းရေးဆွဲ အတည်ပြုပိုင်ခွင့် အပ်နှင်းခံရသည် (၂၀၁၁ ခုနှစ် အခြေခံဥပဒေဆိုင်ရာ ကြေညာချက်၊ ပုဒ်မ ၃၀)။ သို့သော် ၎င်းသည် နိုင်ငံရေးနှင့် စစ်ရေးပဋိပက္ခအတွင်း၌ အကျပ်စိုက်သွားခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပထမဆုံးမူကြမ်းကို အပြီးသတ်နိုင်ခဲ့ပြီး အဆိုပါမူကြမ်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်(Al-Ali 2020)။ သို့သော်လည်း အခြေခံဥပဒေမူကြမ်းသည် လူဦးရေ၏ လိုအပ်ချက်များ အများစု သို့မဟုတ် ပဋိပက္ခရှိနေသော အဖွဲ့အစည်းများ၏ တောင်းဆိုချက် တစ်ခုခုကိုမျှ မဖြည့်ဆည်းပေးနိုင်ခဲ့ပေ။ ၎င်းကို လုံးလုံးအသိအမှတ်မပြုခဲ့ကြပေ။ ယင်းအချိန်၌ ၂၀၁၅ ခုနှစ်မှ စတင်ကာ လစ်ဗျားနိုင်ငံတွင် ကုလသမဂ္ဂ ထောက်ပံ့ရေးအဖွဲ့သည် နိုင်ငံ၏ ပြန်လည်ပေါင်းစည်းမှုကို ဦးတည်သွားစေနိုင်သော ငြိမ်းချမ်းရေးသဘောတူညီချက် တစ်ခုရရှိအောင် အကျိုးဆောင်ပေးနေခဲ့သည်(ICG 2021: 1–2)။ အပြိုင် အစိုးရနှစ်ခုအကြား အကြမ်းဖက်မှု အရှိန်အဟုန် ပိုမြင့်လာခြင်းက ၂၀၂၀ အောက်တိုဘာတွင် အပစ်အခတ်ရပ်ဆဲရေး သဘောတူညီချက်တစ်ခုနှင့် အမျိုးသား စည်းလုံးညီညွတ်ရေး အစိုးရတစ်ရပ် ဖွဲ့စည်းခြင်းကို ဦးတည်သွားစေခဲ့သည်။ ရွေးကောက်ပွဲများကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ၌ ကျင်းပရန် ကြေညာထားခဲ့ကြသည်။ သို့သော်လည်း အခြေခံစည်းမျဉ်းအချို့၊ အထူးသဖြင့်သမ္မတ ရွေးကောက်တင်မြှောက်ပွဲများအတွက် သင့်လျော်သောစံနှုန်း၊ ရွေးကောက်ပွဲများ ကျင်းပမည့် အစီအစဉ်၊ ၂၀၁၇ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း(ICG 2022)အား အတည်ပြုရန် ပြည်သူ့ဆန္ဒခံယူပွဲတို့နှင့်ပတ်သက်၍ အဖွဲ့အစည်းများကြား သဘောမတူညီမှုများက ရွေးကောက်ပွဲများကိုပယ်ဖျက်စေရန် တွန်းအားပေးခဲ့သည်။ ယခုအချိန်၌ အဖွဲ့အစည်းများနှင့် နိုင်ငံတကာမှ အထောက်အပံ့ပေးသူများသည် အကျပ်စိုက်နေသော အခြေအနေအတွက် ဖြေရှင်းနည်းတစ်ရပ်ကို ရှာမတွေ့နိုင်သေးပေ။

## ၂.၂။ ထိပ်ပိုင်းနိုင်ငံရေးသမားများ သို့မဟုတ် အဖွဲ့များ လုံလုံလောက်လောက် မပါဝင်မှု

အဆိုပြုထားသော အပြောင်းအလဲများကို ပဋိပက္ခတွင်ပါဝင်သော အဖွဲ့အစည်း အတော်များများကသဘောတူပြီး စိတ်ပိုင်းဖြတ်ဆောင်ရွက်မည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စနစ်အသစ်တစ်ခုဆီသို့ ဦးတည်သော မည်သည့်သဘောတူညီချက်မဆို ပို၍တည်တံ့ခိုင်မာပေမည်။ ထို့ကြောင့် ဆွေးနွေးညှိနှိုင်းရေးတွင် ထိပ်ပိုင်းနိုင်ငံရေးသမားများ ပါဝင်ခြင်းဖြင့် အခြေခံဥပဒေအသစ်၊ သို့မဟုတ် ပြင်ဆင်ချက်မူတစ်ရပ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ခြေ မြင့်မားလာနိုင်ပါသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို မတူညီသောအစုအဖွဲ့များနှင့် ၎င်းတို့၏ကိုယ်စားလှယ်များ သေချာပေါက်ပါဝင်နိုင်အောင် ပုံစံရေးဆွဲမထားသည့်အခါ သို့မဟုတ် လုပ်ငန်းစဉ်သည် ရှေ့ဆက်ရင်း အစုအဖွဲ့နှင့် ကိုယ်စားလှယ်များပါဝင်မှု ပိုနည်းသွားသည့်အခါ အောက်ပါဖြစ်ရပ်များ ပေါ်ပေါက်လာနိုင်ပါသည်။

အတိုက်အခံကိုယ်စားလှယ်များကို ချန်လှပ်ပြီး၊ သို့မဟုတ်ပါကလည်း ကိုယ့်သဘောနှင့်ကိုယ် မပါဝင်သော အတိုက်အခံကိုယ်စားလှယ်များအား ဆွေးနွေးပွဲတွင် ပါဝင်လာအောင် လုပ်ဆောင်ခြင်းမရှိဘဲ သဘောထားခြင်းတူညီသည့် ထိပ်ပိုင်းနိုင်ငံရေးသမားများကြားတွင်သာ စေ့စပ်ညှိနှိုင်းခြင်းလုပ်ဆောင်ပါက သဘောတူညီချက်ရရှိရန် ပိုလွယ်ကူသွားနိုင်သော်လည်း ထိုသဘောတူညီမှုမှာ တာရှည်ခံလိမ့်မည်မဟုတ်ပေ (Horowitz 2021: 116)။ ၂၀၁၁ ဖေဖော်ဝါရီလ၌ အီဂျစ်နိုင်ငံတွင် ဟိုစနီ မူဘာရက်အား ဖြုတ်ချပြီးသည့်နောက် ဤအတိုင်းဖြစ်ခဲ့သည်။ အစ္စလမ်ဘာသာဝင်နှင့် အစ္စလမ်ဘာသာဝင် မဟုတ်သူများအကြား၊ အစ္စလာမ်ဘာသာဝင်နှင့် စစ်တပ်တို့အကြားတွင် ကွာဟမှုများ ပို၍ကြီးမားလာသည်။ အထူးသဖြင့် မူဘာရက်အလွန် ပထမဆုံးကျင်းပသောဥပဒေပြုရွေးကောက်ပွဲများတွင် အစ္စလာမ်ဘာသာဝင်တို့ မဲအသာဖြင့် အနိုင်ရသည့်အခါတွင် ဖြစ်သည်။ ထိုသို့အနိုင်ရခြင်းကြောင့် ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်အားထိန်းချုပ်ခွင့်ရခဲ့သည် (Al-Ali 2013; Brown 2013)။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ၌ ဆန္ဒခံယူပွဲတစ်ခုကျင်းပပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့သည်။ မဲပေးရာတွင် အလွန့်အလွန်နည်းပါးသော ဦးရေသာပါဝင်ပြီး အတိုက်အခံများစွာတို့က မဲမပေးဘဲ သပိတ်မှောက်ခဲ့ကြသည် (Brown 2013: 49)။ ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် နိုင်ငံတစ်ဝှမ်း ဆန္ဒပြမှုများက မွတ်စလင်ညီအစ်ကိုတော်များအဖွဲ့အစိုးရအား စစ်တပ်မှဆန့်ကျင်အာဏာသိမ်းမှုဖြစ်စေခဲ့ပြီး စစ်တပ်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ချက်ချင်းပင်ရပ်ဆိုင်းပစ်ခဲ့သည်(Kandil 2020)။ ထို့နောက်တွင် အာဏာသိမ်းမှုမှ တဆင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ၌ အီဂျစ် လက်နက်ကိုင်အင်အားစုများက ဦးစီးဆောင်ရွက်ပေးမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် သို့မဟုတ် အများအပြားပြင်ဆင်တည်းဖြတ်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ကြသည်။

### နမူနာဖြစ်စဉ် (၂) - ကင်ညာ

ကင်ညာနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း တစ်ခုကို အပြီးသတ်ရာတွင် အစုအဖွဲ့ပေါင်းစုံ ပါဝင်ရန် ရည်ရွယ်ထားသော်လည်း ဩဇာအာဏာရှိသော လူတစ်စုက သဘောမတူကြဘဲ တစ်ဖက်သတ် ပြင်ဆင်ချက်ထုတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ယင်းက နိုင်ငံရေးလုပ်ရှားမှု အသစ်တစ်ခု ပေါ်ထွန်းလာအောင် အားပေးခဲ့ရာ ထိုလှုပ်ရှားမှုမှတဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ပယ်ချရန်အတွက် အောင်အောင်မြင်မြင် လှုံ့ဆော်စည်းရုံး နိုင်ခဲ့သည်။ အသေးစိတ်ဖော်ပြရလျှင် ၂၀၀၄ ခုနှစ်၊ မတ်လ၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံ(NCC) က အချို့အချက်များနှင့် ပတ်သက်၍ ကျေနပ်ခြင်းမရှိသော်လည်း အခြေခံဥပဒေမူကြမ်းတစ်ခုကို သဘောတူလက်ခံခဲ့သည်။ ၎င်းမူကြမ်းတွင် လွှတ်တော်စနစ်နှင့် ဗဟိုမှ အာဏာ ခွဲဝေကျင့်သုံးခြင်းကဲ့သို့သော တည်ဆဲ ၁၉၆၃ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကွာခြားချက်များစွာရှိသည့် အချက်များ ပါဝင်ခဲ့သည်။ NCC သည် အုပ်ချုပ်ရေးပိုင်းမှ ထိပ်ပိုင်း နိုင်ငံရေးသမားများ၏ ထောက်ခံမှုကိုမူ မရရှိခဲ့ပေ။ လုပ်ငန်းစဉ်၏ နောက်တစ်ဆင့်တွင် NCC က ခွင့်ပြုပေးသော မူကြမ်းကို လွှတ်တော်က အတည်ပြုရမည် ဖြစ်သည်။ သို့သော်လည်း သမ္မတ ကီဘာကီ၏ အမျိုးသားစည်းလုံးညီညွတ်ရေး ညွန့်ပေါင်းအဖွဲ့က သမ္မတအား အာဏာမြင့်မြင့်မားမား ပေးအပ်ထားသော စနစ်ကို ပြန်လည်အသက်သွင်းခြင်း၊ အထက်လွှတ်တော်နှင့် အခြားသောဗဟိုအဆင့် အာဏာများကို ခွဲဝေကျင့်သုံးသည့် အပိုင်းများအား ဖယ်ရှားပစ်ခြင်းဖြင့် မူကြမ်း၏ အရေးပါသည့်အပိုင်းများကို ပြင်ဆင်တည်းဖြတ်ပစ်ခဲ့သည်။ အမျိုးသားစည်းလုံးညီညွတ်ရေးညွန့်ပေါင်းအဖွဲ့သည် အတိုက်အခံ အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်း နှစ်ခုစလုံး တို့၏ဆန္ဒကိုဆန့်ကျင်ပြီး လွှတ်တော်တွင် မူကြမ်းကို သာမန်အများစုဆန္ဒမဲဖြင့် ပြင်ဆင်တည်းဖြတ်ရန် လုပ်ဆောင်မှုက ရိုင်လာအိုဒင်ဂါ ဦးဆောင်သည့် လိမ္မော်ရောင် ဒီမိုကရေစီ အရေး လှုပ်ရှားမှုဟုခေါ်သည့် နိုင်ငံရေးလှုပ်ရှားမှု အသစ်တစ်ခုပေါ်ပေါက်လာရန် အစပျိုးပေးခဲ့သည်။ လိမ္မော်ရောင် ဒီမိုကရေစီအရေး လှုပ်ရှားမှုသည် မူကြမ်းကို ဆန့်ကျင်ရန် အောင်မြင်စွာ စည်းရုံးလှုံ့ဆော်နိုင်ခဲ့ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲပေးသူ ၅၇ ရာခိုင်နှုန်းက ထိုမူကြမ်းကို ပယ်ချခဲ့ကြသည်။ ၎င်းသည် နောက်ပိုင်းတွင်ကျင်းပသော ၂၀၀၇ အထွေထွေရွေးကောက်ပွဲ၌ ကီဘာကီနှင့်အပြိုင် အရေးပါသော အတိုက်အခံခေါင်းဆောင် ဖြစ်လာခဲ့သည် (Murray 2013: 2022 ကိုကြည့်ပါ)။

ဤလုပ်ငန်းစဉ်များတွင် မည်သူ့ကိုပါဝင်စေ၍ မည်သူ့အားချန်လှပ်ထားမည် ဆိုသည့် မေးခွန်းမှာ အငြင်းပွားဖွယ်ရာ ဖြစ်လေ့ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အသစ်တို့ကို ပြည်သူများ လက်ခံလာနိုင်စေရန် သို့မဟုတ် ဆန့်ကျင်ကြရန် ဆော်ဩစည်းရုံးနိုင်သောအုပ်စုများမှာ လုပ်ငန်းစဉ်၌ သေချာပေါက် ပါဝင်သင့်ပြီး ၎င်းတို့၏ထောက်ခံမှုရရှိအောင် ပြုလုပ်သင့်သည်။ ဤအချက်သည် ချီလီနိုင်ငံ၏ ၂၀၂၁-၂၀၂၂ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှ ရရှိလိုက်သော အဓိက သင်ခန်းစာတစ်ခုပင် ဖြစ်သည်။ ချီလီနိုင်ငံ၏ ထိုလုပ်ငန်းစဉ်တွင် ကွန်ဆာဗေးတစ်ပါတီများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာညီလာခံအတွင်း စေ့စပ်ညှိနှိုင်းမှုများမှချန်လှပ်ထားခဲ့ခြင်းက မူကြမ်း အား ပြည်သူ့ဆန္ဒခံယူပွဲတွင် ပယ်ချခံရသည်အထိ ဖြစ်စေခဲ့သည်(Larrain, Negretto and Voigt 2023)။ နိုင်ငံရေးအရ သင့်လျော်မှုရှိမည့် အလားအလာများကြောင့် လုပ်ငန်းစဉ်တစ်လျှောက်တွင် အဖွဲ့အသစ်များ ထွက်ပေါ်လာနိုင်သလို ရှိရင်းစွဲအဖွဲ့များက ၎င်းတို့၏အခန်းကဏ္ဍကို ပြောင်းလဲခြင်းမျိုးလည်းရှိလာနိုင်ပါသည်။ သို့ဖြစ်ရာ လုပ်ငန်းစဉ်ကို ပြောင်းလဲနေသော အခြေအနေများနှင့် လိုက်လျောညီထွေရှိစေရန်အတွက် ပြောင်းလွယ်ပြင်လွယ်ရှိမှုအား အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းထားရာ၌ ကိုယ်ကျိုးကြည့်သော အုပ်စုအသစ်များ ထွက်ပေါ်လာအောင် တွန်းအားပေးရာ

ရောက်နိုင်သည့် မက်လုံးများဖန်တီးမိခြင်းမျိုး မဖြစ်ရလေအောင် လိုအပ်ချက်နှင့် ဟန်ချက်ညီမျှနေဖို့ လိုအပ်ပါသည်။

## ၂.၃။ မရေရာမှု၊ မယုံကြည်မှုနှင့် 'စာချုပ်အသွင်ဆောင်သော' မူကြမ်းရေးဆွဲခြင်း

သဘောတူညီမှု ရရှိရေးတွင် အဓိက အဟန့်အတားတစ်ခုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စေ့စပ်ညှိနှိုင်းရာ၌ အတိုက်အခံ ပါတီများကြား ယုံကြည်မှု မရှိခြင်းဖြစ်သည်။ ပါဝင်ဆောင်ရွက်သူများသည် ၎င်းတို့ စာဖြင့် ရေးသားထားသော သို့မဟုတ် စာဖြင့် မရေးထားသော ကတိများကို အမှန်တကယ် တည်နိုင်၊ မတည်နိုင် တစ်ဦးနှင့်တစ်ဦး သံသယထားနေနိုင်သည်။ များသောအားဖြင့် စွန့်စားရသော(ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ) ညှိနှိုင်းဆွေးနွေးခြင်းများသည် အတိုင်းအတာ တစ်ခုအထိ မယုံကြည်မှု၊မရေရာမှုများကို ဖြစ်ပေါ်စေသည်။ ယင်းက အဖွဲ့အစည်းများကို မူတစ်ခုအား ဖော်ဆောင်ခြင်းမျိုး မဟုတ်ဘဲ သဘောတူစာချုပ် ချုပ်သည့်သဘောမျိုး ဖြစ်စေပြီး အခြေခံ ဥပဒေ မူကြမ်းတစ်ခုဆီသို့ ချဉ်းကပ်ရာတွင်သို့မဟုတ် အခြေခံဥပဒေ အသစ်တစ်ခု အပေါ်တွင် သဘောတူညီမှု မရခြင်းများ ဖြစ်လာနိုင်သည်။ ထိုမှတဆင့် ပါဝင်သည့်အဖွဲ့များသည် (က) အာဏာမျှခြေအတွက် အနာဂတ်တွင်ပြုလုပ်မည့် အပြောင်းအလဲများကြောင့် ၎င်းတို့မနစ်နာရစေရေး သေချာစေရန်အတွက် ပုံမှန်ဥပဒေပြုလုပ်ငန်းစဉ် သို့မဟုတ် အနာဂတ်တရားစီရင်ရေး ဖွင့်ဆိုချက်များကျမှသာ ထည့်သွင်းသင့်သည့် အသေးစိတ်အချက်အလက်များကို အခြေခံဥပဒေစာသားတွင် ထည့်သွင်းခြင်း(နမူနာဖြစ်စဉ် (၃)တွင်ဖော်ပြထားသော နီပေါဖြစ်စဉ်ကိုကြည့်ပါ)၊ (ခ) အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်ပြီး တင်းကျပ်သော လုပ်ထုံးလုပ်နည်းများ၊ သို့မဟုတ် ယာယီဆိုင်းငံ့ခြင်းတို့ကို ထည့်သွင်းပြဋ္ဌာန်းခြင်း (ဥပမာ- လစ်ဗျားနိုင်ငံ၏ ၂၀၁၇ ခုနှစ် အခြေခံဥပဒေမူကြမ်းတွင် ပါရှိသည့် အပိုဒ် ၂၁၆ ကဲ့သို့) တို့ကိုလုပ်ဆောင်ရန် ကြိုးပမ်းလာနိုင်သည်။ မယုံကြည်မှု မြင့်မားခြင်းကြောင့် အဖွဲ့များသည် အချို့ဆုံးဖြတ်ချက်များကို ဗီတိုအာဏာသုံးကာ ပိတ်ပင်ခြင်းနှင့် (အဖွဲ့၏) အကျိုးစီးပွားအချို့အတွက် ပိုမိုကောင်းမွန်စေနိုင်သည်ဟု ယူဆရသော ရွေးချယ်စရာ ဒီဇိုင်းပုံစံနည်းလမ်းကို ရွေးချယ်လုပ်ဆောင်ရန် တွန်းအားပေးခြင်းတို့ကိုလည်း လုပ်ဆောင်လာနိုင်ပါသည် (Brown 2008: 683)။

### နမူနာဖြစ်စဉ် (၃) - **နီပေါ**

နီပေါဖြစ်စဉ်မှာ စိတ်ဝင်စားစရာ နမူနာတစ်ခုပင် ဖြစ်သည်။ ၇ နှစ်ကြာ ဆွေးနွေးညှိနှိုင်းမှုများနှင့် နှစ်ကြိမ်ဆက် တိုင်းပြု ပြည်ပြုလွှတ်တော် ရွေးကောက်ပွဲများ ကျင်းပပြီးနောက်တွင် နီပေါနိုင်ငံ၏ အခြေခံဥပဒေကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်နေ့တွင် တရားဝင်အတည်ပြုပြဋ္ဌာန်းခဲ့သည်။ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ)နှင့် လက်နက်ကိုင်တပ်ဖွဲ့များကြား ဆယ်စုနှစ်တစ်ခုကြာ ပြည်တွင်းစစ်ဆင်နွှဲပြီးနောက်တွင်မှ ထိုကဲ့သို့ အခြေခံဥပဒေဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။ ပထမအကြိမ် တိုင်းပြု ပြည်ပြုလွှတ်တော်ကို ၂၀၀၈ ခုနှစ်၊ ဧပြီတွင် ရွေးကောက်တင်မြှောက်ခဲ့ပြီး အခြေခံဥပဒေမူကြမ်းတစ်ရပ် အပြီးသတ်ပြုစုရန် အချိန်ကာလ ၂ နှစ် သတ်မှတ်ပေးခဲ့သည်။ အခြေခံဥပဒေရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ ဗဟိုချုပ်ကိုင်သည့်စနစ်ကျင့်သုံးသော နိုင်ငံအဖြစ်မှ ဖက်ဒရယ်နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ပြောင်းလဲခြင်းဖြင့် နီပေါနိုင်ငံ ပဋိပက္ခ၏ အရင်းခံအကြောင်းရင်းများကို ဖြေရှင်းနိုင်ရေး ဖြစ်သည် (Edrisinha 2017: 438)။ သို့ရာတွင် နီပေါနိုင်ငံ ပြန်လည်တည်ဆောက်ရေးမှာ - အထူးသဖြင့် မဲဆန္ဒနယ် (ပြည်နယ်)များ၏ အမည်၊ အရေအတွက်၊ နယ်နမိတ်များကို သတ်မှတ်ရာတွင်- အလွန်အငြင်းပွားစရာ အရေးကိစ္စဖြစ်ခဲ့သည် (Karki and Edrisinha 2014; Edrisinha 2017: 440; Dev 2022)။ မော်ဝါဒီများနှင့် (သမိုင်းကြောင်းအရ ဖယ်ကျဉ်ခံလူမျိုးစုဖြစ်သော) မာဒက်ရှ်လူမျိုးတို့က ပြည်နယ်အစိုးရအဖွဲ့များတွင် တိုင်းရင်းသားများက ထိန်းချုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် လူမျိုးစုသရုပ်လက္ခဏာဆိုင်ရာ စံနှုန်းများပေါ်မူတည်၍ ပြည်နယ်အရေအတွက် ပို၍များများ (၁၀ ခုမှ ၁၄ ခုအတွင်း) သတ်မှတ်ရန် အဆိုပြုခဲ့သည်။ နီပေါကွန်ဂရက်နှင့် နီပေါကွန်မြူနစ်ပါတီ( မက်စ်ဝါဒီနှင့် လီနင်ဝါဒီတို့ပေါင်းစည်းထားသော) တို့ကဲ့သို့သော ပို၍ရှေးကျသော နိုင်ငံရေးပါတီများကမူ ရပ်တည်နိုင်စွမ်းကို အခြေခံစံနှုန်းအဖြစ် ထားရှိကာ အများဆုံး ပြည်နယ် ၆ ခုသာသတ်မှတ်ရန် တိုက်တွန်းခဲ့သည် (Khanal 2017: 75)။ ပထမအကြိမ် တိုင်းပြု ပြည်ပြုလွှတ်တော်တွင် ထိုအစုအဖွဲ့နှစ်ခုအနက် မည်သည့်ဘက်ကမျှ ထောက်ခံမဲ ၃ ပုံ ၂ ပုံ မရရှိဘဲ သဘောတူညီမှုရရှိရန်မှာလည်း ဖြစ်နိုင်ခြေမရှိ ဖြစ်ခဲ့သည်။ အကျိုးဆက်အနေဖြင့် လွှတ်တော်သက်တမ်း သတ်မှတ်ချက် ၂ နှစ်ကို ကျော်လွန်၍ အကြိမ်ရေအချို့ သက်တမ်းတိုးခဲ့ရပြီး နောက်ဆုံးတွင် ၂၀၁၂ ခုနှစ်၊ မေ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထိုပထမအကြိမ်လွှတ်တော်ကို ဖျက်သိမ်းခဲ့သည်။ ပထမအကြိမ်တိုင်းပြုပြည်ပြုလွှတ်တော် ဖျက်သိမ်းလိုက်ရခြင်းက လုပ်ငန်းစဉ်ကို ပြိုလဲသွားစေပြီး ပြင်းထန်သောနိုင်ငံရေးပဋိပက္ခများ ပေါ်ပေါက်ခဲ့သည်။ ထိုပဋိပက္ခများမှာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာတွင် ရွေးကောက်ပွဲကျင်းပရန် သက်ဆိုင်ရာအဖွဲ့များကြား သဘောတူညီမှုရရှိပြီးနောက် ပြေလည်သွားခဲ့သည်။ သို့ရာတွင် အခြေခံဥပဒေကိုမူ ပြင်းထန်သော ငလျင်ဘေးဒုက္ခတစ်ခုနှင့် ကြုံတွေ့ရပြီးနောက်တွင်မှ ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့သည်။

## (၂- ၄) အချိန်၊ နှောင့်နှေးခြင်းနှင့် အလျင်လိုခြင်း

ထိလွယ်ရှလွယ်သော၊ သို့မဟုတ် ပဋိပက္ခလွန် အခြေအနေများတွင် အချိန်ဇယားသတ်မှတ်ချက်များမှာ လျစ်လျူရှုခံရခြင်း၊ သို့မဟုတ် နောက်ဆုံးသတ်မှတ်ရက်အမီ မပြီးစီးခြင်းတို့နှင့် ကြုံရလေ့ရှိသည်။ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်၏ အစောပိုင်းအဆင့်များတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် ကြုံရသောအခါတွင် နောက်ထပ်နှောင့်နှေးမှုများထပ်မံကြုံရပြီး အပြောင်းအလဲဖော်ဆောင်ရန်အတွက်လည်း အရှိန်အဟုန် ကျသွားစေသည်။ အကျိုးဆက်အနေဖြင့် အခြေခံဥပဒေတစ်ရပ် ရေးဆွဲအတည်ပြုရေးလုပ်ငန်းစဉ် ယာယီ (သို့မဟုတ် လုံးဝ) မအောင်မမြင်ဖြစ်သွားနိုင်သည် (Horowitz 2021: 107)။ (တောင်ဆူဒန်ဖြစ်စဉ်တွင် တွေ့ရသကဲ့သို့) အချို့သောအဖွဲ့များ

က လုပ်ငန်းစဉ်ပျက်ပြားသွားစေရန် ရည်ရွယ်ချက်ရှိရှိ နှောင့်နှေးအောင်လုပ်ခြင်းမျိုးလည်း ရှိနိုင်သည်။ တစ်ခါတစ်ရံတွင်မူ လုပ်ငန်းစဉ်တွင်ပါဝင်သောအဖွဲ့များသည် အပေးအယူသဘောတူညီမှုများ ရရှိနိုင်ရန်အတွက် အချိန်ပိုမိုလိုအပ်ခြင်း (သို့မဟုတ် အချိန်သတ်မှတ်ချက်အရ ဖိအားပေးရန်လိုအပ်ခြင်း)မျိုးလည်း ရှိတတ်သည်။ နမူနာအနေဖြင့် နီပေါနိုင်ငံဖြစ်စဉ်မှာ ထိုကဲ့သို့သော ဖြစ်စဉ်ဟု ဆိုနိုင်ပါသည်(နမူနာဖြစ်စဉ် ၄)။

နှောင့်နှေးကြန့်ကြာမှုများကြောင့် ပြဿနာများနှင့်ကြုံတွေ့ရနိုင်သည်မှာမှန်သော်လည်း နောက်ဆုံးရက်သတ်မှတ်ချက်အမီ ပြီးအောင်လုပ်ဆောင်ရသည့် ဖိအားများကြောင့်လည်း နီပေါနိုင်ငံတွင်ကဲ့သို့ သက်ဆိုင်ရာပုဂ္ဂိုလ်များက အဖွဲ့အားလုံး၏ သဘောတူညီမှုမရဘဲ အခြေခံဥပဒေစာသားတစ်ရပ် ထုတ်ဝေခြင်းမျိုး လုပ်မိနိုင်သည် (AFP 2015; Horowitz 2021: 107 တွင်လည်းကြည့်ပါ)။ ထို့ပြင် ဆိုမာလီယာတွင်(နမူနာဖြစ်စဉ် ၅ ကိုကြည့်ပါ) နှင့် အီရတ် ၂၀၀၅ အခြေခံဥပဒေတွင် တွေ့ရသကဲ့သို့ ပြည့်စုံမှုမရှိသော၊ သို့မဟုတ် မရှင်းလင်းသော အခြေခံဥပဒေစာသားမျိုးလည်း ထွက်လာနိုင်သည်။ စင်စစ် အချိန်ပိုပေးထားခြင်းက ပါဝင်သူအားလုံး ပိုမိုလက်ခံမှုရှိသော သဘောတူညီချက်ကို ရရှိနိုင်မည်ဟုလည်း မဆိုနိုင်ပါ။ သို့သော် မျှော်မှန်းထားသည့်အတိုင်း အခြေခံဥပဒေရလဒ်တစ်ခုရရှိခြင်းကတော့ အကောင်းဆုံးဖြစ်ပေသည်။ သို့သော် စေ့စေ့စပ်စပ်လုပ်ဆောင်ရန် အချိန်ပိုပေးထားခြင်းနှင့် အချိန်ဇယားသတ်မှတ်ချက်မှာ ပြောင်းလွယ်ပြင်လွယ်ရှိခြင်းတို့ကြောင့်လည်း ဆိုးကျိုးများ ရှိလာနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အချိန်ပိုလျှံခြင်းနှင့် အချိန်သတ်မှတ်ချက်ကို ပြောင်းလဲနိုင်ခြင်းတို့ကြောင့် အချို့လူပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့များက လုပ်ငန်းစဉ်ကို ဖျက်လိုဖျက်ဆီး လုပ်ရန်၊ သို့မဟုတ် ပို၍ကျယ်ပြန့်သော ရည်မှန်းချက်များထက် ၎င်းတို့၏ကိုယ်ကျိုးစီးပွားကိုသာ ဦးစားပေးရန် အခွင့်အရေးရရှိနိုင်သောကြောင့် ဖြစ်သည်။

## နမူနာဖြစ်စဉ် (၄) - နီပေါ

နီပေါနိုင်ငံ၏ ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်၏ သက်တမ်းကို အများဆုံး ၂ နှစ်အထိသာ သတ်မှတ်ခဲ့ပြီး ကြားကာလ အခြေခံဥပဒေအရ အများဆုံး ၆ လ တစ်ကြိမ်တည်းသာ သက်တမ်းတိုးခွင့်ရှိသော်လည်း တစ်ကြိမ်မက သက်တမ်းတိုးခဲ့သည်(ပုဒ်မ ၆၄)။ ၂၀၁၂ ခုနှစ်၊ မေလတွင် လွှတ်တော်ကိုဖျက်သိမ်းလိုက်သော်လည်း ကြားကာလအခြေခံဥပဒေတွင် ဒုတိယအကြိမ် လွှတ်တော်ရွေးကောက်တင်မြှောက်ခြင်းနှင့် ပတ်သက်၍ မည်သည့်ပြဋ္ဌာန်းချက်မျှ ပါဝင်ခြင်း မရှိပေ(Edrisinha 2017: 442)။ ထို့ကြောင့် ပထမအကြိမ်လွှတ်တော်တွင် ကိုယ်စားပြုပါဝင်ခဲ့သော ပါတီများကြားတွင် သဘောတူညီမှုရယူရန် လိုအပ်လာခဲ့သည်။ ၎င်းတို့က တရားလွှတ်တော်ချုပ် အကြီးအကဲ ဦးဆောင်သောကျွမ်းကျင်ပညာရှင်အခြေပြု အစိုးရတစ်ရပ်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြပြီး ထိုအစိုးရအဖွဲ့က နိုဝင်ဘာ ၂၀၁၃ ခုနှစ်တွင် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။

ဒုတိယအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်တွင် မော်ဝါဒီများသည် လွှတ်တော်တွင်း အမတ်နေရာအများစုဖြစ်မှုကို လက်လွှတ်ခဲ့ရပြီး တတိယမြောက်အင်အားအကြီးဆုံးပါတီသာ ဖြစ်ခဲ့ကာ နီပေါကွန်ဂရက်ပါတီနှင့် နီပေါကွန်မြူနစ်ပါတီ (မက်စ်ဝါဒီနှင့် လီနင်ဝါဒီတို့ ပေါင်းစည်းထားသော)တို့က အမတ်နေရာ ထက်ဝက်ကျော်ရရှိကာ အနိုင်ရခဲ့သည် (Edrisinha 2015: 311; Edrisinha 2017)။ သို့ရာတွင် ဤလွှတ်တော် ဖွဲ့စည်းပုံအသစ်တွင်လည်း ကနဦး၌ အနာဂတ်ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ သဘောတူညီမှုရရှိရန် ခက်ခဲခဲ့ပြီး နောက်ဆုံးသတ်မှတ်ရက်အမီ မလုပ်ဆောင်နိုင်ခြင်းများနှင့် ထပ်မံကြုံတွေ့ခဲ့ရသည်။

၂၀၁၅ ဧပြီတွင် ငလျင်ဘေးဒုက္ခဆိုးကြီးကို ခံစားလိုက်ရပြီးနောက်တွင်မှသာ မော်ဝါဒီများသည် အပြီးသတ်အခြေခံဥပဒေကို ပြဋ္ဌာန်းနိုင်ရေးတွင် လွှတ်တော်တွင်း အင်အားကြီးပါတီကြီး နှစ်ခုနှင့် ပူးပေါင်းခဲ့သည်။ အခြေခံဥပဒေအသစ်တွင် နီပေါနိုင်ငံ နယ်နမိတ်ကို ပြည်နယ် ၇ ခုအဖြစ် ခွဲခြားသတ်မှတ်ခဲ့ပြီး ထိုသတ်မှတ်ချက်ကို မာဒက်ရှ်နှင့် ဂျာဟာဂျာဒက်ရှ် တို့ကဲ့သို့သော ယခင်က ဖယ်ကျဉ်ခံခဲ့ရသော တိုင်းရင်းစုများက ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့သည်။

### နမူနာဖြစ်စဉ် (၅) - ဆိုမာလီယာ

ဆိုမာလီယာ ဖြစ်စဉ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်၌ နှောင့်နှေးကြန့်ကြာ စေခဲ့သည့် အကြောင်းရင်းများတွင် ပြည်တွင်းရေးပြဿနာများသာမက ဘဲ နိုင်ငံပြင်ပမှလာသည့် အကြောင်းရင်းများလည်း ပါဝင် သည်။ သို့ရာတွင် ၂၀၁၂ ခုနှစ်တွင် ယာယီဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်းမှာမူ နိုင်ငံတကာ၏ ဖိအားများနှင့် တစ်စိတ်တစ်ပိုင်းသက်ဆိုင်ပြီး အောင်မြင်မှုတစ်စိတ်တစ်ပိုင်း ရရှိခဲ့သည်။ ဆိုမာလီယာနိုင်ငံသည် ၂၀၀၄ ခုနှစ်တွင် အသွင် ကူးပြောင်းရေး ဖက်ဒရယ်ပဋိညာဉ်ကိုချမှတ်ပြီး ဖက်ဒရယ် နိုင်ငံထူထောင်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုဖက်ဒရယ်ပဋိညာဉ် သည် ၂၀၀၀ ခုနှစ် ကြားကာလအမျိုးသားရေးပဋိညာဉ်တွင် ချမှတ်ခဲ့သော ဗဟိုချုပ်ကိုင်မှု လျှော့ချထားသည့် တစ်ပြည် ထောင်စနစ်နေရာတွင် ဖက်ဒရယ်စနစ်ဖြင့် အစားထိုးခဲ့ပြီး နိုင်ငံတော် ဖက်ဒရယ်အခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ် ကိုပြဋ္ဌာန်းထားသည်။ ထိုရေးဆွဲရေးလုပ်ငန်းစဉ်ကို အများဆုံး အချိန် ၂ နှစ်ခွဲအတွင်း အပြီးရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒ ခံယူပွဲတစ်ရပ်ဖြင့် အတည်ပြုရမည်ဖြစ်သည် (Transitional Federal Charter, အပိုဒ် ၇၁၊၉)။ သို့ရာတွင် အခြေခံဥပဒေ ရေးဆွဲရန်တာဝန်ယူရမည့် အင်စတီကျူးရှင်းများကိုမူ အချိန် နှင့်တပြေးညီ ဖွဲ့စည်းနိုင်ခဲ့ခြင်းမရှိပေ (Samuels 2010)။ ထို့နောက် အစိုးရနှင့် အစ္စလာမ္မစ်တရားရုံးများသမဂ္ဂ(ICU) တို့ကြား တင်းမာမှုများ မြင့်တက်လာသဖြင့် ယင်းလုပ်ငန်း မှာ နှောင့်နှေးကြန့်ကြာမှုများ ကြုံခဲ့ရသည်။ ပဏာမအခြေခံ ဥပဒေမူကြမ်းကိုပင် ၂၀၁၀၊ ဩဂုတ် ကျမှသာ ထုတ်ပြန်နိုင်ခဲ့ သည်။ အပြီးသတ်အခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် ပြည်သူလူထုကို အသိပညာပေးရေးနှင့် ပြည်သူများက ပူးပေါင်းပါဝင်ပြီး အကြံပြုချက်များပေးလာစေရန် ရည်ရွယ် ချက်ဖြင့် ထိုပဏာမအခြေခံဥပဒေမူကြမ်းကို ပြုစုထားခြင်း ဖြစ်သည် (International IDEA 2018)။ လုံခြုံမှုမရှိခြင်းနှင့် အကြမ်းဖက်မှုများကြောင့် လုပ်ငန်းစဉ်မှာ ထပ်မံကြန့်ကြာ နေခဲ့သော်လည်း ကုလသမဂ္ဂနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များ၏ ပြင်းပြင်းထန်ထန် တိုက်တွန်းမှုကြောင့် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာတွင် အစိုးရက အသွင်ကူးပြောင်းမှု အဆုံးသတ်ရေး လမ်းပြမြေပုံကို ချမှတ်ခဲ့သည်။ ၂၀၁၂ ခုနှစ် အစောပိုင်းတွင် အခြေခံဥပဒေမူကြမ်းအချို့ကိုထုတ်ပြန်ခဲ့ပြီး ထိုမူကြမ်းများသည် နောက်ဆုံးတွင် အပြန်အလှန်ညှိနှိုင်းထား သော မူတစ်ရပ်အဖြစ် ပေါင်းစည်းသွားခဲ့သည်။ သို့ရာတွင် ထိုမူ၏ အဓိကအခန်းများမှာ သဘောမတူညီမှုများ (အထူး သဖြင့် အနာဂတ်ဖက်ဒရယ်စနစ်ပုံစံနှင့်ပတ်သက်ပြီး စိုးရိမ် ပူပန်မှုများကြောင့်) ပြည့်စုံမှုမရှိခဲ့ပေ။ထိုမူကို ယာယီအခြေခံ ဥပဒေဟု ခေါ်ဆိုခဲ့သည်။ ယင်းယာယီ အခြေခံဥပဒေကို အတည်ပြုရန်အတွက် ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပရန် မှာလည်း အကြမ်းဖက်မှုများ ဖြစ်ပွားနေသည့်အခြေအနေ ကြောင့် မဖြစ်နိုင်ခဲ့ပေ။ သက်ဆိုင်ရာအရေးကြီးပုဂ္ဂိုလ်များက သဘောတူညီမှုတည်ဆောက်ရေးနှင့်အပြီးသတ်ရေးအတွက် နောက်ဆက်တွဲ လုပ်ငန်းစဉ်များလုပ်ဆောင်ရန် လိုအပ်နေ သေးကြောင်း သိရှိလက်ခံခဲ့ကြသည်။ ထို့ကြောင့် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေအစား ကြားကာလဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ်ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် ပြဋ္ဌာန်းခဲ့သည် (Elmi 2022: 8 ကိုကြည့်ပါ)။

## ၂-၅။ အခြေခံဥပဒေဒီဇိုင်းတွင် သဘောထားကွဲစေနိုင်သည့် ပြဿနာဖြစ်စေသော အချက်များ

သဘောထားကွဲလွဲမှုများရှိသော ပတ်ဝန်းကျင်များတွင် အလွန်အမင်း သဘောထားကွဲလွဲမှုကို ဖြစ်ပေါ်စေနိုင်သော အချက်အချို့ရှိနေတတ်ရာ အချို့အဖွဲ့များက ထိုအချက်များကို မူကြမ်းတွင်ထည့်သွင်းရန် တိုက်တွန်းလာသည်နှင့် အခြားအဖွဲ့များက ချက်ချင်းဆန့်ကျင်တတ်ကြသည်။ ဥပမာအနေဖြင့် ထိုကဲ့သို့သောအချက်များသည် (သမ္မတ) သက်တမ်းကန့်သတ်ချက်၊ ရွေးကောက်ပွဲစနစ်၊ နိုင်ငံနှင့် ဘာသာရေးကြား ဆက်နွယ်မှု၊ ကိုယ်ဝန်ဖျက်ချပိုင်ခွင့်နှင့် ဒေသတွင်းကိုယ်ပိုင်အုပ်ချုပ်ခွင့် ပြဋ္ဌာန်းမည့်နည်းလမ်း( ဥပမာ- မဲဆန္ဒနယ် အရေအတွက်၊ သို့မဟုတ် ၎င်းတို့၏အာဏာ) တို့နှင့် ပတ်သက်နေနိုင်သည်။ မူကြမ်း၏ အခြားအပိုင်းများအားလုံးအပေါ် သက်ဆိုင်ရာအဖွဲ့များက သဘောတူပြီးနောက်မှာပင် ထိုပြဿနာဖြစ်စေသောအချက်များ (တစ်ချက်မက ရှိနိုင်သည်) ကြောင့် မူကြမ်းတစ်ခုလုံးကို ထိခိုက်စေနိုင်သည်။

**နမူနာဖြစ်စဉ် (၆) - ဂမ်ဘီယာ**

ဂမ်ဘီယာတွင် အခြေခံဥပဒေသုံးသပ်ရေးကော်မရှင်ကို ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် ဖွဲ့စည်းခဲ့ပြီး ထိုကော်မရှင်က ၂၀၂၀ ခုနှစ်၊ မတ်လတွင် အခြေခံဥပဒေမူကြမ်းကို အပြီးသတ်နိုင်ခဲ့သည်။ ထိုမူကြမ်း ရေးဆွဲသည့်လုပ်ငန်းစဉ်မှာ သက်ဆိုင်သူများ ပါဝင်မှုနှုန်းနှင့် ပါဝင်အကြံပြုမှုနှုန်း မြင့်မားသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ခဲ့သည်။ အပြီးသတ်မူကြမ်းတွင် ယခုလက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသူများ အပေါ်တွင်ပါ သက်ရောက်မှုရှိမည့် ရာထူးသက်တမ်းသက်မှတ်ချက်ပါရှိရာ ၎င်းမှာ - မည်သည့် သမ္မတမျှ သက်တမ်းနှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့်မရှိစေရ၊ သက်တမ်းနှစ်ကြိမ်ဟုဆိုရာတွင် လက်ရှိနှင့် ယခင်ထမ်းဆောင်ခဲ့သော သက်တမ်းများကိုပါ ထည့်သွင်းတွက်ချက်ရမည်(Perfect 2022:33) ဟူသော အချက်ဖြစ်သည်။ ထိုပြင်ဆင်ချက်ဥပဒေကြမ်းကို အတည်ပြုနိုင်ရန် အနည်းဆုံး အမျိုးသားလွှတ်တော် အမတ် လေးပုံသုံးပုံက ထောက်ခံရန်လိုအပ်ပြီး ထို့နောက်တွင် ပြည်သူ့ဆန္ဒခံယူပွဲတွင် ပါဝင်မဲပေးသူအရေအတွက်၏ ၇၅ ရာခိုင်နှုန်း၏ ထောက်ခံမဲ ရရှိရန် လိုအပ်သည်( ပုဒ်မ ၂၂၆ နှင့် ၄(ခ) နှင့်၄(ဃ))။ သို့ရာတွင် ထိုဥပဒေကြမ်းသည် အမျိုးသားလွှတ်တော်တွင် လိုအပ်သောထောက်ခံမဲ မရရှိခဲ့ပေ။ အခြေခံဥပဒေစာသား၏ အပိုင်းအများစုမှာ လူထုအကြား ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံမှုနှင့် နိုင်ငံရေးအရ သဘောတူညီမှု ရရှိခဲ့သော်လည်း ထိုမူကြမ်းမှာ သမ္မတနှင့် ထိပ်ပိုင်းနိုင်ငံရေးသမားအများစုအတွက် လက်မခံနိုင်စရာဖြစ်ခဲ့သည် (Reuters 2020; Nabaneh 2020; Perfect 2022 တွင်လည်းကြည့်ပါ)။

## ၂-၆။ လုံလောက်မှုမရှိသော လုပ်ငန်းစဉ်ဒီဇိုင်း

တရားဝင်အခြေခံဥပဒေတစ်ရပ် ပေါ်ထွက်လာရေးအတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီပြီး လက်တွေ့လည်းကျသော အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်တစ်ရပ်ကို ဒီဇိုင်း(ပုံစံ) ချသတ်မှတ်ရသည့် လုပ်ငန်းမှာ အဆင့်များစွာပေါင်းစပ်ပါဝင်ပြီး ရှုပ်ထွေးခက်ခဲသော လုပ်ငန်းစဉ်တစ်ရပ်ပင် ဖြစ်ပါသည်။ ထိုကဲ့သို့သော လုပ်ငန်းစဉ်ဒီဇိုင်းချမှတ်ရာတွင် အချိန်သတ်မှတ်ချက်၊ ဦးစားပေးလုပ်ငန်းအစီအစဉ်၊ ပါဝင်မည့် အင်စတီကျူးရှင်းများနှင့် ၎င်းတို့၏အခွင့်အာဏာ၊ အတည်ပြုခြင်းနှင့် လက်မှတ်ရေးထိုးပြဋ္ဌာန်းခြင်းတို့ကို လုပ်ဆောင်မည့်နည်းလမ်းနှင့် အများပြည်သူ

ပူးပေါင်းပါဝင်သည့် အတိုင်းအတာ တို့ကဲ့သို့သော အရေးကိစ္စများကိုဖြေရှင်းရန် လိုအပ်ပါသည်။ တစ်ခါတစ်ရံတွင် လုပ်ငန်းစဉ်ဒီဇိုင်းကို သေချာစွာ ပုံဖော်ချမှတ်ထားသော်လည်း အခြေအနေ ပြောင်းလဲမှုများကြောင့် လုပ်ငန်းစဉ်မှာ အောင်မြင်ပြီးမြောက်မှုမရှိခြင်းမျိုးဖြစ်တတ်သည်။ တစ်ခါ တစ်ရံတွင်မူ လုပ်ငန်းစဉ်အပေါ် သက်ရောက်မှုရှိလာနိုင်သော အခြေအနေ၊ အကြောင်းအရာကို ထည့်သွင်းမတွက်ချက်ဘဲ၊ သို့မဟုတ် ပြောင်းလဲလာနိုင်သော အခြေအနေများနှင့် လုံလုံလောက် လောက် လိုက်လျောညီထွေ ပြောင်းလဲနိုင်စွမ်းရှိရေးကို ထည့်သွင်းမစဉ်းစားထားဘဲ လုပ်ငန်းစဉ် ဒီဇိုင်းကို ချမှတ်ခြင်းတို့ကြောင့်လည်း လုပ်ငန်းစဉ်မှာ ရည်မှန်းထားသည့်အတိုင်း မအောင်မြင်ခြင်း မျိုးနှင့် ကြုံရနိုင်သည်။ နမူနာအနေဖြင့် ဆိုမာလီယာတွင် အခြေခံဥပဒေမူကြမ်းကို ပြည်သူ့ဆန္ဒ ခံယူပွဲတစ်ရပ်မှတစ်ဆင့် အတည်ပြုလက်မှတ်ရေးထိုးရမည်ဟု သတ်မှတ်ထားခဲ့ရာ အဆက်မပြတ် ဖြစ်ပွားနေသော အကြမ်းဖက်မှုများကြောင့် ထိုကဲ့သို့သော ဆန္ဒခံယူပွဲမျိုး မကျင်းပနိုင်ခဲ့ပေ(လက်ရှိ အချိန်ထိလည်း ကျင်းပနိုင်ခြင်းမရှိသေးပါ)။ ထို့ကြောင့် ဆိုမာလီယာ နိုင်ငံတော်အခြေခံဥပဒေ အဖြစ် ပြဋ္ဌာန်းနိုင်ရန် ရည်မှန်းထားခဲ့သော အခြေခံဥပဒေမူကြမ်းမှာ ၂၀၁၂ ဆိုမာလီ ယာယီအခြေခံ ဥပဒေသာ ဖြစ်လာခဲ့ပြီး ၁၂ နှစ်တာကာလအတွင်း တတိယမြောက် ကြားကာလအခြေခံဥပဒေ ဖြစ် သွားခဲ့သည်။

### နမူနာဖြစ်စဉ် (၇) - **ဆိုမာလီယာ**

ဆိုမာလီယာတွင် ၂၀၁၂ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်အတွင်း လုပ်ငန်းစဉ်ဆိုင်ရာ မပြည့်စုံမှု၊ ဟာကွက်များရှိခဲ့သည်။ ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရမည့် အင်စတီကျူးရှင်း ၂ ခုဖြစ်သော ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ သုံးသပ်ရေးနှင့်အကောင်အထည်ဖော်ရေး ကြီးကြပ်ရေးကော်မတီနှင့် လွတ်လပ်သောယာယီဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ရေးနှင့် အကောင်အထည်ဖော်ရေးကော်မရှင်တို့တွင် ပါဝင်မည့် အဖွဲ့ဝင်များကို ရွေးချယ်ရမည့် သက်ဆိုင်ရာအဖွဲ့အစည်းများထဲမှအချို့မှာ ဖွဲ့စည်းတည်ထောင်ရခြင်းပင် မရှိသေးပေ။ ထိုသို့ မဖွဲ့စည်းရသေးသော အဖွဲ့များထဲတွင် ဖက်ဒရယ်အဖွဲ့ဝင် ပြည်နယ်များနှင့် အထက်လွှတ်တော်တို့လည်း ပါဝင်သည်။ ၂၀၁၂ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေကို မချမှတ်မီတွင် ဖက်ဒရယ်အဖွဲ့ဝင်ပြည်နယ်ဟူ၍ Putland ပြည်နယ် တစ်ခုတည်းသာရှိခဲ့ပြီး ကျန်ပြည်နယ်များကိုမူ ၂၀၁၃ မှ ၂၀၁၆ ခုနှစ်အတွင်းတွင်မှ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည် (Schmidt 2015; Gluck and Bisarya 2020 တွင်ကြည့်ပါ)။ ထို့ကြောင့် အခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်ကို ပထမအကြိမ် လွှတ်တော်သက်တမ်း ၂၀၁၂ မှ ၂၀၁၆ ခုနှစ်အတွင်းတွင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိဘဲ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းကျမှ ဆောင်ရွက်ရန် ရွှေ့ဆိုင်းခဲ့ရသည်။

**နမူနာဖြစ်စဉ် (၈) - တောင်ဆူဒန်**

တောင်ဆူဒန်သမ္မတနိုင်ငံ ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ ပြန်လည်တည်ဆောက်ရေး သဘောတူညီချက်(၂၀၁၈)အရ ၂၀၁၁ တောင်ဆူဒန် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ နေရာတွင် အစားထိုးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ် ရေးဆွဲရေးလုပ်ငန်းစဉ်တစ်ရပ် ထွက်ပေါ်ခဲ့သည်။ သို့ရာတွင် ထိုလုပ်ငန်းစဉ်မှာ မတူညီသော လုပ်ထုံးလုပ်နည်း ၆ ခုနှင့် အညီ ဆောင်ရွက်ရမည့် တရားဝင် အဆင့် ၃ ဆင့်၊ ဥပဒေမူ ဘောင်တစ်ခု၊ နှင့် မတူညီသော အင်စတီကျူးရှင်း ၅ ခုတို့ အပါအဝင် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အလွန်တရာရှုပ်ထွေး သော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ခဲ့သည်။ ထိုလုပ်ငန်းစဉ်အရ ပထမအဆင့်အနေဖြင့် လုပ်ဆောင်ရမည့်အထဲတွင် ဒီဇင်ဘာ ၂၀၂၂ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်း စဉ်ဆိုင်ရာအက်ဥပဒေကို ပြဋ္ဌာန်းရန်နှင့် လုပ်ငန်းစဉ်ကို ကြီး ကြပ်ရန်နှင့် ပြည်သူများပူးပေါင်း ပါဝင်အကြံပေးမှုလုပ်ငန်း ကို ဦးဆောင်ရန် အဖွဲ့ဝင် ၅၇ ဦးပါ နိုင်ငံတော်အခြေခံဥပဒေ သုံးသပ်ရေး ကော်မရှင်ကိုတည်ထောင်ရန် (ယခုဤစာတမ်း ပြုစုချိန်ထိတည်ထောင်ရခြင်းမရှိသေး) တို့ပါဝင်သည်။ ထို့ အပြင် အဖွဲ့ဝင် ၁၅ ဦးပါအခြေခံဥပဒေ ရေးဆွဲရေးကော်မတီ ကိုဖွဲ့စည်းပြီး အခြေခံဥပဒေစာသားမူကြမ်း ပြုစုရန်လည်း ပါဝင်သေးသည်။ ဒုတိယအဆင့်တွင် အုပ်ချုပ်ရေးပိုင်းက ခန့်အပ်သော အဖွဲ့ဝင် ၂၅ ဦးပါ ကြိုတင်ပြင်ဆင်ရေး ကော်မတီခွဲတစ်ခုနှင့် ကိုယ်စားလှယ် ၁၂၀၀ ဖြင့်ဖွဲ့စည်းထား သော အမျိုးသားအခြေခံဥပဒေညီလာခံတို့ကို ဖွဲ့စည်းတည် ထောင်ပြီး အခြေခံဥပဒေကို ချမှတ်ပြဋ္ဌာန်းရမည်ဖြစ်သည်။ ထို့နောက်တွင် လွှတ်တော်နှစ်ရပ်ပူးပေါင်းထားသော တိုင်းပြု ပြည်ပြုလွှတ်တော်ကို ဖွဲ့စည်းကာ အခြေခံဥပဒေအပြီးသတ် မူကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးပြီး သမ္မတက နိုင်ငံတော် အခြေခံဥပဒေအဖြစ် တရားဝင်ကြေညာရမည် ဖြစ်သည် (Akech and Geng 2023)။ အပြန်အလှန်ယုံကြည် မှုမရှိခြင်း၊ လုံခြုံမှုမရှိခြင်းနှင့် အထွေထွေမတည်ငြိမ်မှုများဟူ သည့် အခြေအနေအရပ်ရပ်ကြောင့် လုပ်ငန်းစဉ်မှာ နှောင့်နှေး ကြန့်ကြာမှုအမျိုးမျိုးနှင့် ရင်ဆိုင်ထားရပြီးဖြစ်သည် (Akech 2022; UNMISS 2023)။

## ၂-၇။ ထိပ်ပိုင်းနိုင်ငံရေးသမားများကြား သဘောတူညီမှု မရရှိခြင်း

ဆွေးနွေးပွဲတွင်ပါဝင်နေသော ခေါင်းဆောင်များကြားတွင် အခြေခံအားဖြင့် အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးသည် အနည်းဆုံးအနေဖြင့် တိုင်းပြည်ရင်ဆိုင်နေရသော အရေးကိစ္စအချို့ (အကြမ်းဖက်မှုများ၊ မညီမျှမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း တို့ကဲ့သို့သော)ကို ဖြေရှင်းရန် အထောက် အကူဖြစ်စေနိုင်သည် ဆိုသည့်အချက်ကို အတိုင်းအတာတစ်ခုထိ သဘောတူကြရန်လိုအပ်ပါသည်။ တစ်ချိန်တည်းမှာပင် ခေါင်းဆောင်များသည် သက်ဆိုင်ရာပါဝင်သူအများစုအတွက် အကျိုးဖြစ်ထွန်း စေမည့် နိုင်ငံရေးသဘောတူညီမှု အသစ်တစ်ရပ်ရရှိရေးလုပ်ဆောင်ရန် စိတ်ပိုင်းဖြတ်ထားဖို့လိုအပ် ပြီး သက်ဆိုင်ရာပါဝင်သူများအားလုံးက ထိုကဲ့သို့သော သဘောတူညီမှုရရှိရန် လုံလုံလောက်လောက် အားထုတ်ကြိုးပမ်းလျက်ရှိသည်ဟူသော ယုံကြည်မှုမျိုးလည်း အပြန်အလှန်ထားရှိရပါမည်။ အတိတ် ဖြစ်စဉ်များကိုကြည့်လျှင် အခြေခံဥပဒေရေးဆွဲရေးအဖွဲ့ထဲမှနှင့် ပြင်ပမှဆုံးဖြတ်ချက်ချမှတ်သူများ သည် ညှိနှိုင်းရန်ဆန္ဒမရှိခြင်းကြောင့် လုပ်ငန်းစဉ်များ မအောင်မမြင်ဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း တွေ့ နိုင်ပါသည်။ တစ်ခါတစ်ရံတွင် ထိုကဲ့သို့ညှိနှိုင်းရန် ငြင်းဆန်ရခြင်းမှာ အာဏာလက်ဝယ်ရှိမှု အနေ အထားကြောင့်ဖြစ်ပြီး နမူနာအနေဖြင့် ဆီးရီးယားမှ သမ္မတ ဘာရှာအယ်လ်အာဆတ်ဒ် အစိုးရ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ အာဏာသိမ်းမှုမတိုင်ခင်က မြန်မာလက်နက်ကိုင်တပ်များ၊ သို့မဟုတ် ၂၀၀၅ ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲမတိုင်မီက ကင်ညာနိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်ရေး ညွန့်ပေါင်း အစိုးရ (Kenya's National Rainbow Coalition government) တို့ကိုကြည့်နိုင်ပါသည်။ တစ်ခါ တစ်ရံတွင်မူ ညှိနှိုင်းမှုမလုပ်လိုရသည့် အကြောင်းရင်းမှာ အပေးအယူလုပ်ညှိနှိုင်းလိုက်ရာမှ ထိပ်ပိုင်း

ခေါင်းဆောင်များ၊ သို့မဟုတ် ၎င်းတို့ကို ထောက်ခံသူများအပေါ် မခန့်မှန်းနိုင်သော၊ သို့မဟုတ် ထိန်းချုပ်နိုင်ခြင်းမရှိသော နည်းလမ်းများဖြင့် ထိခိုက်နစ်နာမှုများရှိလာမည်ကို စိုးရွံ့ခြင်းကြောင့်လည်း ဖြစ်နိုင်ပါသေးသည်။ ဂမ်ဘီယာဖြစ်စဉ်မှာ ထိုကဲ့သို့သော ဖြစ်စဉ်မျိုးဟု ယူဆနိုင်ပါသည်။ လစ်ဗျားတွင်မူ နိုင်ငံရေးခေါင်းဆောင်များသည် လစ်ဗျားနိုင်ငံအကျိုးထက် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားများကိုသာ ဦးစားပေးနေကြခြင်းကြောင့် ဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဉ်များကို နှောင့်နှေးအောင် ဟန့်တားထားကြသည်။ ထိုမှတဆင့် နိုင်ငံရေးအကျပ်ဆိုက်ပြီး လုပ်ငန်းစဉ်မှာလည်း ရှေ့မဆက်နိုင်ဖြစ်ခဲ့ရသည်(McDowall 2022)။

### နမူနာဖြစ်စဉ် (၉) - ဆိုမာလီယာ

ဆိုမာလီယာတွင် ဖက်ဒရယ်အစိုးရနှင့် ဂျူဘာလန်းနှင့် ပွန့်တ်လန်း ပြည်နယ်အစိုးရများကြား သဘောထားကွဲလွဲမှုများသည် ၂၀၁၂ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် တိုးတက်မှုမရှိရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ ၎င်းတို့ကြား သဘောထားကွဲလွဲမှုများမှာ အဓိကအားဖြင့် ထမ်းဆောင်ရမည့် တာဝန်များနှင့် အရင်းအမြစ်များခွဲဝေမှု၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုတို့နှင့်ပတ်သက်သည်(OC and ICRC 2021: 29,31)။ ထို့ပြင် ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်အဖွဲ့ဝင် ပြည်နယ်များ၌ ရွေးကောက်ပွဲ ကျင်းပခြင်းနှင့် သက်ဆိုင်သည့် အရေးကိစ္စများကဲ့သို့သော အခြေခံဥပဒေ သုံးသပ်ရေးလုပ်ငန်းစဉ်နှင့် ဆက်စပ်မှုမရှိသည့် အရေးကိစ္စများနှင့် ပတ်သက်ပြီး နိုင်ငံရေးအငြင်းပွားမှုများကြောင့်လည်း ဂျူဘာလန်းနှင့် ပွန့်တ်လန်းပြည်နယ်တို့သည် လုပ်ငန်းစဉ်တွင်ပူးပေါင်းပါဝင်မှုမရှိတော့ဘဲ ဖယ်ခွာခဲ့ကြသည်(Max Planck Foundation 2022: 13–14)။

### နမူနာဖြစ်စဉ် (၁၀) - တန်ဇန်းနီးယား

တန်ဇန်းနီးယားတွင် ထိပ်ပိုင်းခေါင်းဆောင်များကြား သဘောတူညီမှုမရရှိခြင်းမှာ ၂၀၁၁-၂၀၁၅ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ် မအောင်မြင်ရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ ၁၉၇၇ တန်ဇန်းနီးယားအခြေခံဥပဒေပြင်ဆင်ရေးကို ၂၀၁၁ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့သည်။ အခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခြင်းနှင့် ပြည်သူလူထု၏ တိုက်တွန်းအကြံပြုချက်များအပေါ် အခြေခံပြုစုထားသော ပဏာမ မူကြမ်းတစ်ရပ် ပြင်ဆင်ရာတွင် ကြီးကြပ်မည့် အခြေခံဥပဒေသုံးသပ်ရေးကော်မရှင်(CRC)ကို ဖွဲ့စည်းခြင်းတို့ လုပ်ဆောင်ပြီးနောက်တွင်မှ ထိုကဲ့သို့ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်တွင် အဖွဲ့ဝင် ၆၂၈ ဦးပါ တိုင်းပြုပြည်ပြု လွှတ်တော်က ပြည်သူ့ဆန္ဒခံယူပွဲတွင် တင်သွင်းရမည့် 'အဆိုပြုအခြေခံဥပဒေ' ကိုပြုစုရမည် ဖြစ်သည်။ အနိုင်ရပါတီမှ ကိုယ်စားလှယ်အများစုနှင့် ဖွဲ့စည်းထားသော တိုင်းပြုပြည်ပြုလွှတ်တော်သည် CRC ပြင်ဆင်ရေးထားသည့် ပဏာမမူကြမ်းပါ အကြောင်းအရာများကို အငြင်းပွားဖွယ် ပြင်ဆင်ပစ်ခဲ့သည်။ ထွက်ပေါ်လာသော အဆိုပြု အခြေခံဥပဒေတွင် ရှိရင်းစွဲအစိုးရဖွဲ့စည်းပုံ ၂ ခုကို ဆက်လက်ထိန်းသိမ်းထားခဲ့ပြီး CRC က အဆိုပြုသည့် ဖက်ဒရယ်ဖွဲ့စည်းပုံကိုဖယ်ရှားပစ်ခဲ့သည်။ ထို့ပြင် ယခင်ကအတိုင်း သမ္မတကို မြင့်မားသော လုပ်ပိုင်ခွင့်အာဏာများ ပြန်လည်ပေးအပ်ခြင်း၊ CRC မူကြမ်းတွင်ထည့်သွင်းထားသော အာဏာခွဲဝေပေးထားမှုများကို လျှော့ချခြင်း(အထူးသဖြင့် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတွင်)နှင့် အခြားသော ပြင်ဆင်မှုများကို လုပ်ခဲ့သည် (Polepole 2014; Masabo and Wanitzek 2015)။ လွှတ်တော်အတွင်း ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းကို အနိုင်ရပါတီကသာ ဦးဆောင်ခြင်းနှင့် အနိုင်ရပါတီနှင့် အတိုက်အခံများကြား သဘောတူညီမှု မရရှိခြင်းတို့ကြောင့် အတိုက်အခံကိုယ်စားလှယ် ၁၃၀ မှာ လွှတ်တော်ထဲမှ ထွက်သွားခဲ့ပြီး (Maoulidi 2014) ၂၀၁၅ ခုနှစ်၊ ဧပြီတွင် ကျင်းပရန်စီစဉ်ထားသည့် ပြည်သူ့ဆန္ဒခံယူပွဲကို ရွှေ့ဆိုင်းခဲ့ရကာ ဆန္ဒခံယူပွဲကို ပြန်လည်ကျင်းပမည့် အချိန်ကိုလည်း ထပ်မံသက်မှတ်နိုင်ခြင်း မရှိတော့ပေ (Reuters 2015; Halim 2021)။

## ၂-၈။ နိုင်ငံတကာအသိုင်းအဝိုင်း၏ လွှမ်းမိုးမှု၊ သို့မဟုတ် ဝင်ရောက်စွက်ဖက်မှု

နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍသည် အခြေခံဥပဒေရေးဆွဲရေး အပေါ် သက်ရောက်မှုကြီးမားနိုင်ပါသည်။ သို့သော် သက်ရောက်မှုမှာ ပါဝင်ဆောင်ရွက်သူများ၊ ထို ပါဝင်ဆောင်ရွက်သူများနှင့် သက်ဆိုင်ရာအဖွဲ့များကြား ပတ်သက်ဆက်နွယ်မှု၊ ၎င်းတို့ပေးအပ် သော အထောက်အပံ့အမျိုးအစားနှင့် သက်ဆိုင်ရာနိုင်ငံ၏ အခြေအနေတို့ပေါ်တွင် မူတည်ပြီးအမျိုး မျိုးကွဲပြားနိုင်သည်။ နိုင်ငံတကာ၏ အကူအညီသည် အခြေခံဥပဒေဆိုင်ရာဆွေးနွေးညှိနှိုင်းရေးတွင် အင်အားချိန်ခွင်လျှာညီမျှအောင် ကူညီပေးနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်နိုင်သည်။ ဥပမာအနေဖြင့် နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် နိုင်ငံတကာမှအဖွဲ့အသီးသီး သည် အခွင့်အလမ်းအားနည်းသော အဖွဲ့များနှင့် ဖယ်ကျဉ်ခံအုပ်စုများအတွက် စွမ်းဆောင်ရည်မြှင့် တင်ရေးလုပ်ငန်းများဖြင့် ပံ့ပိုးပေးခဲ့သည် (International IDEA 2015:36)။ သို့ရာတွင် တစ်ခါတစ်ရံ၌ နိုင်ငံတကာအကူအညီက လုပ်ငန်းစဉ်ကို ကူညီရာမရောက်ဘဲ နှောင့်ယှက်ရာရောက်နိုင်သည်။ အထူး သဖြင့် သက်ဆိုင်ရာနိုင်ငံ၏ ဖြစ်စဉ်တွင်ပါဝင်နေသော အဖွဲ့အားလုံးနှင့်မဟုတ်ဘဲ ပုဂ္ဂိုလ် (အဖွဲ့) အနည်းငယ်ကိုသာ မျက်နှာသာပေးဆက်ဆံသည့် အခါမျိုးတွင်ဖြစ်ပြီး လစ်ဗျား၊ နီပေါနှင့် ဆိုမာ လီယာတို့မှာ ထိုကဲ့သို့သောဖြစ်စဉ်မျိုးဟု ဆိုနိုင်သည်။

ပြည်တွင်းရေးပဋိပက္ခများမှ နိုင်ငံတကာအသွင်ဆောင်သော ပဋိပက္ခများဖြစ်လာသည့် ဖြစ်စဉ်များကို ခန့်မှန်းခြေအားဖြင့် စစ်အေးခေတ်ပြီးဆုံးချိန်မှ ၉/၁၁ တိုက်ခိုက်မှုအထိ ဆယ်နှစ်တာ အတွင်းတွင် အတွေ့ရနည်းခဲ့ပြီးနောက် ထောင်စုနှစ်သစ်ထဲရောက်ချိန်တွင် ပြန်လည်တွေ့မြင်လာ ရပြီး ပြီးခဲ့သောဆယ်စုနှစ်အတွင်းတွင် ပိုမိုများပြားလာခဲ့သည် (Palik, Obermeier and Rustad 2022: 18–19)။ 'ပြည်ပမှပါဝင်ဆောင်ရွက်သူများသည် ၎င်းတို့၏ ကိုယ်ပိုင်နိုင်ငံခြားရေးမူဝါဒ ရည်မှန်းချက်များအတွက် သက်ဆိုင်ရာနိုင်ငံတွင် ပဋိပက္ခဖြစ်ပွားနေသော အဖွဲ့များထဲမှ ၎င်းတို့၏ မဟာမိတ်ဖြစ်လာနိုင်သည့် အဖွဲ့များကို ရှာဖွေခြင်း၊ နှင့်/သို့မဟုတ် ပဋိပက္ခတွင် ကြားဝင်ဖြေရှင်း ပေးမည့်သူ နေရာလစ်လပ်နေမှုကို အသုံးချခြင်းတို့ ပိုမိုများပြားလာခဲ့သည်။ အိမ်နီးချင်းနိုင်ငံ၊ သို့မဟုတ် နိုင်ငံကိုယ်စားပြုမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် အခြားပါဝင်ဆောင်ရွက် သူများထက် လွှမ်းမိုးနိုင်စွမ်း ပို၍ကြီးမားကြသည်' (Bell and Ainsworth 2022: 6)။ ထိုသို့သော ဝင် ရောက်စွက်ဖက်မှုများက သက်ဆိုင်ရာနိုင်ငံများတွင် နိုင်ငံရေးပြေလည်မှုရရှိရေးအပေါ် သက်ရောက် မှုရှိခဲ့သည်။ အင်အားကြီးအိမ်နီးချင်းနိုင်ငံများ၊ သို့မဟုတ် ဒေသတွင်း အင်အားကြီးနိုင်ငံများက ပဋိ ပက္ခ ဖြစ်ပွားနေသောအဖွဲ့များကို ထောက်ပံ့ရာမှ ထိုအဖွဲ့များက အခြေခံဥပဒေမူဘောင်သစ်များ နှင့် ပတ်သက်ပြီး ညှိနှိုင်းရေးနှင့် သဘောတူညီမှုရယူရေး လုပ်ဆောင်လိုစိတ် ကင်းမဲ့သွားခဲ့သော လစ်ဗျား၊ ဆီးရီးယား၊ တောင်ဆူဒန်နှင့် ဆိုမာလီယာနိုင်ငံဖြစ်စဉ်တို့မှာ ယင်းအတွက် အကောင်းဆုံး နမူနာများပင်ဖြစ်သည် (Somalia, de Waal 2020: 579 တွင်ကြည့်ပါ)။

နိုင်ငံတကာမှပါဝင်ဆောင်ရွက်သူများက ဆွေးနွေးပွဲတွင် ပါဝင်နေသောအဖွဲ့များကို ငွေကြေး နှင့်အရင်းအမြစ်များ ထောက်ပံ့ပေးခြင်းက ထိုအဖွဲ့များအား အခြားအဖွဲ့များနှင့် အပြုသဘော ဆောင်သော ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်လိုစိတ်လျော့နည်းသွားစေနိုင်သည်။ သက်ဆိုင်ရာ အဖွဲ့များကြား အပြန်အလှန်အယုံအကြည်ကင်းမဲ့မှု မြင့်မားနေသောအခြေအနေမျိုးတွင်ဆိုလျှင်

ထိုကဲ့သို့ပို၍ ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ရရှိနေသော အရင်းအမြစ်များက ၎င်းတို့၏ လိုအပ်ချက်များအတွက် လုံလောက်မှုရှိနေနိုင်ပြီး ၎င်းတို့အတွက် ဆွေးနွေးညှိနှိုင်းရာမှ ရရှိလာနိုင်သည်များထက်ပင် ပို၍အကျိုးရှိနေနိုင်ခြင်းကြောင့်ဖြစ်သည်။ စွက်ဖက်ခံနိုင်ငံသည် ဆိုမာလီယာကဲ့သို့ အစိုးရတစ်ရပ်တည်းမဟုတ်ဘဲ အစိုးရအဆင့်ဆင့်ဖြင့် ဖွဲ့စည်းထားသောနိုင်ငံမျိုးဖြစ်ပါက ထိုကဲ့သို့သော သက်ရောက်မှုမျိုးမှာ ပို၍ထင်ရှားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပြည်ပမှ ပါဝင်ဆောင်ရွက်သူများသည် ဒေသအဆင့်အစိုးရအဖွဲ့များမှတဆင့် ၎င်းတို့၏မိတ်ဖက်အဖွဲ့များအတွက် အရင်းအမြစ်များထောက်ပံ့နိုင်ပြီး ဗဟိုအစိုးရကို အင်အားနည်းပါးသွားစေနိုင်သောကြောင့် ဖြစ်သည်။

အခန်း (၃)

# ကျရှုံးမှုအပေါ်တည်ဆောက်ခြင်းနှင့် ကျရှုံးမှုအတွက် ပြင်ဆင်ခြင်း – မှတ်သားစရာ သင်ခန်းစာများ

**အခြေခံဥပဒေရေးဆွဲခြင်း လုပ်ငန်းသည် အမှန်တကယ် လုပ်ဆောင်ချိန်တွင် မူလကြိုတင်စီစဉ်ထားသော လုပ်ငန်းစဉ်အတိုင်းဖြစ်ရန် ခဲယဉ်းလှပါသည်။**

အခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းသည် အမှန်တကယ်လုပ်ဆောင်ချိန်တွင် မူလကြိုတင်စီစဉ်ထားသော လုပ်ငန်းစဉ်အတိုင်းဖြစ်ရန် ခဲယဉ်းလှပါသည်။ လုပ်ငန်းစဉ်များရော၊ ပြဋ္ဌာန်းချက်များပါ တရားဝင်မှု အတိုင်းအတာမြင့်မားစေရန်အတွက် အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များကို သက်ဆိုင်သူအားလုံးပါဝင်မှုနှုန်း မြင့်မားပြီး ပွင့်လင်းမြင်သာမှုရှိသည့် ပုံစံမျိုးဖြစ်အောင် စီစဉ်ချမှတ်လေ့ရှိပါသည်။ သို့သော် ကြိုတင်မျှော်လင့်မထားသည့် အခြေအနေများနှင့် အပြောင်းအလဲများကြောင့် ထိုရည်မှန်းချက်များကို ဖော်ဆောင်ရာ၌ နှောင့်နှေးခြင်း၊ သို့မဟုတ် လုပ်ငန်းစဉ်တစ်ရပ်လုံး လမ်းကြောင်းလွဲသွားခြင်းတို့နှင့် ကြုံရနိုင်ပါသည်။

ထိပ်ပိုင်းခေါင်းဆောင်များ ပါဝင်မှုမရှိခြင်း၊ တစ်ဖက်နှင့်တစ်ဖက် အယုံအကြည်ကင်းမဲ့မှု မြင့်မားခြင်း၊ လုံလောက်မှုမရှိသော အချိန်သတ်မှတ်ချက်များ၊ အပေးအယူလုပ်ရန်ပျက်ကွက်ခြင်း၊ ဖွဲ့စည်းပုံဆိုင်ရာလုပ်ငန်းစဉ် ဒီဇိုင်းချမှတ်ခြင်းနှင့်ဆိုင်သော အရေးကိစ္စများ၊ သဘောထားကွဲစေနိုင်သည့် ဂြိုဟ်မွှေသောအချက်များနှင့် နိုင်ငံတကာမှ ပါဝင်ဆောင်သူများ၏ နှောင့်ယှက်မှုများ ဟူသည့် ပြီးခဲ့သောအခန်းတွင် လေ့လာဆန်းစစ်ခဲ့သော အချက်များက အတိတ်တွင်လုပ်ငန်းစဉ်များ ကျရှုံးခဲ့ရသည့် အကြောင်းရင်းများကို အပြည့်အစုံမဟုတ်သော်လည်း တစိတ်တပိုင်းအနေဖြင့် ရှင်းပြပေးနိုင်ပါသည်။ အနာဂတ်တွင် လုပ်ငန်းစဉ်ဒီဇိုင်းရေးဆွဲချမှတ်မည့်သူများအနေဖြင့် ထိုအချက်များကို မှတ်သားထားခြင်းဖြင့် ထိုအရေးကိစ္စများနှင့် မကြုံရစေရန် ကြိုတင်ကာကွယ်ခြင်း၊ ကြုံတွေ့လာရလျှင် ဖြေရှင်းခြင်းတို့အတွက် အသုံးဝင်မည်ဖြစ်သလို လုပ်ငန်းစဉ်မှထွက်ပေါ်လာမည့် ရလဒ်များနှင့်ပတ်သက်၍ မျှော်မှန်းချက်များချမှတ်ရာတွင်လည်း အသုံးတည့်နိုင်ပါသည်။

ယာယီကျရှုံးခြင်း၊ သို့မဟုတ် ကြန့်ကြာနေခြင်းတို့ကြောင့် ဆောင်ရွက်နေဆဲ လုပ်ငန်းစဉ်တွင် မျှော်မှန်းမထားသောအဆင့်အမျိုးမျိုး ဝင်ရောက်လာနိုင်ပါသည်။ နီပေါဖြစ်စဉ်တွင် ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော် မအောင်မမြင်ဖြစ်ခဲ့ခြင်းကြောင့် ဒုတိယလွှတ်တော်အတွက် ရွေးကောက်ပွဲကျင်းပခဲ့ရပြီး လုပ်ငန်းစဉ် ဆက်လက်လုပ်ဆောင်ရန်နှင့် ပြီးမြောက်အောင်မြင်ရေးကိုလည်း အချိန်ဇယားအသစ်တစ်ခုအပေါ် အခြေခံ၍ လုပ်ဆောင်ခဲ့ရသည်။ မူလက ကြားကာလ အခြေခံဥပဒေပြဋ္ဌာန်းခြင်းနှင့် အခြေခံဥပဒေရေးဆွဲရေးအဖွဲ့ ဖွဲ့စည်းရန် လွတ်လပ်သောရွေးကောက်ပွဲ

များ ကျင်းပခြင်းဟူသည့် အဆင့်နှစ်ဆင့်ဖြင့် အခြေခံဥပဒေရေးဆွဲရေး (Arato(2009:418) အရ "'အဆင့်လိုက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း'" ပုံစံဟုလည်းခေါ်သော) လုပ်ငန်းစဉ်အဖြစ် ချမှတ်ထားသော်လည်း အဆင့်တစ်ခုနှင့်တစ်ခုကြား အကြားအလပ်များ ဖြစ်ပေါ်ခြင်းနှင့်အတူ ကြိုတင်စီစဉ်မထားသော အဆင့်အမျိုးမျိုးဝင်ရောက်ခဲ့ပြီး မျှော်လင့်ချက်ရှိသည်မှာမှန်သော်လည်း ရည်မှန်းထားသည့်အတိုင်း ပြီးမြောက်ရန်သေချာပေါက်အာမခံနိုင်ခြင်းတော့ မရှိတော့ပေ။ ကင်ညာဖြစ်စဉ်မှာလည်း ထိုကဲ့သို့အလားသဏ္ဍာန်တူပင်ဖြစ်သည်။ မူလတင်သွင်းထားသော အခြေခံဥပဒေမူကြမ်းမှာ ၂၀၀၅ ခုနှစ် ဆန္ဒခံယူပွဲတွင် ပယ်ချခံလိုက်ရပြီး ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲမှာလည်း အဓိကရုဏ်းများကြောင့် ဖျက်သိမ်းလိုက်ရချိန်တွင် လုပ်ငန်းစဉ်အသစ်တစ်ရပ် စတင်ခဲ့ရသည်။ ထိုလုပ်ငန်းစဉ်အသစ်အား ယခင်ကြုံတွေ့ခဲ့ရသော ပြဿနာများနှင့် ထပ်မံမကြုံတွေ့ရအောင် ဂရုတစိုက် ပုံစံချမှတ်ခဲ့သည်။ ထိုလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ၂၀၀၄ ခုနှစ်မတ်လတုန်းက ချမှတ်ခဲ့သော ဥပဒေကြမ်းပေါ်တွင် အဓိကအခြေခံ၍ အငြင်းပွားမှုများ၊ တောင်းဆိုချက်များနှင့် ကိုက်ညီမှုရှိအောင် "ကျွမ်းကျင်ပညာရှင်များကော်မတီ" က ပြင်ဆင်ရေးဆွဲထားသည့် မူကြမ်းတစ်ရပ်ကို "အခြေခံဥပဒေသုံးသပ်ရေး လွှတ်တော်ကော်မတီ" ထံတင်သွင်းခဲ့သည်။ ထိုပြင်ဆင်ထားသောမူကြမ်းကို အမျိုးသားညီလာခံက ခွင့်ပြုခဲ့ပြီး ဩဂုတ်လ၊ ၄ ရက်၊ ၂၀၁၀ ခုနှစ်တွင်ကျင်းပသော ဆန္ဒခံယူပွဲတွင် အတည်ပြုခဲ့သည် (Murray 2013)။

အဆင့်ဆင့်လုပ်ဆောင်ရသော၊ သို့မဟုတ် ထပ်ခါထပ်ခါလုပ်ဆောင်ရသော လုပ်ငန်းစဉ်တစ်ရပ်ကို မအောင်မြင်သောလုပ်ငန်းစဉ်ဟု မဆိုနိုင်ပေ။ လုပ်ငန်းစဉ်များ တုံ့ဆိုင်း၊ ကြန့်ကြာမှုကိုနီပေါ၊ တန်ဇန်းနီးယားတို့မှာကဲ့သို့ အခြေခံဥပဒေမူကြမ်း အပြီးမသတ်ရသေးမီမှာပင် ကြုံရနိုင်သလို ဂမ်ဘီယာ၊ ကင်ညာတို့မှာကဲ့သို့ အပြီးသတ် မူကြမ်းရေးဆွဲပြီးမှ လွှတ်တော်၊ သို့မဟုတ် ဆန္ဒခံယူပွဲတွင် ပယ်ချခံရခြင်းကြောင့်လည်း ကြုံရတတ်သည်။ သို့ရာတွင် အထပ်ထပ်လုပ်ဆောင်ရသော (နှင့် ရံဖန်ရံခါတွင် ရှုပ်ထွေးသော) အခြေခံဥပဒေဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများမှတဆင့် လုပ်ငန်းစဉ်တွင် ပါဝင်သောအဖွဲ့များသည် - (က) အဓိက အငြင်းပွားနေသောကိစ္စများကို ဖော်ထုတ်သတ်မှတ်ပြီး အနာဂတ်တွင် ချင့်ချိန်သုံးသပ်ရမည့်အချက်များအတွက် အခြေခံဖြစ်လာနိုင်သည့် သဘောတူညီမှု ရရှိနိုင်ခြင်း၊ (ခ) အပြန်အလှန်ဆက်သွယ်နိုင်မည့် ကွန်ယက်နှင့် လမ်းကြောင်းများ တည်ဆောက်နိုင်ခြင်း၊(ဂ) အနာဂတ် ဒီမိုကရေစီနိုင်ငံရေးတွင် အခန်းကဏ္ဍတစ်ရပ်မှပါဝင်ရန် ကြိုတင်ပြင်ဆင်ထားနိုင်ခြင်းဟူသည့် အကျိုးရလဒ်များကို ရရှိနိုင်ပါသည် (Brown 2008:685)။ ထို့ထက်ပို၍ အရေးပါဖွယ်ရာရှိသော အကျိုးရလဒ်မှာ ထိုဆွေးနွေးညှိနှိုင်းမှုများမှတဆင့် အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ဆိုသည်မှာ အဓိကအားဖြင့် နိုင်ငံရေးလိုအင်ဆန္ဒများ အကောင်အထည်ဖော်ရန် ပြဋ္ဌာန်းရခြင်းဖြစ်သဖြင့် သဘောတူညီမှုနှင့် အပေးအယူများ ညှိနှိုင်းပြုလုပ်ကြရမည့်အဖွဲ့များကြား အနိမ့်ဆုံးရှိရမည့် အတိုင်းအတာတစ်ခုအထိ ယုံကြည်မှုတည်ဆောက်နိုင်လာစေရန်အတွက် အချိန်ပေးရမည်ဖြစ်ကြောင်း ပိုမိုသတိပြုမိလာနိုင်ခြင်းပင် ဖြစ်သည်။

**အဆင့်ဆင့်လုပ်ဆောင်ရသော၊ သို့မဟုတ် ထပ်ခါထပ်ခါ လုပ်ဆောင်ရသော လုပ်ငန်းစဉ် တစ်ရပ်ကို မအောင်မြင်သော လုပ်ငန်းစဉ်ဟု မဆိုနိုင်ပေ။**

သို့သော်လည်း တစ်ခါတစ်ရံတွင် လုပ်ငန်းစဉ်များသည် လစ်ဗျား၊ ဆိုမာလီယာနှင့် ယီမင်တို့မှာကဲ့သို့ အကန့်အသတ်မရှိ ကြန့်ကြာနေလေ့ရှိသည်။ ကြားဝင်စေ့စပ်သူများသည် ထိုကဲ့သို့သော နိုင်ငံအများအပြားတွင် ဝင်ရောက်စေ့စပ်ပေးကြလေ့ရှိသော်လည်း အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်မှာ ပဏာမနိုင်ငံရေးပြေလည်မှုနှင့် ဖြစ်ပေါ်တိုးတက်မှုများကင်းမဲ့နေလျှင် ရှေ့ဆက်နိုင်ဖွယ်ရာ မရှိပေ။

လုပ်ငန်းစဉ်တစ်ရပ်သည် စိတ်ပိုင်းဖြတ်လုပ်ဆောင်မှု မရှိခြင်း၊ သို့မဟုတ် လုပ်ငန်းစဉ် ရှေ့ဆက်စေလိုသည့် စိတ်ဆန္ဒမရှိခြင်းတို့ကြောင့် မအောင်မမြင်ဖြစ်နေခြင်းမျိုး မဟုတ်ပါက ထို ဖြစ်စဉ်၏ လုပ်ငန်းစဉ်တွင်ပါဝင်နေသော အဖွဲ့များနှင့် အကြံပေးသူများအနေဖြင့် လုပ်ငန်းစဉ်လုံးဝ ရပ်တံ့သွားခြင်းမျိုးမဖြစ်ရအောင် ကြိုတင်ကာကွယ်ရာ၌ အကူအညီဖြစ်စေမည့် အနာဂတ်ဖြစ်နိုင် ချေများကို ကြိုတင်၍ သေချာစွာစဉ်းစားထားကြရမည် ဖြစ်သည်။ လုပ်ငန်းစဉ်တွင် ပါဝင်သောအဖွဲ့ များအနေဖြင့် ထိုကဲ့သို့ အနာဂတ်ကိုကြိုတင်မှန်းဆပြီး အစီအစဉ်ရေးဆွဲခြင်းမျိုး လုပ်ဆောင်ပါက အောက်ပါချိန်ဆရမှုများကို စဉ်းစားထားရန် လိုအပ်လာနိုင်ပါသည်။

- *လက်တွေ့ကျသော အချိန်ဇယားနှင့် ပြောင်းလဲနိုင်သည့် အတိုင်းအတာ* - အကောင်းဆုံး ပုံစံအနေဖြင့်ဆိုလျှင်မူ လုပ်ငန်းစဉ်တစ်ရပ်သည် အခြေခံဥပဒေတွင်ပါဝင်မည့် ပြဋ္ဌာန်းချက် များအတွက် သက်ဆိုင်ရာအဖွဲ့များကြား ညှိနှိုင်းရန်နှင့် သဘောတူညီမှုရရှိရန် လိုအပ် သောအချိန်ကို လုံလုံလောက်လောက်ပေးထားပြီး တစ်ဖက်တွင်လည်း ထိုအချိန်ဇယား ကို ပြောင်းလဲနိုင်သည့် အတိုင်းအတာကိုမူ ကန့်သတ်ထားရမည်ဖြစ်သည်။ လက်တွေ့ တွင်မူ ထိုသို့လုပ်ဆောင်နိုင်ရန်မှာ မလွယ်လှပေ။ ကနဦးတွင် အချိန်ဇယားက မည်မျှ လက်တွေ့ကျပုံရသည်ဖြစ်စေ နောက်ပိုင်းတွင် လုပ်ငန်းစဉ်နှောင့်နှေးမှု၊ ထပ်မံတိုးချဲ့ရမှု တို့ကို အကန့်အသတ်မရှိ ကြုံတွေ့လာရနိုင်သည်။ အချိန်ဇယားအတိုင်း လုပ်ဆောင်ရာ တွင် ကြန့်ကြာနေပြီး အချိန်ဇယားကို ပြောင်းလဲ၍လည်းမရသောအခါမျိုးတွင် လုပ်ငန်းစဉ် အသစ်တစ်ခုနှင့် ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့များကြား သဘောတူညီမှုမရမချင်း ရှိရင်း စွဲမူဘောင် (သို့မဟုတ် အခြားသော မူလချမှတ်ထားသည့် မူဘောင်တစ်ခုခု)ကို ဆက် လက်၍ ခိုင်ခိုင်မာမာစွဲကိုင်ထားရန် လိုအပ်နိုင်သည်။ ရှိရင်းစွဲ (ယာယီ) မူဘောင်အတိုင်း သာ ဆက်သွားလိုသော လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့များက ပြေလည်အောင် မညှိနှိုင်း ဘဲ မရေမရာဖြစ်နေသည့် အခြေအနေကို ဆွဲဆန့်ထားခြင်းမျိုးလုပ်ဆောင်နိုင်ပြီး ၎င်း တို့၏ ထုတ်ဖော်မပြောသော ရည်မှန်းချက်များကို ဆက်လက်ကိုင်စွဲထားရန် အချိန်ဆွဲခြင်း မျိုးပင် လုပ်ဆောင်ဖွယ်ရာရှိသည်။ အချိန်ဇယားက အချို့သောအဖွဲ့များအတွက် တစ်ဖက် သက်ပြောင်းလဲပစ်၍ ရသည်အထိ ပြောင်းလွယ်ပြင်လွယ်ရှိနေလျှင်လည်း ထိုကဲ့သို့သော အခြေအနေမျိုးနှင့် ကြုံရနိုင်သည်။ ပဋိပက္ခကို ပြောင်းလဲသွားစေနိုင်သည့်အရာများနှင့် ဆွေးနွေးပွဲတွင်ပါဝင်သူများကြား ပတ်သက်ဆက်ဆံမှုတို့ကို အချိန်ဇယားသတ်မှတ်ရာတွင် သာမက ယင်း၏ပြောင်းလဲနိုင်သည့် အတိုင်းအတာကို သတ်မှတ်ရာတွင်ပါ ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။ ထို့ပြင် အချိန်ဇယား ပြောင်းလဲသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ကြီးကြပ်ထိန်းကျောင်းပြီး အကဲဖြတ်ပေးရန်အတွက် လုပ်ထုံးလုပ်နည်းတစ်ရပ် ချမှတ် ထားရန်၊ သို့မဟုတ် အင်စတီကျူးရှင်းတစ်ခုခုကို အာဏာအပ်နှင်းထားရန်လည်း လိုအပ် သည်။ နမူနာအနေဖြင့် နီပေါနိုင်ငံ၏ ကြားကာလအခြေခံဥပဒေတွင် ဖော်ပြထားသော အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်သည် အချိန်သတ်မှတ်ချက်နှင့် ပတ်သက်၍ အတိုင်း အတာတစ်ခုထိသာ ပြောင်းလဲခွင့်ပေးထားပြီး ၆ လ (တစ်ကြိမ်တည်း) သာ သက်တမ်း တိုးခွင့်ပြုထားသည် (ပုဒ်မ ၆၄)။ ထို့ပြင် အတိုင်းအတာတစ်ခုထိ လွတ်လပ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား အခြေခံဥပဒေအဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် စပ်လျဉ်း ၍ နောက်ဆုံးအဆင့်အာဏာ အပ်နှင်းထားသည်(ပုဒ်မ ၁၀၂(၄))။ နှောင့်နှေးကြန့်ကြာမှု များစွာ ဖြစ်ပေါ်ပြီးနောက်တွင် တရားလွှတ်တော်ချုပ်က ပထမအကြိမ် တိုးပြုပြည်ပြု

လွှတ်တော်ကိုဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး သက်ဆိုင်ရာအဖွဲ့များကို ဆွေးနွေးပွဲအတွင်း ပြန်လည်ပါဝင်ရန် တွန်းအားပေးခဲ့သည်။ သက်ဆိုင်ရာအဖွဲ့များ အပေးအယူလုပ် ညှိနှိုင်းလာအောင် လှုံ့ဆော်ရေးတွင် ဝင်ရောက်၍ဖိအားပေးသော တရားလွှတ်တော်ချုပ်၏ အခန်းကဏ္ဍကို အကဲဖြတ်ရန်မှာမူခက်ခဲသည်။ သို့ရာတွင် အကဲဖြတ်သုံးသပ်သည့် လုပ်ထုံးလုပ်နည်းတစ်ရပ်ရှိခြင်းကြောင့် အနည်းဆုံးအနေဖြင့် အခြေခံဥပဒေပြဋ္ဌာန်းချက်စာသားနှင့်ပတ်သက်၍ သဘောတူညီမှုမရဘဲ လုပ်ငန်းစဉ်ကိုအတိုင်းအဆမရှိ ရပ်တံ့ထား၍ မရကြောင်း အသိပေးထိန်းကျောင်းနိုင်ခဲ့သည်။

- *လုပ်ထုံးလုပ်နည်းဆိုင်ရာ အသေးစိတ်ကျန၊ ရှင်းလင်းပြီး ပြောင်းလွယ်ပြင်လွယ်ရှိသော စည်းမျဉ်းများ* - အခြေခံဥပဒေရေးဆွဲရေးအဖွဲ့၊ သို့မဟုတ် အဖွဲ့များ လည်ပတ်လုပ်ကိုင်ပုံနှင့် ၎င်းတို့၏လုပ်ပိုင်ခွင့်များကို ကျင့်သုံးသည့်နည်းလမ်းတို့နှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများ - တစ်နည်းအားဖြင့် အခြေခံဥပဒေရေးဆွဲခြင်းနှင့် အတည်ပြုခြင်းတို့တွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် အခြေခံဥပဒေရေးဆွဲရေးအဖွဲ့၏ ဖွဲ့စည်းပုံဆိုင်ရာစည်းမျဉ်းများကို တတ်နိုင်သမျှ ရှင်းလင်း၊ ခိုင်မာ၊ အသေးစိတ်ကျနစွာ ဖော်ပြထားရန် လိုအပ်ပါသည်။ ထိုသို့ဖော်ပြထားခြင်းဖြင့် မရေရာသော၊ ဝိရောဓိဖြစ်စေသော၊ မတိကျသောစာပိုဒ်များကို အဓိပ္ပါယ်ဖွင့်ဆိုရာမှ ပေါ်ပေါက်လာနိုင်သည့် အကျပ်ဆိုက်မှုများကို ရှောင်လွှဲနိုင်ရန် အထောက်အကူဖြစ်စေနိုင်ပါသည်။ မရေရာသော၊ သို့မဟုတ် ဝိရောဓိဖြစ်နေသော စာပိုဒ်များကို အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းရန် လိုအပ်လာသော အရေးကိစ္စများ၊ သို့မဟုတ် စည်းမျဉ်းများအား ပြောင်းလဲလာသောအခြေအနေနှင့်အညီ လိုက်လျောညီထွေရှိအောင်ပြင်ဆင်ရန် လိုအပ်လာသောအရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်း စည်းမျဉ်းများထဲ၌ပင် ၎င်းတို့အား ပြင်ဆင်ခြင်းနှင့်ပတ်သက်သော အချက်များကိုလည်း ထည့်သွင်းထားသင့်ပါသည်။ စည်းမျဉ်းများ ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို အချို့အဖွဲ့များက ၎င်းတို့၏ကိုယ်ပိုင်ရည်မှန်းချက်များအတွက် အသုံးချခြင်းမျိုး မဖြစ်စေရန်အတွက် အတည်ပြုခြင်းအတွက် အထူးသတ်မှတ်ချက်များကဲ့သို့သော သီးခြားအကာအကွယ် အစီအမံများကိုလည်း လုပ်ထုံးလုပ်နည်းတွင် ထည့်သွင်းထားရပါမည်။ တူနီးရှား အမျိုးသားတိုင်းပြု ပြည်ပြုလွှတ်တော်၏ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများကို မတ်၊ ၂၀၁၃ ခုနှစ် မှ ဇန်နဝါရီ ၂၀၁၄ ခုနှစ်ထိ အခြေခံဥပဒေရေးဆွဲစဉ်ကာလအတွင်း ၄ ကြိမ်တိုင် ပြင်ဆင်ခဲ့ရသည်။ တိုင်းပြု ပြည်ပြုလွှတ်တော် ရင်ဆိုင်လာရသည့် လုပ်ငန်းစဉ်ရပ်တံ့စေနိုင်သော အခက်အခဲ၊ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ထိုကဲ့သို့ ပြင်ဆင်ခဲ့ရခြင်းဖြစ်သည်။ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများ၊ အထူးသဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းက ကျင့်သုံးမည့်လုပ်ပိုင်ခွင့်များနှင့် ဆောင်ရွက်ပုံနည်းလမ်းများနှင့်ပတ်သက်သော စည်းမျဉ်းများသာ ပို၍အသေးစိတ်ကျ၊ ရှင်းလင်းမှုရှိခဲ့လျှင် ပြင်ဆင်ရသည့်အကြိမ်ရေကို လျှော့ချနိုင်ခဲ့ဖွယ်ရာ ရှိပါသည်။ ထို့ပြင် တိုင်းပြုပြည်ပြုလွှတ်တော်တွင် နောက်ပိုင်းကြုံရသည့် နှောင့်နှေးမှုများနှင့် တင်းမာမှုများလည်း လျော့ပါးသွားခဲ့နိုင်ပါသည် (Carter Center 2014:51-53)။

- *လုပ်ထုံးလုပ်နည်းဆိုင်ရာ အကျပ်ဆိုက်ခြင်းမှ ဖောက်ထွက်ရန် နည်းလမ်းများ* - ခိုင်မာသော လုပ်ထုံးလုပ်နည်း ဖော်ဆောင်ပုံနည်းလမ်းများသည် လုပ်ငန်းစဉ်တွင် ပါဝင်သော

အဖွဲ့များကြား အငြင်းပွားဖွယ်အရေးကိစ္စများတွင် သဘောတူညီမှုရရှိလာအောင် ကူညီပေးနိုင်သည်။ ထို့ပြင် ထိုနည်းလမ်းများသည် အဆိုပါအဖွဲ့များ အနာဂတ်တွင် ရင်ဆိုင်ရနိုင်သော အရေးကိစ္စများအတွက်လည်း အလွန်အရေးကြီးပါသည်။ ထိုနည်းလမ်းများကို မဖြစ်မနေ တရားဝင်ပြဋ္ဌာန်းထားရန် မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် အဖွဲ့များအနေဖြင့် တစ်ခါတစ်ရံတွင် မမျှော်လင့်ဘဲဖြစ်ပေါ်လာသော အရေးကိစ္စများကို သီးခြားဖြေရှင်းနိုင်ရန်အတွက်ဆိုလျှင် လုပ်ထုံးလုပ်နည်းများက ပြောင်းလွယ်ပြင်လွယ် ရှိနေရန် လိုအပ်သောကြောင့်ဖြစ်သည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ အကျပ်ဆိုက်ခြင်းမှ ဖောက်ထွက်ရန် နည်းလမ်းများအဖြစ်ထည့်သွင်းရန် စဉ်းစားသင့်သောနည်းလမ်းအချို့မှာ - (က) ပြဋ္ဌာန်းချက်တစ်ရပ်အနေဖြင့်သာမကပဲ ထိုပြဋ္ဌာန်းချက်မှတစ်ဆင့် ဖြေရှင်းရန်ရည်ရွယ်ထားသည့် အရေးကိစ္စများကို အာရုံစိုက်ခြင်းဖြင့်၊ သို့မဟုတ် အငြင်းပွားဖွယ်အရေးကိစ္စများနှင့်ပတ်သက်သော ဆွေးနွေးပွဲများအတွက် အချိန်ဇယားသတ်မှတ်ခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းတို့လုပ်ဆောင်ရန် လမ်းညွှန်ပေးမည့် ဆက်စပ်လွှမ်းခြုံမှုရှိသော မူဝါဒများနှင့် ပတ်သက်၍ သဘောတူညီမှုရရှိအောင် လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းအစီအစဉ်တစ်ရပ် ရေးဆွဲချမှတ်ခြင်း၊ (ခ) "မူ တစ်ခုတည်းထားရှိရေး စည်းမျဉ်း (one-text rule)" ဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် ကွဲပြားခြားနားသော အဆိုပြုချက်များကို " မူတစ်ခုတည်း" အဖြစ်ပေါင်းစည်းခြင်း၊ ထိုသို့လုပ်ဆောင်ရန်အတွက် သဘောတူညီမှုမရသေးသော အရေးကိစ္စများကို သတ်မှတ်ခြင်း၊ (ဂ) လိုအပ်လာပါက ပြဿနာများကို ဖြေရှင်းနိုင်ရန် အတွက် ထိပ်ပိုင်းခေါင်းဆောင်များအချင်းချင်းကြားနှင့် ခေါင်းဆောင်များနှင့် အောက်အဆင့်များကြား တိုက်ရိုက်အပြန်အလှန်ဆက်သွယ်နိုင်သော ပုံစံမျိုးဖြစ်အောင် အခြေခံဥပဒေရေးဆွဲရေးအဖွဲ့၏ ဖွဲ့စည်းပုံနှင့် ထိုအဖွဲ့၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ စည်းမျဉ်းများအား ပုံစံချသတ်မှတ်ထားခြင်း (ဃ) အချို့သော အရေးကိစ္စများကို ကျွမ်းကျင်ပညာရှင်များ၊ သို့မဟုတ် အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များထံ လွှဲပြောင်းပေးခြင်းဖြစ်ပြီး ထိုပညာရှင်၊ သို့မဟုတ် ကိုယ်စားလှယ်များသည် အခြေခံဥပဒေရေးဆွဲရေးအဖွဲ့၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နိုင်ပြီး အငြင်းပွားဖွယ်အရေးကိစ္စများနှင့်ပတ်သက်၍ မတူညီသောဖြေရှင်းနည်းများ ဖော်ထုတ်ပေးနိုင်ပါသည် (Bisarya and Noel: 5-7)။ တူနီရှားတွင် အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်သည် ၂၀၁၃ ခုနှစ်တွင် သောင်မတင်ရေမကျ အခြေအနေသို့ ရောက်ရှိခဲ့သည်။ ထို့နောက်တွင် အလုပ်သမားသမဂ္ဂများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အဖွဲ့များ၊ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများနှင့် ရှေ့နေများကို ကိုယ်စားပြုသော အဖွဲ့အစည်းအများအပြားက နိုင်ငံရေးပါတီများ ညှိနှိုင်းဆွေးနွေးမှု ပြန်လည်စတင်လာရေး တွန်းအားပေးရန်အတွက် နိုင်ငံတော်ဆွေးနွေးပွဲတစ်ရပ်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပြီး အမှန်တကယ်လည်း အောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့သည်(Horowitz 2021:26)။ တောင်အာဖရိကတွင် ကြားကာလအခြေခံဥပဒေအရ အခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့၏တာဝန်မှာ အကယ်၍ အခြေခံဥပဒေဆိုင်ရာညီလာခံတွင် အများစုဆန္ဒမဲ ၃ ပုံ ၂ ပုံမရရှိခြင်းကြောင့် မူကြမ်းကိုအတည်မပြုနိုင်ခဲ့ပါက အခြေခံဥပဒေမူကြမ်းကို ပြင်ဆင်ရမည့်အချက်များနှင့်ပတ်သက်ပြီး အကြံပေးရန်ဖြစ်သည်။ သို့သော်လည်း နောက်ဆုံးအချိန်ထိ ၃ ပုံ ၂ ပုံ ဆန္ဒမဲဖြင့် အတည်မပြုနိုင်ဖြစ်နေသေးပါက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်းမှာ အကျပ်ဆိုက်နေသည့်အခြေအနေမှ

ဖောက်ထွက်ရန် ပိုမိုထိရောက်သောနည်းလမ်း ဖြစ်လာနိုင်သည် (Murray 2001: 831) ။ တောင်အာဖရိကနှင့် တူနီးရှားနှစ်နိုင်ငံစလုံးတွင် ထိုနည်းလမ်းအတိုင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ကျင်းပခြင်းဖြင့် 'ဆွေးနွေးညှိနှိုင်းမှုတွင် ပါဝင်သည့် အဖွဲ့များအား အပေးအယူညှိနှိုင်းမှုများ လုပ်ဆောင်လာစေရန် တွန်းအားပေးနိုင်ခဲ့ပြီး ပြည်သူများက အခြေခံဥပဒေမူကြမ်းကို ဆန္ဒခံယူပွဲတစ်ရပ်မှတဆင့် ပယ်ချခြင်းမျိုးမဖြစ်အောင်လည်း ရှောင်လွှဲနိုင်ခဲ့သည်' (Bisarya and Noel 2021: 8)။ ကြားဖြတ်ရွေးကောက်ပွဲများနှင့် အခြေခံဥပဒေရေးဆွဲနေဆဲကာလတွင် ကျင်းပသော အကြိုဆန္ဒခံယူပွဲများသည် အကျပ်ဆိုက်နေသည့်အခြေအနေမှ ဖောက်ထွက်နိုင်စေသော နည်းလမ်းများဖြစ်နိုင်သည်မှာ မှန်သော်လည်း ထိုကဲ့သို့သော ရွေးကောက်ပွဲနှင့်ဆန္ဒခံယူပွဲများကိုကျင်းပရန် အမြဲတစေမဖြစ်နိုင်သလို ၎င်းတို့က နိုင်ငံရေးပါတီများကြား ရှိနှင့်ပြီးသား တင်းမာမှုများကိုလည်း ပိုမိုပြင်းထန်သွားစေနိုင်သည်။

- *အကျပ်အတည်းမှဖောက်ထွက်ရန် ထိရောက်မှုရှိသော နည်းလမ်းများ* - အဖွဲ့များကြား အပြင်းအထန် သဘောထားကွဲလွဲမှုများနှင့် ယုံကြည်မှုကင်းမဲ့မှုများရှိပါက သဘောတူညီမှုရရှိနိုင်ရန် ဖြစ်နိုင်ခြေနည်းပါးလာပြီး လုပ်ငန်းစဉ်ရပ်တံ့သွားနိုင်ခြေ မြင့်မားနိုင်သည်။ ညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးနေသောအဖွဲ့များသည် အငြင်းပွားနေသော အရေးကိစ္စများနှင့်ပတ်သက်ပြီး အတိအကျအဆုံးအဖြတ်မပေးလိုသဖြင့် အဓိပ္ပါယ် ရှင်းရှင်းလင်းလင်းမရှိသော၊ ဝိရောဓိဖြစ်သောစကားလုံးများ သုံးနှုန်းခြင်း၊ သို့မဟုတ် အချိန်အကန့်အသတ်နှင့်သာ အတည်ယူနိုင်သော အသုံးအနှုန်းများ (sunrise and sunset clauses) သုံးနှုန်းခြင်းတို့ကို လုပ်ဆောင်ပြီး အငြင်းပွားစရာရွေးချယ်မှုများကို လက်ငင်းမဆုံးဖြတ်ဘဲ အချိန်ရွှေ့ဆိုင်းထားတတ်ကြသည်။ အဖွဲ့အစည်းအသီးသီးသည် မဲဆန္ဒရှင်များ၏ ငြိုငြင်မှုကိုရှောင်လွှဲပြီး ၎င်းတို့အားချွေးသိပ်နိုင်စေရန်အတွက် ထိုနည်းလမ်းများကို အသုံးချလေ့ရှိကြသည်။ သို့သော် ထိုကဲ့သို့သောနည်းစနစ်များကို အသုံးချရာမှ အခြေခံဥပဒေတွင် အားနည်းချက်နှင့် လစ်ဟာချက်များပါဝင်သွားပြီး နောက်တစ်ချိန်တွင် ဒုက္ခပေးလာနိုင်သဖြင့် ဂရုတစိုက် ကိုယ်တွယ်အသုံးချရန် လိုအပ်သည် (Brown 2008: 685)။ အကယ်၍ အခြေခံဥပဒေတွင် လစ်ဟာချက်များရှိသွားလျှင် အာဏာလက်ဝယ်ရှိသူများက နောက်ပိုင်းတွင် ထိုလစ်ဟာချက်များကို ၎င်းတို့၏အကျိုးစီးပွားအတွက် အသုံးချလာနိုင်သည် (Horowitz 2021: 112)။ သို့မဟုတ်ပါကလည်း ထိုလစ်ဟာချက်များသည် ဖွဲ့စည်းပုံဆိုင်ရာပြဿနာများကြောင့် အုပ်ချုပ်မှုစနစ်ရပ်တံ့သွားခဲ့လျှင် ပဋိပက္ခဖြစ်ပွားစရာ အကြောင်းရင်းတစ်ခုလည်း ဖြစ်သွားနိုင်သည် (Inbal and Lerner 2007)။ အခြေခံဥပဒေရေးဆွဲရာတွင် မပြတ်သားခြင်းနှင့် အချိန်ရွှေ့ဆိုင်းခြင်းတို့နှင့် ပတ်သက်၍ နမူနာဖြစ်ရပ်များစွာပင် ရှိပါသည်။ အိန္ဒိယနိုင်ငံတွင် တိုင်းရင်းသား၊ လူမျိုး များပြားစုံလင်လွန်းလှသဖြင့် နိုင်ငံတော်ဘာသာစကားသတ်မှတ်ရာတွင် အငြင်းပွားမှုများပေါ်ပေါက်ခဲ့သည့်ဖြစ်စဉ်မှာ အကောင်းဆုံးဥပမာပင်ဖြစ်သည်။ ထိုအငြင်းပွားမှုမှာ ၃ နှစ်ကြာမြင့်ခဲ့ပြီး နောက်ဆုံးတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို လာမည့်လွှတ်တော်သက်တမ်းကျမှ ကော်မတီတစ်ရပ်ဖွဲ့စည်းလုပ်ဆောင်ပြီး ၁၅ နှစ်အကြာတွင် ထိုအရေးကိစ္စကို ပြန်လည်သုံးသပ်မည်ဟု ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ရွှေ့ဆိုင်းခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ အခြေခံဥပဒေက ဟင်ဒီဘာသာစကားကို တရားဝင် ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ခဲ့သော်လည်း နိုင်ငံတော်ဘာသာစကား

သတ်မှတ်ခြင်းနှင့်ပတ်သက်ပြီး လွှတ်တော်၏ ဥပဒေအရဆုံးဖြတ်ချက်မထွက်ပေါ်မီအထိ အချိန် ၁၅ နှစ်တာ ကာလအတွင်း အင်္ဂလိပ်ဘာသာစကားကိုလည်း ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စအားလုံးတွင် အသုံးပြုခွင့်ပေးခဲ့သည်(ပုဒ်မ ၃၄၃)။ ထို့ပြင် အခြေခံဥပဒေက ပြည်နယ်လွှတ်တော်များအနေဖြင့် ၎င်းတို့ပြည်နယ်တွင် အင်္ဂလိပ်ဘာသာစကားကို အခြေခံရွေးချယ်စရာအဖြစ်ထားရှိပြီး အလိုရှိရာဘာသာစကားကို ပြည်နယ်ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ပိုင်ခွင့်ကိုလည်း ပေးထားခဲ့သည်(ပုဒ်မ ၃၄၅ နှင့် ၃၄၇)။ Lerner ၏(2010:77) အဆိုအရ 'မူကြမ်းရေးဆွဲသူများသည် အငြင်းပွားစရာ ဆုံးဖြတ်ချက်များကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရန် ရှောင်လွှဲပြီး အနာဂတ်နိုင်ငံရေးအင်စတီကျူးရှင်းများ လက်ထက်တွင်မှ ချမှတ်ရန်ရွှေ့ဆိုင်းလိုကြသည်။' ထိုသို့ရွှေ့ဆိုင်းခြင်းဖြင့် လုပ်ငန်းစဉ်ကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အပြီးသတ်နိုင်လိမ့်မည်ဟု ယူဆကြသည်။

- *အခြေခံအဖြစ် ကျင့်သုံးနိုင်မည့် ကြားကာလ ဥပဒေမူဘောင်များ* - အထက်တွင်ဖော်ပြခဲ့သောနည်းလမ်းများထဲမှ တစ်ခုခုကိုအသုံးချသော်လည်း တစ်ခါတစ်ရံတွင် လုပ်ငန်းစဉ်မှာ ရပ်တံ့နေခြင်းမျိုးနှင့် ကြုံရနိုင်သေးသည်။ ထိုသို့ကြုံလာရပါက လက်ရှိ (ယာယီ၊ သို့မဟုတ် အမြဲတမ်း) အခြေခံဥပဒေမူဘောင်က ခေတ်နှင့်လျော်ညီခြင်းမရှိတော့ချိန် (သို့မဟုတ် အချိန်ကာလအပိုင်းအခြားတစ်ခု ကြာပြီးနောက် တရားဝင်မှုမရှိတော့ချိန်) တွင် ရွေးကောက်ပွဲများကလည်း အသစ်ပြဋ္ဌာန်းမည့် အခြေခံဥပဒေမူဘောင်အရသာ ကျင်းပနိုင်မည့် အခြေအနေမျိုး၌ ချက်ချင်းပြန်ပြောင်းစရာ အခြေခံမူဘောင်တစ်ရပ်မရှိလျှင် အခက်တွေ့နိုင်ပါသည်။ ဆိုမာလီယာမှာကဲ့သို့ အချို့သောဖြစ်စဉ်များတွင် အခြေခံဥပဒေစာသားသည် ခိုင်မာမှုရှိသော်လည်း ပြည့်စုံမှုမရှိသေးသည့် အခြေအနေမှာပင် ယာယီအနေဖြင့် လက်ခံကျင့်သုံးပြီး နောက်ပိုင်းတွင် ထိုစာသားကို ပြန်လည်သုံးသပ်နိုင်ရန်နှင့် ပြီးပြည့်စုံအောင် ဖြည့်စွက်နိုင်ရန် လမ်းဖွင့်ပေးထားသည့် နည်းလမ်းမျိုးကို ကျင့်သုံးသည်ကို တွေ့နိုင်သည်။ ဆိုမာလီယာ၏ ၂၀၁၂ ယာယီအခြေခံဥပဒေသည် ပြန်လည်သုံးသပ်သည့်လုပ်ငန်းစဉ် မပြီးသေးမီမှာပင် အနည်းဆုံးအနေဖြင့် အုပ်ချုပ်ရေးမူဘောင်တစ်ရပ် (ပြီးပြည့်စုံမှု မရှိသေးသော်လည်း) ချမှတ်ပေးနိုင်ခဲ့သည်။ ဘူရွန်ဒီတွင် အမျိုးမျိုးသော ကြားကာလအခြေခံဥပဒေများကို ဆက်တိုက်ဆိုသလိုရေးသားခဲ့ရပြီး ၎င်းတို့ထဲမှနောက်ဆုံးတစ်ခုကို အောက်တိုဘာ၊ ၂၀၀၄ ခုနှစ်တွင် ယာယီအခြေခံဥပဒေအဖြစ် ချမှတ်နိုင်ခဲ့ကာ ဇူလိုင်၊ ၂၀၀၅ ခုနှစ်တွင် ထိုယာယီအခြေခံဥပဒေကို ဘူရွန်ဒီအခြေခံဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ခဲ့သည်(Bell and Zulueta 2016:28)။ အတိုချုပ်အနေနှင့် ပြောရလျှင် အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ချက်ချင်းလက်ငင်း ပြဋ္ဌာန်းနိုင်ရန် ရည်ရွယ်ချက်မျိုး ချမှတ်ခြင်းသည် ထိရောက်သော အုပ်ချုပ်ရေးမူဘောင်တစ်ရပ် တည်ဆောက်ရေးတွင် အဟန့်အတား၊ အနှောင့်အယှက် ဖြစ်စေနိုင်ပါ သည်။

- *အခြေခံဥပဒေမူဘောင်(အသစ်)ကို ချက်ချင်းပြင်ဆင်နိုင်ခြေ* - နီပေါတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပထမအကြိမ် တိုင်းပြု ပြည်ပြုလွှတ်တော်ကို ဖျက်သိမ်းလိုက်သောအခါ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် ကာလကြာရှည် နှောင့်နှေးမှုများကြောင့် အခြေခံဥပဒေဆိုင်ရာ ပဋိပက္ခဖြစ်ပွားခဲ့သည်။ ထိုကဲ့သို့သော ဖြစ်စဉ်မျိုးကြုံရလျှင် မည်ကဲ့သို့ လုပ်ဆောင်ရမည်ဆိုသည်နှင့် ပတ်သက်၍ ကြားကာလအခြေခံဥပဒေတွင်

ထည့်သွင်းပြဋ္ဌာန်းထားခြင်းလည်း မရှိခဲ့ပေ။ ဒုတိယအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်ကို ဖွဲ့စည်းပြီးနောက်တွင်လည်း နှောင့်နှေးကြန့်ကြာမှုများနှင့် ထပ်မံကြုံတွေ့ခဲ့ရသည်။ သို့သော် ပြင်းထန်လှသော ငလျင်ဘေးကြီးနှင့်ကြုံတွေ့လိုက်ရခြင်းက မော်ဝါဒီများကို အချိန်မဆိုင်းဘဲ အရေးတကြီးလုပ်ဆောင်ရတော့မည်ဟူသော အသိဝင်သွားစေခဲ့သည်။ ထိုမှတဆင့် ၎င်းတို့သည်သဘောထားပြောင်းလဲပြီး အဆိုပြုထားသော ရှေးရိုးစွဲဆန်သည့် အခြေခံဥပဒေကို သဘောတူလက်ခံခဲ့ကြသည်။ ၂၀၁၅ အခြေခံဥပဒေကို နိုင်ငံရေးအရ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုများရှိသော်လည်း နိုင်ငံတောင်ပိုင်းမှ အရေးပါသော အဖွဲ့များက အခြေခံဥပဒေဆိုင်ရာ မူဘောင်အသစ်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ အထူးသဖြင့် ထိုအခြေခံဥပဒေအသစ်တွင်ပါရှိသော ဖက်ဒရယ်ပုံစံအသစ်နှင့် တိုင်းပြည်အင်စတီကျူးရှင်းများတွင် ၎င်းတို့အတွက် ကိုယ်စားပြုခွင့် မပေးထားခြင်းတို့နှင့် ပတ်သက်၍ ထိုတောင်ပိုင်းသားများက မကျေနပ်ခဲ့ကြပေ။ ဆန္ဒပြပွဲများကြောင့် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများက တိုင်းပြည် အင်စတီကျူးရှင်းများတွင် ၎င်းတို့၏ ကိုယ်စားပြုမှုကို တိုးမြှင့်ပေးနိုင်ရန် အခြေခံဥပဒေတွင် ပြင်ဆင်ချက်များထည့်သွင်းရန် လုပ်ဆောင်ခဲ့သည်။ သို့သော် ဆန္ဒပြအဖွဲ့များက ပြင်ဆင်ချက်မှာ လုံလောက်မှုမရှိဟုဆိုကာ ပယ်ချခဲ့သည်။ အခြား အခြေခံဥပဒေပြင်ဆင်ရေး ဥပဒေကြမ်းနှစ်ရပ်ကိုလည်း ဆွေးနွေးခဲ့ကြသေးသည်။ ထိုဥပဒေကြမ်း ၂ ရပ်မှ နိုဝင်ဘာ၊ ၂၀၁၆ ခုနှစ်တွင်တင်သွင်းသော ဥပဒေကြမ်းမှာ ရုတ်သိမ်းလိုက်ရသည်။ ကျန်ဥပဒေကြမ်းတစ်ခုကို ဧပြီ၊ ၂၀၁၇ ခုနှစ်တွင် ဆွေးနွေးခဲ့ရာ ထိုဥပဒေကြမ်းက အခြားအချက်များနှင့်အတူ ခရိုင်နယ်နမိတ်များ ပြင်ဆင်ခြင်းနှင့် ပတ်သက်ပြီး အဆိုပြုနိုင်သည့် အခွင့်အာဏာရှိသော ကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် ရည်ရွယ်ခဲ့သည်။ ယင်းဥပဒေကြမ်းမှာ ဩဂုတ်၊ ၂၀၁၇ ခုနှစ် တွင် လွှတ်တော်၌ ပယ်ချခံခဲ့ရသည်(Ghimire 2017)။ သို့ရာတွင် အခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းပြီးနောက် ချက်ချင်းပြင်ဆင်နိုင်ခြင်း (ဥပမာအားဖြင့် လစ်ဗျားနိုင်ငံ၏ ၂၀၁၇ အခြေခံဥဒေမူကြမ်းတွင်ကဲ့သို့ ပြင်ဆင်ချက်များနှင့်ပတ်သက်၍ ဆိုင်းငံ့မှုမထည့်သွင်းထားခြင်း) ဖြင့် လုပ်ငန်းစဉ်တွင်ပါဝင်သောအဖွဲ့များအား ပေါ်ပေါက်လာနိုင်ခြေရှိသော ပဋိပက္ခများကို နိုင်ငံရေး (နှင့် ဥပဒေ) လုပ်ငန်းစဉ်များမှတဆင့် ရှောင်လွှဲနိုင်စေပါသည်။ အခြားနည်းလမ်းတစ်ရပ်မှာ ရွေးချယ်လိုက်သော အခြေခံဥပဒေပုံစံကို အချိန်ကာလတစ်ခုသတ်မှတ်ကျင့်သုံးပြီးနောက် ပြန်လည်သုံးသပ်သည့် နည်းလမ်းဖြစ်သည်။ ဥပမာအနေဖြင့် ဘရာဇီးတွင် ၁၉၈၈ အခြေခံဥပဒေကို ချမှတ်ပြီးနောက် ၅ နှစ်အကြာတွင် လက်ရှိ သမ္မတစနစ်အုပ်ချုပ်ရေးကို ဆက်လက်ကျင့်သုံးမလား၊ ပါလီမန်စနစ်ကိုပြောင်းလဲမလားဆိုသည်ကို ဆုံးဖြတ်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပခဲ့သည်။

- *အရေးပါသည့် ပုဂ္ဂိုလ်များ သို့မဟုတ် အများပြည်သူ ပူးပေါင်းပါဝင်မှု* - အတွေ့ရအများဆုံး အများပြည်သူ ပူးပေါင်းပါဝင်မှုနည်းလမ်းများထဲတွင် ပြည်သူများပါဝင် အကြံပြုဆွေးနွေးမှုများ၊ ရွေးကောက်ပွဲများနှင့် ဆန္ဒခံယူပွဲများပါဝင်သည် (Houlihan နှင့် Bisarya 2021 ကို ကြည့်ပါ)။ ထိပ်ပိုင်းနိုင်ငံရေးသမားများကြားတွင် သဘောတူညီမှုရရှိထားသော အခြေအနေတွင်ဆိုလျှင် ပြည်သူများ ပါဝင်အကြံပြုဆွေးနွေးမှု မရှိခြင်းကြောင့် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ် မအောင်မမြင်ဖြစ်ရခြင်းမျိုးနှင့် ကြုံရနိုင်ခြေနည်းပါသည်။ သို့ရာတွင် ထိပ်ပိုင်းနိုင်ငံရေးသမားများကြား သဘောတူညီမှုမရရှိသော အခြေအနေတွင်မူ

ပြည်သူများ ပါဝင်အကြံပြု ဆွေးနွေးမှုလုပ်ငန်းစဉ်မှ ထွက်ပေါ်လာသော ရလဒ်များကို လျစ်လျူရှုခြင်း၊ သို့မဟုတ် ပွင့်လင်းမြင်သာစွာကိုင်တွယ်မှုမရှိခြင်းတို့ကြောင့် လုပ်ငန်းစဉ်တစ်ရပ်လုံးအပေါ် ထိခိုက်လာနိုင်ပါသည်။ နိုင်ငံရေးခေါင်းဆောင်အချို့က ပြည်သူများပါဝင်အကြံပြုချက်များနှင့်အညီ ရေးဆွဲထားသော အခြေခံဥပဒေစာသားကို ပြင်ဆင်ပြောင်းလဲရန် လုပ်ငန်းစဉ်တစ်ရပ်လုံးကို မောင်ပိုင်စီးထားခဲ့သည့် ကင်ညာဖြစ်စဉ်မှာ ထိုကဲ့သို့သောဖြစ်စဉ်မျိုးဟု ဆိုနိုင်ပါသည်။ နောက်ဆက်တွဲအနေဖြင့် အတိုက်အခံခေါင်းဆောင်တို့က အခြေခံဥပဒေမူကြမ်းကို ဆန့်ကျင်ရေးလှုံ့ဆော်မှုများ လုပ်ဆောင်လာကြပြီး ရလဒ်အနေဖြင့် မဲဆန္ဒရှင်အများစုက အခြေခံဥပဒေမူကြမ်းကို ၂၀၀၅ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ပယ်ချခဲ့ကြသည်။ လိုက်ဘေးရီးယားတွင်မူ (အခြေခံဥပဒေ ပြင်ဆင်မည့် ပုံစံနှင့် ပတ်သက်၍ ထိပ်ပိုင်းနိုင်ငံရေးသမားများကြား သဘောတူညီမှုမရရှိခြင်းကြောင့် လုပ်ဆောင်ခဲ့သည်ဟု ယူဆရသော) ပြည်သူများ ပါဝင်အကြံပြုဆွေးနွေးသည့် လုပ်ငန်းစဉ်ကြောင့် သမ္မတ Johson Sirleaf က အခြေခံဥပဒေပြင်ဆင်ရေးကို အချိန်ဆွဲထားခဲ့သည်။ သက်ဆိုင်ရာအဖွဲ့များ ပါဝင်မှုနှုန်းမြင့်မားသော အမျိုးသားအခြေခံဥပဒေညီလာခံမှ ထွက်ပေါ်လာသည့် အဆိုပြုချက် ၂၅ ခု အနက်မှ တစ်ခုတွင် လိုက်ဘေးရီးယားနိုင်ငံကို ခရစ်ယာန်နိုင်ငံအဖြစ် တရားဝင်ကြေညာသင့်သည်ဟု အကြံပြုထားရာ ထိုအကြံပြုချက်အတိုင်း လုပ်ဆောင်ခဲ့ပါက တိုင်းပြည်အတွင်းတွင် ဘာသာရေးပဋိပက္ခဖြစ်ပွားအောင် လှုံ့ဆော်ရာရောက်လိမ့်မည်ဟု သမ္မတက သုံးသပ်ခဲ့သည်။

နီပေါနိုင်ငံတွင် ပထမအကြိမ် တိုင်းပြု ပြည်ပြုလွှတ်တော်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၁၂ ခုနှစ်တွင် ဖျက်သိမ်းလိုက်ပြီးနောက် အခြေခံဥပဒေနှင့်နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းများနှင့် ကြုံတွေ့ခဲ့ရချိန်တွင် ရွေးကောက်ပွဲများကျင်းပပြီး အခြေခံဥပဒေရေးဆွဲရေးအဖွဲ့အသစ် ဖွဲ့စည်းခြင်းဖြင့် ဖြေရှင်းခဲ့သည်။ ထိုနည်းလမ်းမှာ အကျပ်အတည်းများကို ပြေလည်စေခဲ့သော်လည်း တစ်ဖက်တွင်မူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးပါသည့် အားလုံးပါဝင်ပြီး ကိုယ်စားပြုမှုမြင့်မားသည့် အစိုးရတစ်ရပ်နှင့် လူ့အဖွဲ့အစည်း ထူထောင်နိုင်ရေးကြိုးပမ်းမှုများကိုမူ လက်လျှော့ခဲ့ရသည်။ အခြေခံဥပဒေစာသား အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နည်းလမ်းကို အသုံးများလာကြသော်လည်း တစ်ခါတစ်ရံတွင် ဆန္ဒခံယူပွဲများကို မဖြစ်မနေကျင်းပရန် မလိုအပ်ဘဲ တိုင်းပြည်ပြည်ပြုလွှတ်တော်တွင် အခြေခံဥပဒေအသစ်ကို အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် လိုအပ်သောအများစုဆန္ဒမဲ မရရှိသည့်အခါမျိုးမှသာ ကျင်းပရန် လိုအပ်တတ်သည်။

- *နိုင်ငံတကာ အသိုင်းအဝိုင်း* - အခန်း(၂) တွင်ဖော်ပြခဲ့သလိုပင် နိုင်ငံတကာအသိုင်းအဝိုင်းတွင် မြေပြင်မှအရေးပါသော ပုဂ္ဂိုလ်များနှင့် ပတ်သက်ဆက်နွယ်မှုပုံစံ အမျိုးမျိုးရှိပြီး သက်ဆိုင်ရာလုပ်ငန်းစဉ်တွင် ကွဲပြားသော၊ တစ်ခါတစ်ရံတွင် ဆန့်ကျင်ဘက်ဖြစ်သော လိုလားချက်များနှင့် ပါဝင်ဆောင်ရွက်ကြသူ အမျိုးမျိုးပါဝင်ပါသည်။ တစ်ခါတစ်ရံတွင် နိုင်ငံတကာမှ ပါဝင်ပတ်သက်သူများသည် အသွင်ကူးပြောင်းမှု၊ သို့မဟုတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်ကို မအောင်မမြင် ဖြစ်သွားစေသည်အထိ နှောင့်ယှက်နိုင်ပါသည်။ နိုင်ငံတကာက ထိုကဲ့သို့ ပြည်တွင်းလုပ်ငန်းစဉ်များတွင် ဝင်ရောက်လွှမ်းမိုးခဲ့၊ သို့မဟုတ်

လွှန်လွှန်ကျူးကျူး ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ ယခုမှမဟုတ်ဘဲ ရှေးယခင်ကတည်းက ပင် ဖြစ်သည် (Carothers and Samet-Marram 2015)။ သို့သော် ပြည်တွင်းရေး၊ အထူး သဖြင့် အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတကာမှ ပါဝင်ဆောင်ရွက် သူများ၏ လိုလားမှုနှင့် အမှန်တကယ်အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍မူ အမြင် အမျိုးမျိုး ကွဲပြားနေပါသည် (Brandt et al. 2011: 327–29 တွင် ကြည့်ပါ)။ အခြေခံဥပဒေ ရေးဆွဲရေးတွင် နိုင်ငံတကာက ဝင်ရောက်ကူညီမှုကို စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ နည်းစနစ်ပိုင်းအကြံပေးခြင်း စသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့်တွေ့ရပြီး ယင်းအကူအညီများ ၏ အသုံးဝင်မှုနှင့် အကျိုးသက်ရောက်မှုမှာလည်း အခြေအနေ၊ အကြောင်းအရာပေါ် မူတည်၍ ကွဲပြားနိုင်ပါသည်။[၃] အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် ဝင်ရောက် လွှမ်းမိုးနိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ပြည်ပနိုင်ငံများအပါအဝင် ပြင်ပမှဝင်ရောက် ဆောင်ရွက်သူများကြား အပြိုင်အဆိုင်အားပြိုင်မှုများကြောင့်ဒေသတွင်းမှ ပါဝင်ပတ်သက် သူများကြားတွင်သာမက နိုင်ငံတကာမှဝင်ရောက်ဆောင်ရွက်သူများ အချင်းချင်းကြား နှင့် လုပ်ငန်းစဉ်တွင်ပါဝင်သော အင်စတီကျူးရှင်းများကြားတွင်ပါ ပဋိပက္ခများ ဖြစ်ပွား နိုင်ခြေကို မြင့်မားစေနိုင်သည်။ နမူနာအနေဖြင့် ထိုကဲ့သို့သော ဖြစ်စဉ်မျိုးကို ပြီးခဲ့သော ဆယ်စုနှစ်အတွင်း လစ်ဗျား၊ ဆီးရီးယားနှင့် ယီမင်တို့တွင် တွေ့နိုင်ပါသည်။ အစိုးရ အချင်းချင်းကြား အဖွဲ့အစည်းများနှင့် တစ်ခါတစ်ရံတွင် သီးခြားနိုင်ငံများ၊ သို့မဟုတ် နိုင်ငံ ချင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့များကမူ သက်ဆိုင်ရာအဖွဲ့များကြား တွေ့ဆုံဆွေးနွေး နိုင်ရန်၊ သို့မဟုတ် ညှိနှိုင်းနိုင်ရန်အတွက် အခင်းအကျင်းစီစဉ်ပေးခြင်းမျိုးကို လုပ်ဆောင် ပေးနိုင်ပါသည်။ ကုလသမဂ္ဂကဲ့သို့သော အစိုးရအချင်းချင်းကြား အဖွဲ့အစည်းများ၊ သို့မဟုတ် အာဖရိကသမဂ္ဂကဲ့သို့သော ဒေသတွင်းအဖွဲ့အစည်းများသည် (နိုင်ငံတကာ ကြားဝင် စေ့စပ်မှုဖြင့်) ဆွေးနွေးညှိနှိုင်းမှုများတွင် သက်ဆိုင်ရာနိုင်ငံနှင့် ၎င်း၏အသွင်ကူးပြောင်းမှု တွင် သီးခြားအကျိုးစီးပွားနှင့် အခန်းကဏ္ဍ ဖော်ဆောင်ထားသော နိုင်ငံများမှ ကိုယ်စား လှယ်များပါ ပါဝင်စေပြီး ပါဝင်သူအရေအတွက် စုံလင်များပြားလာအောင် တွန်းအားပေး နိုင်သည့် အာဏာရှိကြသည်။ ၁၉၉၉ ခုနှစ် လူဆာကာ အပစ်အခတ်ရပ်စဲရေး သဘောတူ ညီမှုသည် ပြည်တွင်းပဋိပက္ခတွင် ဝင်ရောက်ပါဝင်နေသည့် ပြည်ပနိုင်ငံများကို ဆွေးနွေး ညှိနှိုင်းမှုတွင် ပါဝင်စေပြီး အပစ်ရပ်ရေးအတွက် သဘောတူလာစေရန်နှင့် ပဋိပက္ခတွင် ပြည်တွင်းမှ ပါဝင်ပတ်သက်နေသူများကြား အခြေခံဥပဒေဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုကို ထောက်ခံပေးလာစေရန် လုပ်ဆောင်ခဲ့သည့် နမူနာတစ်ခုပင်ဖြစ်သည်။[၄]

၃ ပဋိပက္ခဖြစ်ပွားရာနိုင်ငံများတွင် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များအတွက် ပြုစုထားသည့် International IDEA ၏ အချက်အလက်များအရ ထိလွယ်ရှလွယ်သည့်အခြေအနေများတွင် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို အကူအညီ ပေးရာ၌ နိုင်ငံတကာအသိုင်းအဝိုင်း၏ အခန်းကဏ္ဍများတွင်ကြားဝင်စေ့စပ်သူ သို့မဟုတ် ကမကထပြုသူ၊ ထောက်ခံပေး သူ၊ သို့မဟုတ် အာမခံချက်ပေးသူ၊ အကြံပေးသူ၊ သို့မဟုတ် ဘဏ္ဍာငွေထောက်ပံ့သူဟူသည့် အခန်းကဏ္ဍများပါဝင်သည်။

၄ လူဆာကာ အပစ်ရပ်သဘောတူညီမှုကို အန်ဂိုလာကိုယ်စားလှယ်များ၊ ကွန်ဂို၊ နမ်ဘီယာ၊ ရဝမ်ဒါ၊ ယုဂန်ဒါနှင့် ဇင်ဘာဘွေ နိုင်ငံများက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အာဖရိကစည်းလုံးညီညွတ်ရေးအဖွဲ့အစည်း၊ ကုလသမဂ္ဂနှင့် အာဖရိကဖွံ့ဖြိုး တိုးတက်ရေး အသိုက်အဝိုင်းတို့က သက်သေများအဖြစ်တက်ရောက်ခဲ့သည်။ ပဋိပက္ခတွင်ပါဝင်သူများက အခြားအချက် များနှင့်အတူ စစ်မက်ပြုခြင်းများကိုရပ်ဆိုင်းရန် သဘောတူခဲ့ပြီး ဒီမိုကရက်တစ်ကွန်ဂိုသမ္မတနိုင်ငံတွင် နိုင်ငံရေးစနစ် သစ်တစ်ရပ် ပေါ်ပေါက်လာစေရန် လမ်းခင်းပေးနိုင်မည့် ကွန်ဂိုနိုင်ငံတွင်း အဖွဲ့အချင်းချင်း ဆွေးနွေးညှိနှိုင်းမှုများ ဖော် ဆောင်ရန်လည်း သဘောတူခဲ့ကြသည်။ (Chapter 5, Annex A, Lusaka Ceasefire Agreement, 1999, <https://peacemaker.un.org/sites/peacemaker.un.org/files/CD990710LusakaAgreement.pdf>).

**လုပ်ငန်းစဉ် မအောင်မြင်ခြင်း ဖြစ်စဉ်သည် မျှော်မှန်းထားသည်ထက် အဖြစ်များပြီး သက်ဆိုင်ရာနိုင်ငံ၏ အနာဂတ်အပေါ် ပြင်းထန်သော ဆိုးကျိုးများ သက်ရောက်နိုင်သဖြင့် အထူးဂရုပြုရန် အရေးကြီးပြီး ကျရှုံးမှုနှင့် ရင်မဆိုင်ရအောင် ကာကွယ်ခြင်းလုပ်ငန်းမှာလည်း ရှုပ်ထွေးလှပြီး မသေချာမရေရာသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိမှတ်ထားရန် လိုအပ်သည်။**

အချုပ်အားဖြင့်ဆိုရလျှင် - လုပ်ငန်းစဉ် မအောင်မြင်ခြင်းဖြစ်စဉ်သည် မျှော်မှန်းထားသည်ထက်အဖြစ်များပြီး သက်ဆိုင်ရာနိုင်ငံ၏ အနာဂတ်အပေါ် ပြင်းထန်သောဆိုးကျိုးများ သက်ရောက်နိုင်သဖြင့် အထူးဂရုပြုရန်အရေးကြီးပြီး ကျရှုံးမှုနှင့် ရင်မဆိုင်ရအောင် ကာကွယ်ခြင်းလုပ်ငန်းမှာလည်း ရှုပ်ထွေးလှပြီး မသေချာမရေရာသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိမှတ်ထားရန်လိုအပ်သည်။ ဆုံးဖြတ်ချက် ချမှတ်သူများအနေဖြင့်လည်း ယခင်ရှိထားသော သဘောတူညီချက်များ၊ သို့မဟုတ် ရှိရင်းစွဲလုပ်ထုံးလုပ်နည်းများအပေါ်မူတည်၍ လုပ်ငန်းစဉ်ကို ချမှတ်ရန်လိုအပ်နိုင်သောကြောင့် မည်သည့်ကြိုတင် သတ်မှတ်ချက်မှမရှိသည့် အခြေအနေမျိုးမှနေ၍ လွတ်လွတ်လပ်လပ်ပုံစံချနိုင်သည့် အခွင့်အရေးမျိုး ရလေ့မရှိကြပေ။ စိတ်ကြိုက်ပုံစံချ မှတ်နိုင်သည့် လွတ်လပ်ခွင့်မျိုးရှိလျှင်ပင် လုပ်ငန်းစဉ်ပုံစံချမှတ်သူများအနေဖြင့် အခြေအနေပြောင်းလဲမှုများ နှင့် ထိုပြောင်းလဲမှုများက လုပ်ငန်းစဉ်အပေါ် လွှမ်းမိုးနိုင်စွမ်းရှိသည့် အရေးပါသောပါဝင်ပတ်သက်သူများ၏ ဆုံးဖြတ်ချက်များနှင့် ပြုမူပုံများအပေါ် သက်ရောက်နိုင်မှုတို့ကို ထည့်သွင်းတွက်ချက်ရလိမ့်ဦးမည်သာ ဖြစ်သည်။ ထို့ပြင် ကျရှုံးမှုနှင့် ရင်မဆိုင်ရစေရန် ရည်ရွယ်သော ကာကွယ်မှုနည်းလမ်းများမှာလည်း အန္တရာယ်ကို ဆောင်ကျဉ်းလာနိုင်ရာ လုပ်ငန်းစဉ်တွင်ပါဝင်နေသူအချို့က ၎င်းတို့၏ ဆုံးဖြတ်ပိုင်ခွင့်အာဏာကို မြှင့်တင်ရန်အတွက် ထိုနည်းလမ်းများကိုအသုံးချနိုင်အောင် လုပ်ငန်းစဉ်ရပ်တံ့သွားသည်အထိ စောင့်ဆိုင်းခြင်း (သို့မဟုတ် လုပ်ငန်းစဉ် ရပ်တံ့သွားအောင် လုပ်ဆောင်ခြင်း) မျိုးပင် ကြုံတွေ့ရနိုင်သည်။ ကျရှုံးမှုကို တစ်ခါတစ်ရံတွင် ရှောင်လွှဲ၍ မရနိုင်ပါ။ သို့သော်လည်း လုပ်ငန်းစဉ်ပုံစံချမှတ်သူများအနေဖြင့် အနာဂတ်တွင် အခြေခံဥပဒေရေးဆွဲမည့်သူများအတွက် အလားအလာရှိသော ရှုံးနိမ့်မှုပေါ်မှ သင်ခန်းစာယူနိုင်ရန် အကူအညီဖြစ်စေမည့် လုပ်ထုံးလုပ်နည်းနှင့် ကိရိယာများကို ၎င်းတို့၏လုပ်ငန်းစဉ်တွင် ထည့်သွင်းထားနိုင်ပါသည်။ ဥပမာအနေဖြင့် - မှတ်တမ်းများထိန်းသိမ်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ ပြည်သူများအား ပညာပေးခြင်းနှင့် ပြည်သူများ၏ အကြံပြုတိုက်တွန်းချက်များကို လက်ခံခြင်းတို့အတွက် လိုအပ်သောရင်းမြစ်များရှိထားအောင် လုပ်ဆောင်ခြင်းမျိုးဖြစ်ပါသည်။ ထိုနည်းလမ်းများနှင့် အခြားသောနည်းလမ်းများသည် အမြဲတစေ အကန့်အသတ်နှင့်သာရှိနိုင်သော ဘဏ္ဍာရေး၊ အချိန်နှင့် လူသားအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်ရန်နှင့် အတိတ်သင်ခန်းစာများမှ သင်ယူနိုင်ရန် အလွန်အသုံးဝင်နိုင်ပါသည်။ ထို့ပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်နိုင်သော ဆွေးနွေးငြင်းခုံပွဲတစ်ရပ် စီစဉ်ပေးခြင်းဖြင့်လည်း အနာဂတ်အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများတွင် ပြည်သူလူထုက သိနားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်လာစေရန် လှုံ့ဆော်ပေးနိုင်ဖွယ်ရာ ရှိပါသည်။

# ကိုးကားစာရင်း

Abdulbari, N., ‘Post-national dialogue constitutional amendments in Sudan: Undermining fundamental rights and decentralization?’, Voices from the Field, ConstitutionNet, International IDEA, 14 December 2017, <https://constitutionnet.org/news/post-national-dialogue-constitutional-amendments-sudan-undermining-fundamental-rights-and>, accessed 26 April 2023

Agence France-Presse (AFP), ‘Nepal misses deadline for constitution after raucous protests’, *Bangkok Post*, 22 January 2015, <https://www.bangkokpost.com/world/459159/nepal-misses-deadline-for-constitution-after-raucous-protests>, accessed 26 April 2023

Akech, J. G., ‘Out of time but full of enthusiasm? Assessing progress and hurdles in South Sudan’s constitution-making process’, Voices from the Field, ConstitutionNet, International IDEA, 29 April 2022, <https://constitutionnet.org/news/out-time-full-enthusiasm-assessing-progress-and-hurdles-south-sudans-constitution-making>, accessed 26 April 2023

Akech, J. G. and Geng P. G., ‘How will the “permanent” constitution be adopted?’, *Weekly Review—Know Your Constitution*, The Sudd Institute, 20 February 2023,<https://suddinstitute.org/publications/show/63f6e8e0ca1dc>, accessed 26 April 2023

Al-Ali, Z., ‘The Constitutional Court’s mark on Egypt’s elections’, The Middle East Channel, Foreign Policy, 6 June 2013, <https://foreignpolicy.com/2013/06/06/the-constitutional-courts-mark-on-egypts-elections>, accessed 26 April 2023

—, ‘Libya’s final draft constitution: A contextual analysis (version 2)’, International IDEA, December 2020, <https://constitutionnet.org/sites/default/files/2020-12/Libya%20analysis%20-%20Zaid%20Al-Ali%20%28December%202020%29%20%28English%29.pdf>, accessed 26 April 2023

—, ‘Constitution-building and peacebuilding in the Middle East and North Africa region in 2020’, in K. Zulueta-Fülscher and E. C. Houlihan (eds), *Annual Review of Constitution-Building: 2020* (Stockholm: International IDEA, 2021), <https://doi.org/10.31752/idea.2021.102>

Al-bakri Nyei, I., ‘Liberia’s constitutional future: Religious and centralized?’, Voices from the Field, ConstitutionNet, International IDEA, 12 May 2016, <https://constitutionnet.org/news/liberias-constitutional-future-religious-and-centralized>, accessed 26 April 2023

Arato, A., ‘Redeeming the still redeemable: Post sovereign constitution making’, *International Journal of Politics, Culture, and Society*, 22/4 (2009), pp. 427–43, <https://doi.org/10.1007/s10767-009-9070-z>

Bell, C. and Ainsworth, R., *Constitution-building and Disruption: Addressing Changing Conflict Patterns*, Eighth Edinburgh Dialogue on Post-conflict Constitution-Building Report (Stockholm: International IDEA, 2022), <https://doi.org/10.31752/idea.2022.50>

Bell, C. and Zulueta-Fülscher, K., *Sequencing Peace Agreements and Constitutions in the Political Settlement Process*, International IDEA Policy Paper No. 13 (Stockholm: International IDEA, 2016), <https://www.idea.int/publications/catalogue/sequencing-peace-agreements-and-constitutions-political-settlement-process>, accessed 26 April 2023

Bisarya, S. and Noel, T., *Constitutional Negotiations: Dynamics, Deadlocks and Solutions,* International IDEA Constitution Brief (Stockholm: International IDEA, 2021), <https://doi.org/10.31752/idea.2021.42>

Böckenförde, M., *Constitutional Amendment Procedures*, International IDEA Constitution-building Primer 10 (Stockholm: International IDEA, 2017), <https://www.idea.int/publications/catalogue/constitutional-amendment-procedures>, accessed 26 April 2023

Boucher, A., 'Guinea at a crossroads', *Africa Center for Strategic Studies*, 15 August 2019, <https://africacenter.org/spotlight/guinea-at-a-crossroads>, accessed 5 April 2023

Brandt, M., Cottrell, J., Ghai, Y. and Regan, A., *Constitution-making and Reform: Options for the Process* (Switzerland: Interpeace, 2011), <https://www.interpeace.org/resource/constitution-making-and-reform-options-for-the-process-2>, accessed 26 April 2023

Brown, N. J., 'Reason, interest, rationality, and passion in constitution drafting', *Perspectives on Politics*, 6/4 (2008), pp. 675–89, <https://doi.org/10.1017/S1537592708081851>

—, 'Egypt's failed transition', *Journal of Democracy*, 24/4 (2013), pp. 45–58, <https://doi.org/10.1353/jod.2013.0064>

Carothers, T. and Samet-Marram, O., *The New Global Marketplace of Political Change* (Washington, DC: Carnegie Endowment for International Peace, 2015), <https://carnegieendowment.org/files/globalmarketplace.pdf>, accessed 26 April 2023

Carter Center, *The Constitution-making Process in Tunisia 2011–2014: Final Report* (Atlanta, GA: The Carter Center, 2014), <https://www.cartercenter.org/resources/pdfs/news/peacepublications/democracy/tunisia-constitution-making-process.pdf>, accessed 12 April 2023

de Waal, A., 'Somalia's disassembled state: Clan unit formation and the political marketplace', *Conflict, Security & Development*, 20/5 (2020), pp. 561–85, <https://doi.org/10.1080/14678802.2020.1820160>

Dev, J., 'Nepal's constitutional development and the challenges of constitution making', in T. Ginsburg and S. Bisarya (eds), *Constitution Makers on Constitution Making: New Cases* (Cambridge University Press, 2022), <https://doi.org/10.1017/9781108909594.006>

Dixon, R. and Ginsburg, T., 'Deciding not to decide: Deferral in constitutional design', *International Journal of Constitutional Law,* 9/3–4 (2011), pp. 636–72, <https://doi.org/10.1093/icon/mor041>

Dorney, S., 'A controversial path to Fiji's new constitution', Australia Network News, 8 February 2013, <https://www.abc.net.au/news/2013-02-08/an-fiji-constitution-background/4508266>, accessed 26 April 2023

Edrisinha, R., 'Debating federalism in Sri Lanka and Nepal', in M. Tushnet and M. Khosla (eds), *Unstable Constitutionalism: Law and Politics in South Asia* (Cambridge University Press, 2015), pp. 291–319, <https://doi.org/10.1017/CBO9781107706446.010>

—, 'Challenges of post peace agreement constitution making: Some lessons from Nepal', *Journal of Human Rights Practice*, 9/3 (2017), pp. 436–46, <https://doi.org/10.1093/jhuman/hux031>

Elmi, A., *On Reviewing Somalia's Provisional Constitution: Background, Challenges, and Future Prospects* (Heritage Institute, 2022)

Elster, J., 'Forces and mechanisms in the constitution-making process', *Duke Law Journal,* 45/2 (1995) pp. 364–96, <https://doi.org/10.2307/1372906>

Ghimire, B., 'Constitution amendment bill fails in parliament', *The Kathmandu Post*, 22 August 2017, <https://kathmandupost.com/valley/2017/08/22/constitution-amendment-bill-fails-in-parliament>, accessed 26 April 2023

Ginsburg, T. and Bisarya, S., 'Introduction: Constitution makers and constitution making', in T. Ginsburg and S. Bisarya (eds), *Constitution Makers on Constitution Making: New Cases* (Cambridge University Press, 2022), <https://doi.org/10.1017/9781108909594>

Gluck, J. and Bisarya, S., 'Federal constitution-making processes and the stable cessation of conflict', in A. Griffiths, R. Chattopadhyay, J. Light and C. Stieren (eds), *The Forum of Federations Handbook of Federal Countries 2020* (Cham: Springer International Publishing, 2020), <https://doi.org/10.1007/978-3-030-42088-828>

Halim, A., 'Tanzania: What's really behind CCM's refusal to change the constitution?', The Africa Report, 22 July 2021, <https://www.theafricareport.com/109246/tanzania-whats-really-behind-ccms-refusal-to-change-the-constitution>, accessed 26 April 2023

Horowitz, D. L., *Constitutional Processes and Democratic Commitment* (Yale University Press, 2021), <https://doi.org/10.12987/yale/9780300254365.001.0001>

Houlihan, E. C. and Bisarya, S., *Practical Considerations for Public Participation in Constitution-Building: What, When, How and Why?*, International IDEA Policy Paper No. 24 (Stockholm: International IDEA, 2021), <https://doi.org/10.31752/idea.2021.63>

Htut, Y., *Myanmar Political Transition and Lost Opportunities* (Singapore: ISEAS, 2019), <https://doi.org/10.1355/9789814843584>

Inbal, A. and Lerner, H., 'Constitutional design, identity and legitimacy in post-conflict reconstruction', in D. W. Brinkerhoff (ed.), *Governance in Post-Conflict Societies: Rebuilding Fragile States* (London: Routledge, 2007)

International Crisis Group (ICG), 'Russia and the Separatists in Eastern Ukraine', Crisis Group Europe and Central Asia Briefing No. 79, 5 February 2016a, <https://www.crisisgroup.org/europe-central-asia/eastern-europe/ukraine/russia-and-separatists-eastern-ukraine>, accessed 26 April 2023

—, 'Nepal's Divisive New Constitution: An Existential Crisis', Asia Report No. 276, 4 April 2016b, <https://www.crisisgroup.org/asia/south-asia/nepal/nepal%E2%80%99s-divisive-new-constitution-existential-crisis>, accessed 26 April 2023

—, ‘The Philippines: Militancy and the New Bangsamoro’, Asia Report No. 301, 27 June 2019, <https://icg-prod.s3.amazonaws.com/301-the-new-bangsamoro.pdf>, accessed 1 May 2023

—, ‘Libya Turns the Page’, Middle East and North Africa Report No. 222, 21 May 2021, <https://www.crisisgroup.org/middle-east-north-africa/north-africa/libya/222-libya-turns-page>, accessed 26 April 2023

—, ‘Steering Libya Past Another Perilous Crossroads’, Crisis Group Middle East and North Africa Briefing No. 85, 18 March 2022, <https://www.crisisgroup.org/middle-east-north-africa/north-africa/libya/steering-libya-past-another-perilous-crossroads>, accessed 26 April 2023

International IDEA, *Nepal’s Constitution Building Process: 2006–2015—Progress, Challenges, and Contributions of International Community* (Stockholm: International IDEA, 2015), <https://www.idea.int/publications/catalogue/nepals-constitution-building-process-2006-2015>, accessed 26 April 2023

—, ‘Constitutional history of Somalia’, ConstitutionNet, August 2018, <https://constitutionnet.org/country/somalia>, accessed 26 April 2023

—, Database on Constitution-Building Processes in Conflict-Affected States, ConstitutionNet, [n.d.], <http://pccbp.constitutionnet.org>, accessed 26 April 2023

Jarábik, B. and Yesmukhanova, Y., ‘Ukraine’s slow struggle for decentralization’, Carnegie Endowment for International Peace, 8 March 2017, <https://carnegieendowment.org/2017/03/08/ukraine-s-slow-struggle-for-decentralization-pub-68219>, accessed 26 April 2023

Kandil, A. M., ‘Timeline: 2013 revolution remodeling Egypt’s future’, *Egypt Today*, 29 June 2020, <https://www.egypttoday.com/Article/1/89104/Timeline-2013-Revolution-remodeling-Egypt%E2%80%99s-future>, accessed 26 April 2023

Kant, R., ‘Constitution-making and Transition to Democracy in Fiji’, Conference Proceedings, 2014, unpublished, <http://repository.usp.ac.fj/7705>, accessed 26 April 2023

Karki, B. and Edrisinha, R. (eds), *Participatory Constitution Making in Nepal. Issues of Process and Substance* (Nepal: United Nations Development Programme Nepal, 2014), <https://www.undp.org/sites/g/files/zskgke326/files/migration/np/UNDP_NP-participatory-constitution-making-in-nepal.pdf>, accessed 2 May 2023

Khanal, K., ‘Federal discourse’, in D. Thapa and A. Ramsbotham (eds), ‘Two steps forward, one step back: The Nepal peace process’, *Accord,* 26 (2017), pp. 75–79, <https://peacerep.org/publication/two-steps-forward-one-step-back-the-nepal-peace-process>, accessed 26 April 2023

Lackner, H., *Yemen’s ‘Peaceful’ Transition from Autocracy: Could It Have Succeeded?* (Stockholm: International IDEA, 2016), <https://www.idea.int/publications/catalogue/yemens-peaceful-transition-autocracy-could-it-have-succeeded>, accessed 26 April 2023

Larrain, G., Negretto, G. and Voigt, S., 'How not to write a constitution: Lessons from Chile', *Public Choice*, 194 (2023), pp. 233–47, <https://doi.org/10.1007/s11127-023-01046-z>

Lerner, H., 'Constitution-writing in deeply divided societies: The incrementalist approach', *Nations and Nationalism*, 16/1 (2010), pp. 68–88, <https://doi.org/10.1111/j.1469-8129.2010.00435.x>

Libya, Republic of, Constitutional Declaration of 2011, DCAF Libya, [n.d.], <https://security-legislation.ly/en/law/32001>, accessed 2 May 2022

Maoulidi, S., 'The UKAWA boycott and Tanzania's constitutional impasse', Voices from the Field, ConstitutionNet, International IDEA, 29 August 2014, <https://constitutionnet.org/news/ukawa-boycott-and-tanzanias-constitutional-impasse>, accessed 26 April 2023

Masabo, J. and Wanitzek, U., 'Constitutional reform in Tanzania: Developing process and preliminary results', *Law and Politics in Africa, Asia and Latin America,* 48/3 (2015), pp. 329–68, <https://doi.org/10.5771/0506-7286-2015-3-329>

Max Planck Foundation, *Lessons Learned from the Review and Implementation Process of the Federal Provisional Constitution of Somalia: 2017–2021* (Heidelberg: Max Planck Foundation for International Peace and the Rule of Law Legal Capacity Building and Technical Support for the Somali Federal Parliament, 2022)

McDowall, A., 'Analysis: Libya's festering crisis risks slide back to war', Reuters, 17 November 2022, <https://www.reuters.com/world/africa/libyas-festering-crisis-risks-slide-back-war-2022-11-17>, accessed 26 April 2023

Minsk II, 'Package of measures for the implementation of the Minsk agreements', 12 February 2015, <https://peacemaker.un.org/sites/peacemaker.un.org/files/UA_150212MinskAgreementen.pdf>, accessed 26 April 2023

Murray, C., 'A constitutional beginning: Making South Africa's final constitution', *University of Arkansas at Little Rock Law Review*, 23/3 (2001), pp. 809–38, <https://lawrepository.ualr.edu/cgi/viewcontent.cgi?referer=&httpsredir=1&article=1383&context=lawreview>, accessed 26 April 2023

—, 'Kenya's 2010 Constitution', *Neue Folge Band Jahrbuch des offentlichen Rechts*, 61 (2013), pp. 747–88, <https://doi.org/10.1628/joer-2013-0028>

Nabaneh, S., 'Attempts at constitutional reform in The Gambia: Whither the draft constitution?', IACL-AIDC Blog, 29 September 2020, <https://blog-iacl-aidc.org/2020-posts/2020/9/29/attempts-at-constitutional`1-reform-in-the-gambia-whither-the-draft-constitution>, accessed 26 April 2023

Oversight Committee (OC) and Independent Constitutional Review and Implementation Commission (ICRIC), *(10th Parliament) Second Phase Report on the Constitutional Review Process* (2021), unpublished

Ozcelik, A. and Olcay, T., '(Un)constitutional change rooted in peace agreements', *International Journal of Constitutional Law*, 18/4 (2020), pp. 1373–404, <https://doi.org/10.1093/icon/moaa090>

Palik, J., Obermeier, A. M. and Rustad, S. A., 'Conflict Trends: A Global Overview 1946– 2021', PRIO Paper, 2022, <https://www.prio.org/publications/13178>, accessed 26 April 2023

Perfect, D., 'Making constitutions in The Gambia', in S. Nabaneh, A. Abebe and G. Sowe, *The Gambia in Transition: Towards a New Constitutional Order* (Pretoria: Pretoria University Law Press, 2022), pp. 7–44

Polepole, H., 'Making the new constitution for Tanzania: Challenges and opportunities', *Civics and General Studies*, 12 (2014), <http://hpolepole.blogspot.com/2015/03/making-new-constitution-for-tanzania.html>, accessed 26 April 2023

Reuters, 'Tanzania postpones referendum on constitution', 3 April 2015, <https://www.reuters.com/article/ozatp-uk-tanzania-politics-idAFKBN0MU0F220150403>, accessed 26 April 2023

—, 'Gambia MPs reject retroactive bill curbing term limits as unlawful', 24 September 2020, <https://www.reuters.com/article/ozatp-uk-gambia-politics-idAFKCN26F1C0-OZATP>, accessed 26 April 2023

Saati, A., 'Participatory constitution-building in Fiji: A comparison of the 1993–1997 and the 2012–2013 processes', *International Journal of Constitutional Law*, 18/1 (2020), pp. 260–76, <https://doi.org/10.1093/icon/moaa001>

Samuels, K., 'An opportunity for peacebuilding dialogue? Somalia's constitution-making process', *Accord*, 21 (2010), <https://www.c-r.org/accord/somalia/opportunity-peacebuilding-dialogue-somalias-constitution-making-process>, accessed 26 April 2023

Schmidt, J. A., 'Vision 2016 in autumn 2015: What can still be achieved in the Somali peace- and state-building process?', Voices from the Field, ConstitutionNet, International IDEA, 30 October 2015, <https://constitutionnet.org/news/vision-2016-autumn-2015-what-can-still-be-achieved-somali-peace-and-state-building-process>, accessed 26 April 2023

Somalia, Republic of, The Transitional Federal Charter of the Somali Republic, February 2004, <https://www.ilo.org/dyn/travail/docs/2177/Transitional%20Federal%20charter-feb%202004-English.pdf>, accessed 2 May 2023

Sudan Tribune, 'Sudan's legislature endorses constitutional amendments on freedoms', 24 April 2017, <https://sudantribune.com/article60475>, accessed 26 April 2023

United Nations Mission in South Sudan (UNMISS), 'Statement by Nicholas Haysom, Special Representative of the Secretary-General and Head of UNMISS, to the United Nations Security Council', 6 March 2023, <https://unmiss.unmissions.org/statement-nicholas-haysom-special-representative-secretary-general-and-head-unmiss-united-nations>, accessed 26 April 2023

Zulueta-Fülscher, K. and Noël, T., 'The 2021 coup pandemic: Post-coup transitions and international responses', in S. Bisarya (ed.), *Annual Review of Constitution Building: 2021* (Stockholm: International IDEA, 2022), pp. 74-102, <https://doi.org/10.31752/idea.2022.36>

# စာရေးသူအကြောင်း

**Kimana Zulueta-Fülscher** သည် International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်းလုပ်ငန်း အစီအစဉ်တွင် တာဝန်ထမ်းဆောင်နေသော အကြီးတန်းအစီအစဉ်အရာရှိဖြစ်သည်။ ဤမတိုင်မီက အဆိုပါလုပ်ငန်းအစီအစဉ်၏ အကြီးတန်းမန်နေဂျာ အထူးခွင့်ယူနေစဉ်ချိန်တွင် အစီအစဉ်၏ ယာယီအကြီးအကဲအနေဖြင့် ၂၀၂၀ မှ ၂၀၂၁ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၊ ရန်ကုန်ရုံးတွင်လည်း MyConstitution အစီအစဉ်၏ အကြီးအကဲအဖြစ် ၂၀၁၈ မှ ၂၀၂၀ ခုနှစ်အထိ လုပ်ကိုင်ခဲ့ပါသည်။ International IDEA တွင် တာဝန်မထမ်းဆောင်ခင်ချိန်က ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေးအင်စတီကျု (ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေးဆိုင်ရာဂျာမန်အင်စတီကျု ဟု ယခု ပြောင်းလဲခေါ်ဆို) တွင် အကြီးတန်း သုတေသီတစ်ယောက်ဖြစ်ပြီး ထိလွယ်ရှလွယ်သော အခြေအနေရှိ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်အကြောင်းများနှင့် စပ်လျဉ်းပြီး စာတမ်းပြုစုရေးသားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ Kimana သည် နိုင်ငံရေးသိပ္ပံနှင့် နိုင်ငံတကာဆက်ဆံရေး ပါရဂူဘွဲ့ကို စပိန်နိုင်ငံရှိ Universidad Autónoma de Madrid မှ ရရှိထားပါသည်။

# မိတ်ဖက်များအကြောင်း

## International IDEA

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် လူသားအားလုံး၏မျှော်မှန်းချက်တစ်ရပ်ဖြစ်ကာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို ဆောင်ကျဉ်းပေးနိုင်သည့် ဒီမိုကရေစီစနစ် ကမ္ဘာတစ်ဝန်း၌ တိုးတက်ထွန်းကားရေးကို အဖွဲ့၏လုပ်ငန်းတာဝန်အဖြစ်ခံယူကာ အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့အနေဖြင့် ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံရေးအင်စတီကျူးရှင်းအဆင့်အားလုံးနှင့် လုပ်ငန်းစဉ်အဆင့်အားလုံးကို တည်ဆောက်၊ ခိုင်မာအားကောင်းစေပြီး အကာအကွယ်ပေးရန် ပံ့ပိုးထောက်ကူခြင်းဖြင့် ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီနည်းကျ လုပ်ငန်းစဉ်များ၊ လုပ်ရှားဆောင်ရွက်သူများနှင့် အင်စတီကျူးရှင်းများသည် လူတိုင်းအကျုံးဝင်ကာ တာဝန်ခံမှုရှိစေပြီး လူတိုင်းအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်စေမည့် ကမ္ဘာကြီးကို ဖန်တီးရန်ဖြစ်သည်။

### ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များ

ကျွန်ုပ်တို့သည် အဓိကသက်ရောက်မှုနယ်ပယ်ကြီးသုံးရပ်ကို အဓိကထား၍ လုပ်ဆောင်ပါသည်။ ၎င်းတို့မှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံရေး၌ ပါဝင်ဆောင်ရွက်၊ ကိုယ်စားပြုမှုတို့ဖြစ်ကြသည်။ ဂျန်ဒါနှင့် လူတိုင်းအကျုံးဝင်မှု၊ ပဋိပက္ခများကို သတိပြုနားလည်မှု၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကိုမူ ကျွန်ုပ်တို့၏လုပ်ငန်းနယ်ပယ်အားလုံးတွင် အလေးပေးထည့်သွင်းဆောင်ရွက်လျက်ရှိပါသည်။

International IDEA သည် ကမ္ဘာအနှံ့အပြားနှင့် ဒေသတွင်းရှိ ဒီမိုကရေစီနည်းကျ ဆောင်ရွက်မှုလမ်းကြောင်းများကို စိတ်ဖြာလေ့လာမှုများပြုလုပ်ပြီး ဒီမိုကရေစီနည်းကျ အလေ့အထများနှင့် စပ်လျဉ်း၍ နှိုင်းယှဉ်လေ့လာနိုင်သော အသိပညာများကိုပံ့ပိုးပေးသည်။ ဒီမိုကရေစီနည်းကျ လုပ်ငန်းစဉ်များတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာ၌ ပါဝင်သည့်လှုပ်ရှားဆောင်ရွက်သူများအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များပေးခြင်းနှင့် စွမ်းရည်တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ထို့ပြင် ဒီမိုကရေစီ၊ ဒီမိုကရေစီတည်ဆောက်ရေးတို့နှင့် စပ်လျဉ်းသည့် အများပြည်သူဆိုင်ရာငြင်းခုံဆွေးနွေးမှုပြဿနာများအတွက် နှီးနှောဆွေးနွေးပွဲများကိုလည်း စီစဉ်ကျင်းပပေးပါသည်။

### ကျွန်ုပ်တို့လုပ်ငန်းတည်ရှိရာနေရာ

ကျွန်ုပ်တို့၏ ရုံးချုပ်များသည် စတော့ဟုမ်းမြို့တွင် တည်ရှိပြီး အာဖရိက၊ အာရှနှင့် ပစိဖိတ်၊ ဥရောပ၊ လက်တင်အမေရိကနှင့် ကာရေဘီးယန်းဒေသများတွင်လည်း ဒေသဆိုင်ရာနှင့် နိုင်ငံဆိုင်ရာရုံးများ ရှိပါသည်။ International IDEA သည် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းစောင့်ကြည့်လေ့လာသူဖြစ်ပြီး ၎င်းကို ဥရောပသမဂ္ဂအဖွဲ့အစည်းများက တရားဝင်အသိအမှတ်ပြုထားသည်။

<https://www.idea.int>

## PeaceRep

PeaceRep သည် Edinburgh Law School တွင် အခြေစိုက်သည့် သုတေသနအဖွဲ့များပေါင်းစုထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ ဆောင်ရွက်သည့် သုတေသနမှာ ပြောင်းလဲနေသော ပဋိပက္ခဆိုင်ရာ အတွန်းအရွေ့များ၊ ပြောင်းလဲနေသော လူတိုင်းအကျုံးဝင်ရေး လိုအပ်ချက်များနှင့် ပဋိပက္ခ/ဖျန်ဖြေမှု/ အသွင်ကူးပြောင်းမှု စီမံခန့်ခွဲရေး လုပ်ငန်းစဥ်များ၌ ကမ္ဘာတစ်ဝန်း ကြားဝင်ကူညီမှုပုံစံ အပြောင်းအလဲများအရ ငြိမ်းချမ်းရေးနှင့် အသွင်ကူးပြောင်းရေး လုပ်ငန်းစဥ်များကို ပြန်လည်သုံးသပ်ခြင်းပင်ဖြစ်သည်။ PeaceRep ကို Foreign, Commonwealth & Development Office (FCDO), UK မှ ပံ့ပိုးပေးထားပါသည်။

ဝက်ဘ်ဆိုက် - <https;://PeaceRep.org>
အီးမေးလ် - peacerep@ed.ac.uk
တွစ်တာ - @Peace_Rep_

School of Law
University of Edinburgh
Old College
South Bridge, EH8 9YL
United Kingdom

## The Edinburgh Centre for Constitutional Law

Edinburgh ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စင်တာ (ECCL) သည် စကော့တလန်နိုင်ငံနှင့် ယူကေနိုင်ငံ ပြည်သူ့ရေးရာဥပဒေ၊ ဓနသဟာယနှင့် နှိုင်းယှဉ်လေ့လာနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လူ့အခွင့်အရေးဥပဒေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဥပဒေ၊ ဒီမိုကရေစီစနစ်သို့ပြောင်းလဲရေးနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေဝါဒနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသီအိုရီ အစရှိသည့် နယ်ပယ်အားလုံးတွင် ဆောင်ရွက်နေကြသည့်ဝန်ထမ်းများနှင့် ဘွဲ့ရသုတေသန ကျောင်းသားများအတွက် ဆုံမှတ်ရပ်ဝန်းတစ်ခုအနေဖြင့် တည်ရှိပါသည်။ ကျွန်ုပ်တို့အဖွဲ့ဝင်များသည် အဆိုပါနယ်ပယ်အားလုံးတွင် သုတေသနနှင့် သင်ကြားမှုများ ပြုလုပ်သည့်အပြင် ယူကေနိုင်ငံနှင့် အခြားနိုင်ငံများရှိ ပညာသင်ကြားရေး အဝန်းအဝိုင်းပြင်ပမှ အင်စတီကျူးရှင်းများအတွက်လည်း ကျွမ်းကျင်မှုများ ပံ့ပိုးပေးသည်။

ဝက်ဘ်ဆိုက် - <https://www.law.ed.ac.uk/research/research-centres-and-networks/edinburgh-centre-constitutional-law>

အီးမေးလ် - law@ed.ac.uk

တွစ်တာ - @UoELawSchool

School of Law
University of Edinburgh
Old College
South Bridge, EH8 9YL
United Kingdom

**International IDEA**
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်- +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းသည် ထိလွယ်ရှလွယ် အခြေအနေများအတွင်းနှင့် ပဋိပက္ခအပြီး နိုင်ငံရေးဖြေရှင်းချက်အသစ်တစ်ခု ရရှိရေးတွင် အဓိကကျသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ သို့သော် လုပ်ငန်းစဉ်၌ ပါဝင်သူများက အခြေခံဥပဒေအသစ်တစ်ခုနှင့်ပတ်သက်၍ သဘောမတူနိုင်ခြင်း သို့မဟုတ် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ခွင့်မပြု သို့မဟုတ် အတည်မပြုခြင်းတို့ကြောင့် အခါအားလျော်စွာ မအောင်မမြင်ဖြစ်တတ်သည်။ မအောင်မြင်ခြင်းက ယာယီသာဖြစ်နိုင်ပြီး လုပ်ငန်းစဉ်ကို ကာလတစ်ခုပြီးသည့်နောက် ပြန်လည်စတင်နိုင်စေကာမူ ကုန်ကျစရိတ်မှာ ကြီးမားနိုင်ပါသည်။ အဓိကကျသော ပြုပြင်ပြောင်းလဲမှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် သို့မဟုတ် ပြင်ဆင်တည်းဖြတ်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုအား လက်ခံအတည်ပြုခြင်းအပေါ်၌ မူတည်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိပါက စေ့စပ်ဆွေးနွေးမှုများပြုရာတွင် ကြန့်ကြာမှု ဖြစ်စေနိုင်ပြီး ပဋိပက္ခကို ပြန်လည်ပေါ်ပေါက်စေနိုင်ပါသည်။

ဤစာတမ်းတွင် ကျရှုံးခြင်းအတွက်ဖြစ်နိုင်ခြေရှိသော အကြောင်းတရားများနှင့် ကျရှုံးခြင်းကို တားဆီးရန်(သို့မဟုတ်) ၎င်းအားအခြေခံ၍ ဆက်လက်အကောင်အထည်ဖော်ရန် နည်းလမ်းများအကြောင်းကို ဆွေးနွေးထားပါသည်။ ဤစာတမ်းကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလက ကျင်းပခဲ့သော " ပဋိပက္ခလွန်ကာလ အခြေခံဥပဒေရေးဆွဲခြင်းဆိုင်ရာ နဝမအကြိမ် အီဒင်ဘာ့ဂ် ဆွေးနွေးပွဲ (Ninth Edinburgh Dialogue on Post-Conflict Constitution- Building) ပေါ်အခြေခံ၍ ရေးသားပြုစုထားပါသည်။

ISBN: 978-91-7671-670-0 (PDF)
DOI: <https://doi.org/10.31752/idea.2023.56>